www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com

၈၉၅.၈၃
တြိစကြ
မာယာကကြီး၊ အငြိမ်းဝတ်ပါ/ တြိစကြ။ -ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၆။
၂၄၀-စာ၊ ၁၂.၅x၁၈.၃ စင်တီ။
(၁) တြိစကြ

ဖြန့်ချီရေး အောင်မြင်စာပေ၊ ၂၀၁၆ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။



# တြိစကြ (၁)



www.burmeseclassic.com

www.burmeseclassic.com



- ရန်သူကို အလွယ်တကူ တွေ့မြင်နိုင်သည်။
  မိတ်ဆွေအတုအယောင်ကိုတော့
  သိနိုင်ဖို့မလွယ်လှပေ။
  ရန်သူက အကြောင်းတိုက်ဆိုင်မှ ရန်မူသော်လည်း
  မိတ်ဆွေတု မိတ်ဆွေယောင်ကတော့
  အချိန်မရွေး အန္တရာယ် ပေးနိုင်သည်။

- လူတစ်ယောက်ရဲ့ကြိုးစားမှုကို
  အောင်မြင်နေတဲ့အချိန်မှာ လေ့လာပါ။
  လူတစ်ယောက်ရဲ့ရင့်ကျက်မှုကိုတော့
  နိမ့်ပါးသွားတဲ့အခါမှာ ကြည့်နိုင်ပါသည်။

- ပေးချင်သလောက် ပေးနိုင်ပြီး
  ပေးတိုင်းလည်း မကုန်ခမ်းတဲ့အရာဟာ
  မေတ္တာတရားပဲ ဖြစ်ပါတယ်။



- ကိုယ်လိုချင်တဲ့ အချစ်ကိုရရင်
  အောင်မြင်တယ်လို့ ခေါ်နိုင်ပါတယ်၊
  ဒါပေမယ့် ရတဲ့အချစ်ကို နှစ်သက်နိုင်မှသာ
  ပျော်ရွှင်ခြင်းကို ထပ်ရမှာ ဖြစ်ပါတယ်။

- ဆုံးရှုံးမှုများကို ပြန်လည်သုံးသပ်ခြင်းသည်
  တန်ဖိုးရှိသော တွေးခေါ်မှုဖြစ်သည်။
  မဖြစ်ပျက်မီ
  ဆင်ခြင်သုံးသပ်နိုင်ခြင်းကသာ
  တန်ဖိုးမဖြတ်နိုင်သော တွေးခေါ်မှု ဖြစ်စေသည်။

- သင် ပစ်လွှတ်သော မြားသည်
  နေအထိ မရောက်နိုင်စေကာမူ
  နေရောင်ခြည်ကိုတော့
  ထိုးဖောက်သွားပါလိမ့်မည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

- လက်ထဲမှာကိုင်ထားသော ဒိုင်းတ
မားချက်ကိုသာ အကာအကွယ် ပေးနိုင်သည်။
ဆုံးဖြတ်ချက် မှန်ကန်ခြင်းကသာ
အသက်ကို စောင့်ရှောက်ပေးလေသည်။

- ငွေမရှိလျှင်တော့
တွေးတောပူပန်တတ်ကြသည်။
အတွေးအခေါ် မရှိခြင်းကိုတော့
သတိမေ့နေတတ်ကြသည်။

- လူသည် မွေးဖွားစဉ် အပြစ်ကင်းစဉ်က
ငိုပြတတ်ကြသည်။
အရွယ်ရောက်၍ အပြစ်များလာသောအခါ
ပြုံးရယ်ပြတတ်ကြသည်။

## ဒဿနလက်ဆောင်

- ခံနိုင်ရည်ရှိသော ပေသည်
ဘယ်တော့မှ ပွန်းပဲ့မသွားပေ။
ထုပါများတော့ တူကသာ
မကြာခဏ အရိုးကျိုးလေ့ ရှိကြသည်။

- အချစ်တစ်ခုတည်းသာ ရှိသောအခါ
စဉ်းစားတွေးခေါ်မှု များစွာ ထားကြရသည်။
အချစ်များလာသော အခါမှာတော့
အတွေးအခေါ်တို့လည်း
တဖြည်းဖြည်း နည်းပါးသွားကြလေ၏။

- ချောမောလှပမှုကြောင့် လူအများက ခယကြရသည်။
ရွှေငွေနှင့် တွေ့သောအခါမှာတော့
ချောမောလှပခြင်းကပင်
ဝပ်စင်းပေးရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | အာယာတထူးနှင့်အနင်းခံပန်းကလေးများ |
| အခန်း(၂) | ဆောင်တော်ကူးကဝေနှင့်တွေ့ခဲ့ရသူ |
| အခန်း(၃) | မျက်နှာဖုံးနှစ်ထပ်နှင့်မိန်းကလေး |
| အခန်း(၄) | ဂမ္ဘသေယျနတ်ဆိုး |
| အခန်း(၅) | ပဟေဠိဆန်သောမိန်းကလေး |
| အခန်း(၆) | နန်းကျဒေဝီတစ်ပါး၏အာယာတတရား |
| အခန်း(၇) | ဆောင်တော်ကူးကဝေနောက်ခြေရာကောက်သူ |
| အခန်း(၈) | နတ်တစ်ထောင်ဂူသို့ရောက်ကြခြင်း |
| အခန်း(၉) | မာယာထောင်ချောက်သို့ကျရောက်ခြင်း |
| အခန်း(၁၀) | စုန်းကဝေတို့အကြောင်းသိကောင်းစရာ |
| အခန်း(၁၁) | ကဝေကြိုးဆက်ရှိသောသူ |
| အခန်း(၁၂) | ဘဝဆက်ကြောင့်အကူအညီပေးရမည့်သူ |
| အခန်း(၁၃) | ငယ်ကချစ်တော့အပြစ်ဟူသမျှကြေပါပြီ |
| အခန်း(၁၄) | နတ်တစ်ထောင်ဂူမှအဖြစ်ဆိုး |
| အခန်း(၁၅) | ချစ်ခြင်းရန့်တို့သင်းပျံ့ဝေ |
| အခန်း(၁၆) | အချစ်ကြိုးကဝေချစ်သက်သေ |




# အခန်း ( ၁ )

# အာယာတဆူးနှင့် အနင်းခံပန်းများ

တစ်နေ့သ၌ ကျွန်ုပ်သည် ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ ဖြစ်ခဲ့သောအကြောင်းအရာတစ်ခုကို အခြေခံကာ ဝတ္ထုရှည်တစ်ပုဒ် ရေးသားရန် စိတ်ကူးရှိသောကြောင့် သက်ဆိုင်ရာ အချက်အလက်များရစေရန် စာအုပ်စာတမ်း၊ မှတ်တမ်းအတော်များများကို ရှာဖွေဖတ်ရှု ရလေသည်။

မှတ်တမ်းများကတော့ အမျိုးမျိုးရှိကြသည်။ အချို့



www.burmeseclassic.com

www.burmeseclassic.com



က သင့်တင့်သလောက်သာရေးသည်။ အချို့ကတော့ မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး ချဲ့ကားမြှောက်ပင့်ရေးကြသည်။ အချို့ကတော့ အမှန်တရားရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် ရေးသားကြသည်။

ဘုရင်မကောင်း ဘုရင့်အကြောင်းရေးသည်။ မိဖုရားမကောင်း မိဖုရားအကြောင်းရေးသည်။ သို့သော် ထိုမှတ်တမ်းများကို လျှို့ဝှက်ထားကြပြီး ကိုလိုနီနယ်ချဲ့ခေတ် ရောက်တော့မှ ပေါ်လာခြင်း ဖြစ်သည်။ မှတ်တမ်းများကို လေ့လာကြည့်သောအခါ မြန်မာနိုင်ငံသည် ဘုရင်အတော်များခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ကြောင်း အရင်တွေ့ရသည်။ နောက်မှ ထိုဘုရင်များနှင့် ပတ်သက်သော ဘုန်းတော်ဘွဲ့ ဇာတ်လမ်းများ တွေ့ရသည်။

ဟုတ်တာတွေလည်းပါသည်။ မဟုတ်တာအတော်များများလည်း ပါဝင်ကြသည်။ ဘုရင်တွေကို လေ့လာကြည့်တော့လည်း ဘုရင့်နောင်၊ အလောင်းဘုရား၊ အနော်ရထာ၊ ကျန်စစ်သားအစရှိသော နန်းသက်ရှည်ပြီး တိုင်းပြည်ကိုအကျိုးပြုခဲ့သော ဘုရင်များပါသလို၊ လှေထိုးလိုက်ရင်း၊ ထင်းခုတ်ရင်း၊ တောင်ယာစိုက်ရင်းမှ ကံကောင်းထောက်မသဖြင့် ဘုရင်ဖြစ်ကြသူတွေလည်း ပါဝင်သည်။ အချို့ ခုနစ်ရက်လောက်သာ ဘုရင်ဘဝဖြင့် နေကြရသည်။

အချို့လည်း နှစ်ပေါင်းများစွာ ထီးနန်းစိုးစံရသူတွေလည်းရှိကြသည်။ အရေအတွက်များပြားလှသော ဘုရင်များ





အုပ်စိုးသောခေတ်တွင် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ခဲ့သောမင်း၊ သာသနာအကျိုး သယ်ပိုးဆောင်ရွက်ခဲ့သောမင်းကောင်းမင်းမြတ်တို့လည်း ပါဝင်ကြသည်။ သို့သော်အရေအတွက် အနည်းငယ်လောက်သာ ရှိသည်။ စေတီတစ်ဆူ၊ ဘုရားတစ်ဆူလောက်တည်ပြီး ဘုရားဒါယကာအဖြစ်ခံယူကာ မဟုတ်တာလုပ်ခဲ့သော မင်းအရေအတွက်က အတော်ပင်များခဲ့ပေသည်။

ပဒေသရာဇ်ခေတ် ကာလတလျှောက်လုံး တွေ့ရသော အချက်များတွင် ခြေထိုးကုန်းချောသဖြင့် အသက်သေဆုံးရခြင်းများ၊ မိန်းမတို့ကို အလိုတူသည်ဖြစ်စေ၊ အလိုမတူသည်ဖြစ်စေ သိမ်းပိုက်ခြေတော်တင်ခြင်းနှင့်၊ ဘွဲ့ထူးဂုဏ်ထူးရာထူးများ မက်မောတပ်မက်ခြင်း စသည်တို့တွေ့ရသည်။ နန်းတွင်း၌ ပညာမဲ့သော မှူးမတ်များ နေရာရကြသောကြောင့် ပျက်စီးရခြင်းများလည်း တွေ့ရသည်။

ပညာရှိသူတို့က မင်းအလိုလိုက် မင်းအကြိုက်ဆောင်ခြင်းမျိုး မပြုလုပ်ကြပေ။ ပညာမဲ့သူတို့က မင်းအလိုလိုက် မင်းအကြိုက်ဆောင်ကာ နေရာရစေရန် ကြိုးစားဆောင်ရွက်ကြသည်။ သီရိမဟာသော်ကမင်းကြီး လက်ထက်ကပင် ပညာမဲ့သော မှူးမတ်များကြောင့် စတုက္ကာမပညာရှင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရဖူးပေသည်။

ဘွဲ့ထူးဂုဏ်ထူး မက်မောကြရာမှာလည်း နေရာတစ်နေရာရသည်နှင့် ဘွဲ့ထူးဂုဏ်ထူးများ ရကြပြီး တင်ကြရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"သီရိပဝရာ ဒိတျ တိလောက မိပတိ ပဏ္ဍိတမဟာ ဓမ္မရာဇိရာဇာ" ဟူသော ဘွဲ့မျိုး တပ်ယူကြလေသည်။ ရှေးအခါကပင် ဘွဲ့ထူးဂုဏ်ထူး မက်မောသော အလေ့အကျင့်သည် နှစ်ပေါင်းများစွာပင် ပါလာခဲ့လေသည်။

နှစ်ပေါင်းများစွာကြာခဲ့ပြီး ယခုကာလရောက်သော အခါမှာလည်း ဘွဲ့ထူးဂုဏ်ထူးရောဂါများ ပိုများလာခဲ့ကြသည်။ အများအားဖြင့်တော့ "ဒေါက်တာ"ဘွဲ့ ရောဂါထကြခြင်းများပင် ဖြစ်သည်။

စာရေးဆရာ၊ ဆေးဆရာ၊ ဗေဒင်ဆရာ၊ လက္ခဏာဟောသူတို့က ရှေ့၌ဒေါက်တာဘွဲ့ တပ်လာကြသည်။ အိန္ဒိယနိုင်ငံမှ ဈေးပေါပေါဖြင့် ရနိုင်သော ဒေါက်တာဘွဲ့ကို ဝယ်ယူအသုံးပြုကာ ဒေါက်တာဘွဲ့တပ်ကြခြင်း ဖြစ်သည်။ ဒေါက်တာဘွဲ့ မတပ်လျှင်ပင် လူရာမဝင်သကဲ့သို့ ဖြစ်နေသည်။

ပညာရှိသူတို့ကတော့ (Ph.D)ဘွဲ့လောက်သာ နာမည်နောက်မှ တပ်ကြသည်။ နာမည်ရှေ့မှ ဒေါက်တာဘွဲ့ မတပ်ပေ။ နိုင်ငံရေးလောကတွင် ထင်ရှားသောအမျိုးသမီးတစ်ဦးမှာ နိုင်ငံခြားတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရခဲ့သော်လည်း နာမည်ရှေ့မှ "ဒေါက်တာဘွဲ့" မတပ်ပေ။

ဆေးရောင်းသူ၊ ဗေဒင်ဟောသူ၊ လက္ခဏာဟောသူတို့က နာမည်ရှေ့မှ ဒေါက်တာဘွဲ့ကြီးများ တပ်နေသည်ကတော့ အံ့ဩစရာဖြစ်သည်။ ဘယ်တက္ကသိုလ်မှ ဒေါက်တာ





ဘွဲ့ရခဲ့သလဲ ဟုမေးလျှင် စာရွက်မှာပါသော တက္ကသိုလ်အမည်တစ်ခုကို ပြောပြသည်။

ထိုတက္ကသိုလ်မှာ ဒေါက်တာဘွဲ့ရအောင် ဘယ်နှနှစ်တက်ရောက် ပညာသင်ကြားခဲ့သလဲဆိုတော့ မဖြေတော့ပေ။ စာတမ်းတစ်ခု ရေးပို့ရုံနှင့် ဒေါက်တာဘွဲ့ပေးနေလျှင်တော့ နောက်ထပ်ဒေါက်တာဘွဲ့တွေ အများအပြားပေါ်ထွက်လာနိုင်သေးသည်ဟု မျှော်လင့်ရပေသည်။

ဒေါက်တာဘွဲ့များနှင့် မြန်မာပြည်ဟုပင် စာတမ်းပြုစုထားရပေတော့မည်။ ထိုအကြောင်းများက ထားပေဦးတော့။

ယခု ဆက်လက်ရေးသားမည့် အကြောင်းများမှာ ပဒေသရာဇ်ခေတ်တွင် "တော်ကောက်"သော ကိစ္စများပင်ဖြစ်သည်။ ဘုရင်နှင့်ညားတော့ မိဖုရားဖြစ်သည် ဆိုငြားသော်လည်း အမျိုးသမီးအချို့ကတော့ ထိုအကြောင်းများကို မနှစ်သက်ကြပေ။

မိဖုရားအရာမရောက်ပဲ အဖြေဖျော်ခံဘဝ၊ မောင်းမမိဿံဘဝ၊ ကိုယ်လုပ်တော်ဘဝနှင့် နိဂုံးချုပ်သွားခဲ့ရသော အမျိုးကောင်းသမီးတွေလည်း မနည်းလှပေ။ ထိုအကြောင်းများကို အခြေခံပြီး ယခုဝတ္ထုရှည်ကို ရေးသားခြင်းဖြစ်ကြောင်း ဦးစွာဝန်ခံရပေသည်။

ရှေ့၌ ရေးသားဖော်ပြခဲ့သည့်အတိုင်း ရာဇဝင်များ သမိုင်းကြောင်းများ ရေးသားဖော်ပြရာတွင် လိုသည်ထက်ပိုမို ချဲ့ကားရေးသားကြောင်း သာဓကများရှိပါသည်။ ကျွန်ုပ်လေး



www.burmeseclassic.com

www.burmeseclassic.com



စားသော ဆရာကြီးဒေါက်တာသန်းထွန်းနှင့် ဆရာကြီး မောင်ကျောက်တိုင်တို့ ရေးသားခဲ့သော မှတ်တမ်းအချို့ကို ကိုးကားဖော်ပြပါဦးမည်။

ထိုမှတ်တမ်းများ၌ ရေးသားဖော်ပြထားခြင်းမှာ ရာဇဝင်မှတ်တမ်းများ၏ ရာဇဝင်ကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် ခေတ်(၄)ခေတ်ပြောင်းလဲလာခဲ့သည်ကို တွေ့ရပါသည်။

ရင်းတို့မှာ. . .

- မြန်မာမင်းများလက်ထက် မြန်မာပညာရှိများရေးသော မြန်မာရာဇဝင်
- အင်္ဂလိပ်လက်အောက် ကျွန်ခေတ်အတွင်း နိုင်ငံခြားသား အင်္ဂလိပ်၊ ကုလား၊ တရုတ်၊ ရှရှား၊ အမေရိကန်တို့ရေးသော မြန်မာရာဇဝင်
- ကျွန်ခေတ်က မြန်မာပညာရှိများရေးသော မြန်မာရာဇဝင်
- ခေတ်သစ် မြန်မာရာဇဝင်မှတ်တမ်းစာအုပ်များဟု အကြမ်းအားဖြင့် (၄)မျိုး တွေ့ရပါသည်။

ပထမဆုံး မြန်မာမင်းများလက်ထက် မြန်မာပညာရှိများရေးခဲ့သော ထင်ရှားသည့် ရာဇဝင်များမှာ ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင်၊ ဒုတိယမှန်နန်းရာဇဝင်၊ ရာဇဝင်ချုပ်၊ ရာဇာဝင်ကျော်၊ ရာဇာဝင်လတ်၊ ရာဇဝင်သစ်၊ ဇာတာတော်ပုံရာဇဝင်၊ အရေးတော်ပုံ (၅)စောင်တွဲ၊ မဏိရတနာပုံနှင့် မင်းဆက်လက်ာတို့ ဖြစ်သည်။





အဆိုပါရာဇဝင်တို့မှာ မင်းအမိန့်ဖြင့်ရေးသော ရာဇဝင်(သို့မဟုတ်)ထီးရိပ်နန်းငွေ့နှင့် မကင်းသော ရာဇဝင်တို့ချည်းသာ ဖြစ်သည်။ ရှေးရာဇဝင်တို့သည် ကျောက်စာနှင့်မညီနိုင်းခြင်း၊ ညှိနိုင်းသည်ဆိုပါကလည်း လုံလောက်အောင်မညှိနိုင်းခဲ့ခြင်း၊ အကြောင်းအချက် မှန်မမှန်ထက် အနိုင်ယူ၍ရေးခဲ့ခြင်း၊ အဝှဲအချီး အကဲအပိုများခြင်း၊ မရှိခဲ့ မဖြစ်ခဲ့သည်ကို ဖြစ်ခဲ့လေဟန်လုပ်ခြင်း၊ ရှိခဲ့ဖြစ်ခဲ့သည်ကို ထိန်ချန်ခြင်း၊ အချက်အလက်အမှန်ကို ကျော်ပေး၍ မင်းလိုလိုက်ကာ မင်းကြိုက်ဆောင်၍ ရေးသားဖော်ပြမှုက ပိုကဲပေးသည်။

ရာဇဝင်ဆိုသည်မှာ စိတ်ကူးကွန့်မြူး၍ ရေးချင်တိုင်းရေးရသော အရာမဟုတ်သဖြင့် ရာဇဝင်ရေးသားရာတွင်ခိုင်လုံမှုရှိရန် ကျောက်စာများဖြင့် ညှိနှိုင်းရေးသားသင့်သည်။ ကိုယ့်ဘုရင်၊ ကိုယ့်သခင်အကြောင်းကို ဝှဲချီး၍ ရာဇဝင်ရေးသားခဲ့ရာတွင် မြန်မာရာဇဝင် ဆရာတို့၏ ကန့်ကူဆံသွက်ပုံကို ကောက်နှုတ်ဖော်ပြထားပါသည်။

သရေခေတ္တရာ ရာဇဝင်တွင် ရသေ့စွန့်သော ကျင်ငယ်ရေကို သမင်မက လျှာနှင့်ယက်မိ၍ ပဋိသန္ဓေတည်ပြီး လူမိန်းမကလေး 'ဗေဒါရီ'ကို မွေးခဲ့သည်ဟု ဆိုသည်။ ရခိုင်ရာဇဝင်တွင် ရသေ့နှင့်ဆတ်မပေါင်းဖော်၍ လူယောက်ျားကလေး 'ကံ့ယု'ကို မွေးသည်ဟု ဆိုပါသည်။

ထားဝယ်ရာဇဝင်တွင် ဝေါဝိန်ရသေ့နှင့် ငါးခုံးမ ညားပြီး လူယောက်ျားတစ်ယောက် လူမိန်းမတစ်ယောက် စုစု



www.burmeseclassic.com

ပေါင်း(၂)ယောက်ကို မွေးသည်ဟု ဆိုသည်။ အမည်များမှာ ရှင်ဇော့နှင့် ရှင်ဇံတို့ ဖြစ်သည်။ မွန်ရာဇဝင်တွင် ရသေ့ကြီး၏ လမုငုံက 'မယ်လမု'ကို သန္ဓေတည်သည်ဟု ဖော်ပြသည်။

နိပါတ်တော်အရ ဇိဋ္ဌမာနသည် မကျည်းပင်က သန္ဓေတည်သည်ဟု ယုံကြည်ထားကြသည်။ ဟာဗေးက မြန်မာရာဇဝင်ဆရာတို့သည် မြန်မာနိုင်ငံကို လာ၍တိုက်သော ရန်သူအင်အားကို အမှန်ဂဏန်းထက် သုံညတစ်လုံးတိုး၍ ရေးသားဖော်ပြထားခြင်း ဖြစ်တန်ရာ၏ဟု ဆိုခဲ့ဖူးသည်။

မြန်မာရာဇဝင် ဆရာတို့သည် 'အင်အားကြီးမားသော ရန်သူကိုပင် အနိုင်တိုက်ခဲ့သော ဘုရင်မင်းမြတ်'ဟု ဘုရင်ကို ဝက်ဝုတ္တိနည်းဖြင့် ဖွဲ့ချီးဂုဏ်မြှောက်ခြင်း ဖြစ်ပေသည်။ မြန်မာရာဇဝင်တွင် အလောင်းစည်သူမင်းသည် ဇမ္ဗူဒိပါလကျော်တောင်ကျွန်း တစ်ခုလုံးသို့ ကြွရောက်ခဲ့ကြောင်း ဖော်ပြသည်။

အနော်ရထာမင်းသည် တရုတ်ပြည်မှ စွယ်တော်ကို ပင့်ဆောင်နိုင်ခဲ့သည်။ တရုတ်ပြည်မှ ဥတည်ဘွားကို ထုံး(၃)ချက် တအုံ့နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ထူးထူးခြားခြား ဆောင်ရွက်နိုင်သည့် အားခွန်ဗလနှင့် ပြည့်စုံသော ပုဂံသူရဲကောင်းများအဖြစ် ညောင်ဦးဖီး၊ ငလုံးလက်ဖယ်၊ ငထွေရူး တို့ကို ပုံဖော်ခဲ့သည်။

လူသားစင်စစ် မောင်ဗျတ္တသည် ပန်းစားဘီလူးမ မယ်ဝဏ္ဏနှင့်ရယူ၍ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးကို မွေးဖွားခဲ့





သည်။ မြန်မာဘုရင်ကို တကောင်း ရာဇာမဟာသာကီဝင်မျိုး နေနတ်နွယ်ဟု ဖွဲ့ချီးခဲ့သည်။ ဘုရင်ကြီး၏ ဘေးလောင်းတော် ဘိုးလောင်းတော်ဖြစ်သော ပျူစောထီးသည် အားအင်ပြည့်ဝသူဖြစ်၍ ငှက်ကြီး၊ ဝက်ကြီး၊ ရှူးပျံကြီးတို့ကို တိုက်ခိုက်အနိုင်ရခဲ့ကြောင်း သိဒ္ဓိတင်ခဲ့သည်။

ရှေးမြန်မာမင်းတို့သည် ဘုန်းမီးနေလ ထွန်းပြောင်ခဲ့ကြောင်း၊ သာသနာ့ ဒါယကာဖြစ်ကြောင်းကို မြတ်စွာဘုရားက "ငါ၏သာသနာကို ချီးမြှင့်လတ္တံ့"ဟု စန္ဒမုခိ ဘီလူးမကို ဗျာဒိတ်တော် ထားခဲ့သည်ဟု ရာဇဝင်တွင် ဖော်ပြခဲ့သည်။ နားတောင်းများမင်းကို နန်းတောင်းများမင်းဟု အဖတ်မှားသောအခါ နန်းတောင်းခူနာ့ပေါက်သည့် ရာဇဝင်ဇာတ်လမ်း ရှိခဲ့သည်။

မိဖုရားက အနာမှ ပြည်ပေါက်သည်အထိ ခူနာတိုက်သောလက်ကို ပါးစပ်ဖြင့် ငုံထားပေးသည်။ အနာမှ ပြည်ပေါက်၍ အနာသက်သာသောအခါ ဘုရင်ကြီးထံ မိမိသားတော်ကို အရိုက်အရာ ထီးနန်းပေးရန် တောင်းသည်ဟု ရာဇဝင်တွင် ပါရှိခဲ့သည်။ ကလန်စစ်သားဆိုသော စကားကို ကျန်စစ်သားဟု အဖတ်မှားပြီး ဇာတ်ရာတွင် မသေဘဲ ကျန်ခဲ့သဖြင့် ကျန်စစ်သားဟုခေါ်တွင်ခဲ့ကြောင်း ရာဇဝင်တွင် ပါရှိသည်။

ရှေးမြန်မာရာဇဝင်တွင် မဖော်ပြထားသော အချက်များစွာ ရှိခဲ့ပေသည်။ မြန်မာရာဇဝင်ကို နိုင်ငံခြားသားများစွာ

www.burmeseclassic.com



ရေးခဲ့ကြသည့်အနက် အင်္ဂလိပ်နှင့်ကုလားလူမျိုးများက အများဆုံးရေးခဲ့ကြသည်။ ရေးသည့်ကာလမှာ အင်္ဂလိပ်က မြန်မာကို စွက်ဖက်အုပ်စိုးနေချိန် ဖြစ်သည်သို့ဖြစ်၍ မြန်မာရာဇဝင်သည် အုပ်စိုးသူအမြင်၊ စွက်ဖက်သူအမြင်များ လွှမ်းမိုးလျက်ရှိသည်။

နိုင်ငံခြားသား ရာဇဝင်ရေးသည့် ဆရာများမှာ ဖယ်ယာ၊ အပ်ချ်ပါကာ၊ စီဒဗလျူကောက်၊ ဟာဗေး၊ ဟောဂျွန်ခရစ်တန်၊ ဘေဒီ၊ ဒေဆိုင်း စသောပုဂ္ဂိုလ်များဖြစ်သည်။ ဤနိုင်ငံခြားသား ရာဇဝင်ရေးသည့် ဆရာများသည် မြန်မာဘုရင်တို့၏ ရက်စက်ပုံကို ပုံကြီးချဲ့ရေးကြသည်။ အထင်အမြင်သေးလှာအောင် ရေးသည်။

မြန်မာဘုရင်များ ရက်စက်ကြမ်းကြုတ် ခတ်ထန်သဖြင့် ပြည်သူပြည်သားများကို ကယ်တင်လို၍ အင်္ဂလိပ်က မြန်မာနိုင်ငံကို သိမ်းရခြင်းဖြစ်ကြောင်း အဓိပ္ပါယ်ဖော်ဆောင်သော အရေးအသားမျိုးကို ရေးသားကြသည်။ သို့ဖြစ်၍ အင်္ဂလိပ်က မြန်မာနိုင်ငံအား သိမ်းပိုက်ထားခြင်းကိုပင် တရားမျှတလေဟန်၊ အင်္ဂလိပ်များသည်ပင် ကယ်တင်ရှင်ဖြစ်လေဟန် အလေးပေး၍ ရေးခဲ့ကြသည်။

အင်္ဂလိပ်အုပ်ချုပ်ရေးကောင်းပုံကို ရှေ့နေလိုက်၍ အမွှန်းတင်ကြသည်။ အင်္ဂလိပ်နယ်ချဲ့စနစ်၏ ကြမ်းကြုတ်ရက်စက်ပုံတွေကို ဖုံးဖိဖါထေး၍ ဖေါ့၍ ဖော်ပြကြသည်။

မြန်မာရာဇဝင်သစ်ကို ပါမောက္ခလုစ်က ရေးသည်။





စီးပွားရေးရာဇဝင်ကို ဖါနီဗယ်ကရေးသည်။

နိုင်ငံခြားသားမျက်နှာဖြူများသည် မည်သည့်အရာကိုပင်လုပ်လုပ် သေသပ်သည်။ စနစ်တကျလုပ်တတ်သည်။ သို့ဖြစ်၍ မြန်မာရာဇဝင်ကို ရေးသားရာတွင် သိပ်သည်းသေသပ်မှု ရှိကြသည်။ ထိုကဲ့သို့ ရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ ရှေးခေတ်ကရေးသားခဲ့ကြသော ရာဇဝင်များကို လေ့လာကြည့်သောအခါ ခုနှစ်သက္ကရာဇ်များ ဖော်ပြရေးသားကြရာတွင် တစ်ခုနှင့်တစ်ခု မတူညီသည်သာ ရှိကြသော်လည်း မင်းလိုလိုက် မင်းအကြိုက်ဆောင်ကာ မြှောက်ပင့်ချဲ့ကား ရေးသားကြရာမှာတော့ အတော်များများ တူညီမှု ရှိခဲ့ကြပေသည်။

အချက်အလက်အမှန်များကို ဖုံးကွယ်ရေးသားကြခြင်းမျိုး ရှိခဲ့ကြသည်။ အထူးသဖြင့် အမျိုးသမီးများကို စိတ်ထင်တိုင်း တော်ကောက်ခဲ့ကြသောကိစ္စများ၊ ပုထုဇဉ်လူသားများပီပီ ကာမကိစ္စနှင့် ပတ်သက်လာလျှင် လူရှေ့မရှောင်၊ သူရှေ့မရှောင် မဆင်မခြင် ပြုလုပ်ခဲ့ကြခြင်းများကို ရာဇဝင်ရေးသားသူတို့က ဖုံးကွယ်ရေးသားခဲ့ကြသည်။

ထိုအကြောင်းများကို “ကုန်းဘောင်ခေတ်က ဆောင်ကြာမြိုင် မှတ်တမ်းများ”အမည်ရှိ မှတ်တမ်းစာအုပ်ကို ဖတ်ဖူးသူတိုင်း သိကြမည်ဖြစ်သည်။ သီလဆောက်တည်ပြီး၊ ဘုရားဒါယကာ အမည်ခံထားသောသူများပင် ကာမကိစ္စများကို မဆင်မခြင် ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုမှတ်တမ်းကိုရေးသားခဲ့သူမှာ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် မြန်မာသမားတော်ကြီး (၁၀)ဦးတွင် ပါဝင်သော အဘိသက္ကရာဇဘွဲ့ရ သမားတော်ကြီး ဦးခဲပင် ဖြစ်ပေသည်။ ထိုမှတ်တမ်းမှာ ဘုန်းတော်အလွန်တရာကြီးလှသော ဘဝရှင်မင်းတရားကြီး ကာမကိစ္စကို မဆင်မခြင် ဆောင်ရွက်ခဲ့ပုံများနှင့် နန်းတွင်းသူနန်းတွင်းသားတို့ နည်းအမျိုးမျိုးဖြင့် ဖောက်ပြန်ကြပုံကို ဖော်ပြရေးသားထားသော မှတ်တမ်းလည်း ဖြစ်ပေသည်။

သူလည်း လောကီသားတစ်ယောက် ဖြစ်သောကြောင့် ထိုကိစ္စမျိုးရှိမည်ဖြစ်သော်လည်း၊ လူမြင်ကွင်းမှာပင် ယိုင်ပတ်ပြီး ကာမကိစ္စဆောင်ရွက်ပေးတော့မှ အသက်ချမ်းသာရာ ရခဲ့သည်ကတော့ ရှိခဲ့ဘူးသည်ဆိုသော်လည်း မတင့်တယ်သော ကိစ္စမျိုးလည်း ဖြစ်ပေသည်။ ရှိစေတော့. . .

ကျွန်ုပ်ဖတ်ရှုသော မှတ်တမ်းအတော်များများတွင် ဆောင်ကြာမြိုင်နှင့် ပတ်သက်သောမှတ်တမ်းများ ဖတ်ရှုလေ့လာကြည့်ရာ နစ်နာခဲ့ရသူတို့မှာ မိန်းမပျိုများသာ ဖြစ်နေကြသည်ကို တွေ့ရသည်။ ချစ်သူနှင့်ကွေကွင်းခဲ့ရခြင်း၊ ဘဝပျက်ခဲ့ရခြင်း၊ မိဘဆွေမျိုးများနှင့် ကင်းကွာရခြင်း၊ ရွှေနန်းတော်မှာနေရသော်လည်း ကာမကျေးကျွန်ဘဝဖြင့်သာ နေကြရသောကြောင့် မျက်ရည်အဖော်ပြု၍ နေကြရခြင်း စသည်တို့ တွေ့ရလေသည်။





သူတို့၏ အသက်ရှင်သန်ခွင့်အတွက် ဘဝဖြင့် ပေးဆပ်ခဲ့ကြရသည်။ သို့သော် ခြေဖဝါးအောက်မှ ပန်းပွင့်များဖြစ်သောကြောင့် မည်သို့မှ ရုန်းထွက်ခွင့်မရခဲ့ကြပေ။ နောက်ဆုံးနွမ်းပစ်ခြင်းခံရမှသာ မိမိနေရာသို့ ပြန်ခွင့်ရကြသည်။ ထိုသို့ပြန်ခွင့်ရကြသော်လည်း ဘဝ၏အလှဆုံးအချိန်များ မရှိတော့သဖြင့် မည်သူကမှ တန်ဖိုးမထားကြတော့ပေ။

အထီးကျန်ဘဝဖြင့်သာ ဘဝနေဝင်ချိန်အထိ နေသွားခဲ့ကြရပေသည်။ ထိုအကြောင်းများကိုတော့ ရာဇဝင်ဆရာတို့က မှတ်တမ်းမတင်ခဲ့ကြပေ။ မရေးပံ့ကြတာကြောင့်လည်း ဖြစ်ပေသည်။ သို့သော် ခံခဲ့ရသူတို့ ရင်ထဲမှာတော့ နာကျည်းကြေကွဲမှုများက နေ့စဉ်မပြတ် နှိပ်စက်နေကြပေလိမ့်မည်။ တကယ်တော့ ထိုခံစားမှုများသည် သူတို့အတွက် ရင်ထဲတွင် အမြစ်တွယ်နေသော "အာဃာတဆူး"များပင် ဖြစ်ကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၂ )

# ဆောင်တော်ကူးကဝေနှင့် တွေ့ခဲ့ရသူ

အချိန်ကာလမှာ ကုန်းဘောင်ခေတ်နှောင်ပိုင်းကာလ ဖြစ်ပြီး၊ မင်းတုန်းမင်းနတ်ရွာစံပြီး နောက်ပိုင်းအချိန် ဖြစ်ပေသည်။ မြန်မာဘုရင်အဖြစ် နောက်ဆုံး ထီးနန်းစံသော သီပေါဘုရင်မှာ ငယ်ရွယ်သူဖြစ်သောကြောင့် နယ်ပယ်အသီးသီးမှာ ရှိကြသော နယ်ပယ်စား၊ မြို့စားတို့က လေးစား ခန့်ညားမှု သိပ်မရှိကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်း နတ်ရွာစံပြီးနောက်ပိုင်းမှာပင် ယခု တရုတ်နိုင်ငံအတွင်းရောက်နေသည့် ချေလီခေါ် ကျိုင်းရုံး နယ်၏ စော်ဘွားသည် မြန်မာဘုရင် သီပေါမင်းအား ထောင်ထားခြားနားလေသည်။ ထိုအရေး ပေါ်ပေါက်လာ သောအခါ မိုးနဲ့ မိုင်းနောင်နှင့် ရပ်စောက်စော်ဘွားတို့ကပါ ပါဝင်တူညီကြလေသည်။

ထို့ကြောင့် ရှမ်းပြည်နယ်ဒေသများမှာ မငြိမ်မသက် ဖြစ်ကြရသည်။ ထိုအခြေအနေများမှ အစပြုခဲ့သော ရှမ်း ပြည်နယ်၏ အခြေအနေမှာ သီပေါမင်းပါတော်မူပြီးနောက် ပိုင်းမှာလည်း အေးချမ်းမှု မရှိကြတော့ပေ။ သီပေါမင်းပါ တော်မူပြီး နောက်ပိုင်းတွင် စော်ဘွားအချင်းချင်း နယ်မြေလု မှုများကြောင့်လည်း အချင်းချင်း တိုက်ခိုက်မှုများ မကြာခဏ ပေါ်ပေါက်ခဲ့ရပေသည်။

နယ်မြေကိုအုပ်ချုပ်ခွင့်ရသော စော်ဘွားများမှာ လည်း စိတ်ထင်တိုင်း ပြုလုပ်နေသော အချိန်မျိုးလည်း ဖြစ် ပေသည်။ နယ်သူနယ်သားများကတော့ ၎င်းတို့နှိပ်စက်သမျှ ခါးစည်းပြီး ခံကြရလေသည်။

တစ်နေ့တော့ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတွင် ရှိသော ရွာတစ်ရွာတွင် ဓလေ့ထုံးစံရှိသည့်အတိုင်း လက်ထပ် မင်္ဂလာပွဲတစ်ပွဲ ကျင်းပရန် လူကြီးများက စီစဉ်ဆောင်ရွက်နေ ကြသည်။ ရှမ်းလူမျိုးတို့ လက်ထပ်မင်္ဂလာပွဲ ကျင်းပပုံကိုတော့ သင့်တော်သလောက် ထည့်သွင်းရေးသားပါမည်။





ရှမ်းအမျိုးသား၊ အမျိုးသမီးများ မင်္ဂလာပွဲကျင်းပပုံ များမှာ ဒေသအလိုက် အနည်းငယ်ကွဲပြားခြားနားမှုတော့ ရှိကြသည်။ မိဘများက တောင်းရမ်းပေးရာတွင် ဦးစွာပထမ လူပျို၏ မိဘများက အပျို၏ မိဘများကို သွားရောက်ပြောပြ ရသည်။ ထိုသို့ပြောပြလာသောအခါ အပျို၏ မိဘများသည် လေးငါးရက်ခန့် ကြာသည်အထိ အခြားဆွေမျိုးသားချင်းများ နှင့် တိုင်ပင်ရသည်။

သမီးဖြစ်သူ၏ သဘောကိုလည်း တစ်ခါတည်း မေး မြန်းရသည်။ ဆွေမျိုးများကလည်း မကန့်ကွက်၊ သမီးဖြစ်သူ ကပါ သဘောတူလျှင်တော့ လူပျိုဘက်သို့ အကြောင်းပြန် ကြားရသည်။ ထိုသို့အကြောင်းပြန်ကြားလာလျှင် လူပျိုမိဘ များက လူကြီးများနှင့် နေ့ကောင်းရက်သာရွေးချယ်ပြီး လာ ရောက်တောင်းရမ်းကြရသည်။

ထိုသို့လာတောင်းသောအခါ အပျို့ဘက်မှ လူငယ် များက လူပျိုကို ခြံတံခါးဝ၌တစ်ကြိမ်၊ အိမ်တံခါးဝ၌ တစ်ကြိမ်၊ ကြိုးတားထားကြသည်။ ငွေကြေးပေးမှ ဖွင့်ပေးကြသည်။ အိမ်ပေါ်ရောက်သည်နှင့် အပျိုဘက်မှ လူကြီးနှစ်ဦးကို လူပျို ဘက်မှ လူကြီးများက သွားရောက်နှုတ်ဆက်ကြရလေသည်။ ထိုအခါ အပျိုဘက်မှ လူကြီးက မသိဟန်ဆောင်၍. . .

“ဘာကိစ္စအတွက် လာကြတာလဲ”

ဟု မေးရသည်။

“သမီး လာတောင်းတာပါ”



www.burmeseclassic.com

www.burmeseclassic.com



ဟု လူပျိုဘက်မှ အဖြေပေးရသည်။ ထိုကဲ့သို့ အပြန်အလှန်ပြောဆိုနေကြစဉ် လူပျိုဘက်မှ လင်ပန်းတစ်ခုတွင် လက်ဖက်နှစ်ထုပ်၊ ကွမ်းနှစ်ထုပ်၊ ငှက်ပျောနှစ်ဖီး၊ အနည်းဆုံး ငွေငါးမတ်နှင့် ကြက်ဥပြုတ်နှစ်လုံးထည့်၍ အိမ်ထောင်စုံ အမျိုးသမီးထံ ပို့ပေးထားရသည်။ အကယ်၍ စကားပြော၍ မပြီးမီ အောက်သို့ချထားမိပါက အမျိုဘက်မှ ယူစားခွင့်ရှိသည်။

စကားပြောဆိုပြီးပါက နားလည်သူတစ်ဦးက ရွတ်ဖတ်ပေးရသည်။ ထို့နောက်၊ ကြက်ဥနှစ်လုံးမှတစ်ပါး လင်ပန်းတွင်ရှိသော အစားအစာတစ်ဝက်ကို အိမ်အပြင်တွင် နတ်ပသ၍ ဆုတောင်းခြင်း ပြုကြရသည်။ ထိုသို့ပြီးသောအခါ လူပျိုဘက်မှ ဧည့်သည်များကို အပျိုဘက်မှ ထမင်းကျွေးမြူစုရသည်။ အပျိုနှင့် လူပျိုအတွက်ကိုမူ ထမင်းပွဲ သီးသန့်ပြင်ဆင်ပေးရသည်။

လူပျိုနှင့်အပျို ထမင်းစားနေစဉ် ကလေးများက သားသမီးများသဖွယ် ကြက်ဥနှစ်လုံးကိုခွဲပြီး. . .

"ဖေဖေ. . မေမေ"

ဟုခေါ်ကာ သတို့သားနှင့်သတို့သမီးတို့အား ခွံ့ကျွေးပေးရသည်။ ချည်ခုနှစ်ပင်ပါသည့် ချည်မန်းကွင်းဖြင့် သတို့သား သတို့သမီးတို့အား စွပ်ပေးရသည်။ လူပျိုနှင့်အပျို တစ်ပြန်စီ ထမင်းခွံ့ကျွေးသော ဓလေ့လည်းရှိသည်။ သတို့သားက သတို့သမီးမိဘအား သမီးမွေးပေးသည့်အတွက် ငွေငါးကျပ်





ကို နို့ဖိုးအဖြစ် ကန်တော့ရသည်။

ထို့ပြင် အပျိုဘက်မှ ဆွေမျိုးများအတွက် တစ်အိုးစားလျှင်တစ်ကျပ်၊ နှစ်အိုးစာလျှင်နှစ်ကျပ် စသည်ဖြင့် ငွေကြေးပေးရသေးသည်။ ထိုသို့ပေးရခြင်းမှာ နောင်တစ်နေ့ လင်မယား သဘောကွဲလွဲပါက ဆွေမျိုးများကို သက်သေထူပြီး သတို့သား သတို့သမီးတို့အား ဆုံးမရန်ဖြစ်သည်။

အချို့ဒေသများမှာတော့ လက်ထပ်ပွဲလုပ်လျှင် ငှက်ပျောပွဲကိုပြင်၍ ငါးချဉ်ထုပ်များကို အုပ်ထဲတွင်ထည့်ထားသည်။ ရွာထဲမှ အသက်ကြီးရင့်သူများက ထိုအထုပ်များကို ဖြေ၍ ဧည့်သည်တို့ကို ကျွေးမွေးသည်။ ရွှေငွေ ထည့်ထားသော ရေကို လက်ထပ်ပေးသူ လူကြီးက သတို့သမီးကိုတိုက်သည်။ သတို့သမီးကတစ်ဆင့် သတို့သားကိုတိုက်သည်။

လက်ဖွဲ့ကြသော အလေ့လည်း ရှိသည်။ သတို့သမီးအရံ၊ သတို့သားအရံ ပြုလုပ်သူနှင့် လက်ထပ်ပေး သူတို့သည် မိဘစုံလင်စွာရှိကြပြီး ငယ်လင် ငယ်မယား အိမ်ထောင်စုံများဖြစ်ကြရသည်။ လူပျိုမိဘများက အပျိုမိဘများထံ သမီးတောင်းရာတွင် တင်တောင်းသောဇပစ္စည်းမှာ ရွှေ၊ ငွေ၊ အဝတ်အစားများသာဖြစ်သည်။ အိမ်နှင့် မြေယာများကို တင်မတောင်းကြပေ။ လက်ထပ်ပွဲတွင် ကုန်ကျသော ငွေအားလုံးကို ယောကျ်ားလေးဘက်မှ အကုန်အကျ ခံရသည်။

ရှမ်းပြည်နယ်နောက်ပိုင်း အချို့ဒေသများတွင် မိန်းကလေးအား သွားရောက်တောင်းယူရာတွင် ရေအပြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



သော ရေတာကောင်းတစ်ခု၊ နှစ်တောင်ပတ်လည်ရှိသော ဖျာ ချောတစ်ချပ်၊ ကွမ်းဆေးအစုံထည့်ထားသော ကွမ်းအစ် တစ်လုံး၊ ဆေးလိပ်ထည့်ထားသော ဆေးလိပ်ခွက်တစ်ခုနှင့် သွားတောင်းကြရလေသည်။

ရှမ်းပြည်နယ်တောင်ပိုင်းအချို့နေရာများတွင် လက် ဖက်စိုတစ်ပိသာ၊ ဆားတစ်ပိသာ၊ ကြံသကာတစ်ပိသာ၊ ဆင်အန် ငှက်ပျောဖီးတစ်ဖီးနှင့် မိန်းကလေးမိဘ (သို့မဟုတ်) အုပ်ထိန်းသူထံ လာရောက်ကန်တော့ပြီး တောင်းရသည်။ တစ်ပါတည်း မိန်းကလေးဝတ်ဆင်ရန် ရွှေတိုငွေစ အဆင် တန်ဆာများကိုလည်း ယူဆောင်သွားကြရသည်။

တောင်းရမ်းရာတွင် ကွမ်းတော့ဘော်(ခေါ်) တစ် ဖက်နှင့်တစ်ဖက် အချီအချ ပြောဆိုရာတွင် ကြားဝင်ပြောရ မည့် စကားပြောလိမ္မာ ကျွမ်းကျင်သူ၊ အာဝဇ္ဇန်းရှိသူ၊ လူမှု ရေးရာနှင့် ဓလေ့ထုံးစံသိကျွမ်းနားလည်သူ (အများအားဖြင့် လူပျိုခေါင်း) တစ်ယောက်ကိုပါ တစ်ပါတည်း ခေါ်ဆောင် သွားရသည်။

မင်္ဂလာပွဲကို သတို့သမီးအိမ်၌သာ ပြုလုပ်လေ့ရှိကြ သည်။ ရှေးဟောင်းရှမ်းပုံပြင်မှ ခွန်ဆန်လောနှင့် နန်းအို့ပြိန် တို့ကို အစွဲပြု၍ သတို့သား သတို့သမီးတို့ အလာလမ်းတွင် ရွှေကြိုး ငွေကြိုးတားကြသော ဓလေ့မျိုးလည်း ရှိသည်။

လက်ထပ်ပြီး ခုနစ်ရက်အတွင်း ခရီးထွက်သော အ လေ့အထမျိုး မရှိကြပေ။ ယောက္ခမအိမ်တွင် အနည်းဆုံး





တစ်နှစ်နေပြီးမှ အိမ်ထောင်ခွဲလိုကခွဲပြီး နေထိုင်ခွင့်ရှိသည်။ ထို့ပြင် မိသားစုတစ်ခုက တတိယသားနှင့် ပဉ္စမသမီးတို့ကို လက်ထပ်ပေးခြင်းကို ရှောင်ကြဉ်ကြသည်။ ထိုသို့ လက်ထပ် ပေးမိလျှင် စောစီးစွာ သေကွဲကွဲကြသည်ဟုလည်း ယုံကြည်မှု ရှိကြသည်။

ရှမ်းပြည်နယ်တွင် ရှမ်းလူမျိုးဟုဆိုသော်လည်း လူမျိုး စုအမျိုးအမည်တို့ ကွဲပြားခြားနားမှုများရှိကြသလို ဓလေ့ ထုံးစံတို့လည်း အမျိုးမျိုးရှိကြလေသည်။ အချိန်ကာလမှာ ခရစ်သက္ကရာဇ် (၁၉၀၀)ပြည့် (၁၂၆၀)အချိန်ကာလဖြစ် သည်။ ထိုကာလမှာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက် ပြီးစ ခေတ်ဦးအချိန်ကာလ ဖြစ်သောကြောင့် မြန်မာနိုင်ငံ တစ်ဝှမ်းမှာ အုပ်ချုပ်မှုများ အသားမကျသေးသောကြောင့် အတည်မငြိမ် ဖြစ်နေကြသည်။

အထူးသဖြင့် ပြည်မဒေသများနှင့် အလှမ်းဝေးကွာ သော ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ဒေသများတွင် ရှုတ်ထွေးနေသော အချိန်ကာလလည်း ဖြစ် လေသည်။ နယ်ပယ်ဒေသအသီးသီးကို အုပ်ချုပ်ခွင့်ရနေ သော နယ်စားပယ်စား၊ စော်ဘွားများတို့မှာ တစ်ဗိုလ်တစ်မင်း အာဏာပြကာ တစ်စင်ထောင်ဖို့ ကြိုးစားနေကြသော အချိန် လည်းဖြစ်သည်။ ၎င်းတို့၏ ဩဇာအာဏာအောက်မှာ နယ်သူနယ်သားတို့ ပြားပြားမှောက်ကာ ဝပ်စင်းခံကြရသော အချိန်လည်း ဖြစ်သည်။ အချို့ နယ်စားများ၊ စော်ဘွားများက



www.burmeseclassic.com

www.burmeseclassic.com



နယ်သူနယ်သားတို့ကို နှိပ်စက်ခြင်း မပြုကြသော်လည်း အချို့နယ်စားများ၊ စော်ဘွားများကတော့ နှိပ်စက်ခြင်း ပြုကြသည်။

အခွန်တော်ငွေများ စည်းကြပ်ကောက်ခံခြင်း၊ တစ်သားစုဆောင်းခြင်းနှင့် မိန်းမပျိုများကို အဓမ္မတော်ကောက်ခြင်းများ ပြုလုပ်ကြသောကြောင့် နယ်သူနယ်သားတို့မှာ အေးချမ်းစွာမနေရပဲ နေ့ညမပြတ် အထိတ်ထိတ် အလန့်လန့်ဖြင့်နေရသော အချိန်ကာလလည်း ဖြစ်ပေသည်။

ထိုအချိန်ကာလတွင် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ ရွာတစ်ရွာတွင် မင်္ဂလာကိစ္စအတွက် လာရောက်ဆွေးနွေးမှု ပြုလုပ်နေကြသည်။ ထိုရွာမှာ မိုင်းလှိုင်ရွာဖြစ်ပြီး ရှမ်းလူမျိုးအများစု နေကြသောရွာလည်း ဖြစ်သည်။

လာရောက်တောင်းခံခြင်းခံရသော မိန်းမပျိုမှာ နန်းကြည်ဆိုသော အမျိုးသမီးဖြစ် သည်။ အသက် (၂၀)ဝန်းကျင် အရွယ်ခန့်ရှိပြီး ချောမောလှပသူ ဖြစ်သည်။

သို့သော် မိသားစုကတော့ ငွေကြေးဥစ္စာ ပြည့်စုံသူများ မဟုတ်ကြပေ။ နန်းကြည်ဆိုသော မိန်းမပျိုမှာ ချစ်သူရှိသည်။ ၎င်းမှာ တစ်ဖက်ရွာမှ လူရွယ်တစ်ဦးဖြစ်သည်။ တစ်နေ့ ငွေကြေးပြည့်စုံလာလျှင် လက်ထပ်ယူရန် ရွယ်စူးထားသူလည်း ဖြစ်သည်။ ယခုလာရောက်တောင်းခံသူများမှာ သူချစ်သူ၏ မိဘများ မဟုတ်ကြပေ။

အခြားလူရွယ်တစ်ယောက်၏ မိဘများနှင့် ရွာလူ





ကြီးများ ဖြစ်ကြလေသည်။ လာရောက်တောင်းခံခိုင်းသော လူရွယ်၏အမည်မှာ စဝ်ခမ်းလှိုင် ဖြစ်သည်။

သူသည် ထိုဒေသကိုပိုင်သော စော်ဘွားကြီး၏ တူတော်သူဖြစ်သည်။ အခွန်ငွေကိစ္စဖြင့် မှိုင်းလှိုင်ရွာသို့ ရောက်လာရာမှ နန်းကြည်ကို တွေ့သွားပြီး သဘောကျသဖြင့် ချက်ခြင်းဆိုသလို လူကြီးမိဘများလွှတ်ကာ တောင်းရမ်းခိုင်းခြင်း ဖြစ်ပေသည်။

စဝ်ခမ်းလှိုင်မှာ လူကောင်းတစ်ယောက်တော့ မဟုတ်ပေ။ ဦးကြီးတော် စော်ဘွားကြီး၏ တန်ခိုးအရှိန်အဝါဖြင့် ဆိုးချင်တိုင်း ဆိုးနေသူဖြစ်သည်။ ငွေခွန်တော်မှူး တာဝန်ဖြင့် အရပ်တကာ လှည့်လည်သွားလာပြီး မိန်းမချော မိန်းမလှလေးများတွေ့လျှင် မရရသည့်နည်းဖြင့် သိမ်းပိုက်လေ့ရှိသည်။ သူ့ကြောင့် မိန်းမပျို အတော်များများ ဒုက္ခရောက်ခဲ့ကြရပေသည်။

ယခုလည်း နန်းကြည် မိဘများထံသို့ စဝ်ခမ်းလှိုင်ဘက်မှ မိဘဆွေမျိုးများက လာရောက်တောင်းရမ်းကြသည်။ နန်းကြည် မိဘများက သဘောမတူကြသော်လည်း ချက်ချင်းမငြင်းဆန်ကြသဖြင့် ထုံးစံအတိုင်း လေးငါးရက် အချိန်ပေးပါရန် ခွင့်တောင်းကြရာ မကျေမနပ်ဖြင့် ပြန်သွားကြသည်။ နန်းကြည်မိဘများက ဆွေမျိုးသားချင်းများနှင့် တိုင်ပင်သောအခါ စဝ်ခမ်းလှိုင်အား သဘောမကျသူက များသည်။ နန်းကြည်၏သဘောကို မေးမြန်းသောအခါလည်း



www.burmeseclassic.com

www.burmeseclassic.com



ခါးခါးသီးသီးပင် ငြင်းဆန်လေသည်။

"ကျွန်မ သူ့ကို မယူပါရစေနဲ့၊ သူက လူကောင်းတစ်ယောက် မဟုတ်ပါဘူး၊ တစ်ရွာတစ်ယောက် မိန်းမတွေ မှိုလိုပေါက်အောင် ယူတတ်တဲ့လူမျိုးပါ၊ သူ့ကိုယူရင် မကြာခင် ကျွန်မပါ ဒုက္ခရောက်လိမ့်မယ်၊ နောက်ပြီး ကျွန်မမှာ ရည်စူးထားတဲ့ ချစ်သူရှိပါတယ်၊ သူက လူရိုးလူကောင်းတစ်ယောက်ပါ၊ သူ့ကိုပဲ ယူပါရစေ"

ဟု တောင်းပန်ပြောဆိုလေသည်။ မိဘများကလည်း နန်းကြည်၏သဘောဆန္ဒကို လိုက်လျောပေးချင်ကြသည်။ သို့သော် စဝ်ခမ်းလှိုင်ကိုလည်း မငြင်းဝံ့ကြပေ။

"သူ့အကြောင်းကို ငါတို့လည်း သိပါတယ်၊ ဒါပေမယ့် သူ့ကို ငြင်းလို့မဖြစ်ဘူး၊ သူ့ဆန္ဒကို ငြင်းပယ်လိုက်ရင် ငါတို့ မိသားစုတင် မကဘူး၊ ငါတို့ တစ်ရွာလုံးကို ဒုက္ခပေးလိမ့်မယ်"

ဟု ပြောပြကြသည်။ နန်းကြည်လည်း မျက်ရည်စက်လက်နှင့် အတန်တန်ငြင်းသော်လည်း မရတော့သဖြင့် မျက်စိမှိတ်ကာ ခေါင်းညိတ်လိုက်ရလေတော့သည်။ လာရောက်တောင်းရမ်းသူတို့ကို လေးငါးရက်ခွင့်တောင်းထားပြီး ဖြစ်သောကြောင့် ထိုလေးငါးရက် အချိန်အတွင်းမှာတော့ သူမအတွက် လွတ်လပ်ခွင့်ရနေဦးမည် ဖြစ်သည်။

ထိုရက်များအတွင်းမှာလည်း စိတ်မချမ်းမသာဖြစ်နေပြီး မျက်ရည်နှင့်မျက်ခွက် ဖြစ်နေလေသည်။

"ငါ သူ့ကိုယူရင် ငရဲကျသလို ဒုက္ခရောက်မှာပဲ၊ မယူ





ဖြန်ရင်လည်း ငါ့မိဘတွေ ဒုက္ခရောက်ကြလိမ့်မယ်၊ ဒီကိစ္စတွေက ငါရှိနေလို့ ဖြစ်နေတာပဲ။ ငါမရှိတော့ရင်တော့ အေးသွားမှာပါ"

ဟု တွေးမိသဖြင့် မိမိကိုယ်ကို သတ်သေရန် ဆုံးဖြတ်လိုက်လေသည်။ ထိုသို့ဆုံးဖြတ်ချက်ချပြီး တစ်ညမှာတော့ ဘယ်သူမှမသိအောင် ချောက်ကမ်းပါးစွန်း ရှိရာသို့ သွားလေသည်။ ဆောင်းရာသီဖြစ်သောကြောင့် ညဦးပိုင်းအချိန်ကတည်းက လရောင်ကရှိနေလေသည်။ သို့သော် မှုံဝါးသောအလင်းရောင်သာ ရှိနေသည်။

နှင်းမှုန်နှင်းဖွဲ့များကလည်း တဖွဲဖွဲကျဆင်းနေကာ အအေးဓါတ်များကလည်း ပတ်ဝန်းကျင်ကို လွှမ်းခြုံထားလေသည်။

နန်းကြည်တစ်ယောက် ချောက်ကမ်းပါးစွန်းသို့ ရောက်သောအခါ ထူးထူးခြားခြား ဆောင်တော်ကူးပန်းရနံ့များ ရလာလေသည်။ သာမန်ရခြင်းမျိုး မဟုတ်ပဲ ကြိုင်နေခြင်းမျိုးဖြစ်သည် ။

ထိုကဲ့သို့ ပန်းရနံ့များရသော်လည်း ဂရုစိုက်မနေတော့ဘဲ ချောက်ကမ်းပါးထိပ်သို့ လျှောက်လာရာ ထိုနေရာ ရောက်တော့ လရောင်အောက်မှာ ရပ်နေသော သူတစ်ယောက်ကို တွေ့ရလေသည်။

"ဟင်"

နန်းကြည်အဖြစ်က သေချင်သဖြင့် ချောက်ရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှ လူတစ်ယောက်နှင့် တွေ့နေရခြင်းဖြစ်သည်။ ခါတိုင်းဆိုလျှင်တော့ နောက်ကြောင်းပြန်လှည့်ပြေးမိမှာ အမှန်ပင် ဖြစ်သည်။ ဒီတစ်ခါတော့ မပြေးတော့ပဲ ဖြစ်လို့ ရာဖြစ်စေတော့ဟု စိတ်တင်းကာ ရှေ့သို့တိုးသွားလေသည်။

မနီးမဝေးရောက်တော့မှ ရပ်နေသူမှာ အမျိုးသမီး တစ်ယောက် ဖြစ်မှန်းသိရလေသည်။ တစ်ကိုယ်လုံး အဝတ် မည်းကြီးကို ခြုံထားသဖြင့် ဘယ်သူဘယ်ဝါမှန်း မသိရသော် လည်း မိန်းမတစ်ယောက်မှန်းတော့ သိလေသည်။

"ဘယ်သူလဲ"

"ငါကယ်သူလဲဆိုတာ သိဖို့ထက် နင်ဒီနေရာကို အချိန်မတော်ရောက်မှ ဘာအတွက်လာတာလဲ"

"ငါ မချစ်တဲ့ လူယုတ်မာကို မယူချင်လို့ ချောက် ထဲခုန်ချပြီး သေမလို့လာတာ"

"ဒီလိုလုပ်တော့ ဘယ်အကျိုးရှိပါ့မလဲ"

"အကျိုးမရှိလည်း သေရမှာပဲ၊ ချစ်တဲ့သူနဲ့ခွဲခွာပြီး မချစ်တဲ့သူနဲ့ နေရမှာနဲ့စာရင် သေရတာက ပိုမကောင်းဘူး လား"

"နင့်ကို သူယူလို့မရအောင် ငါကူညီပေးပါ့မယ်"

"ဟင် တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ တစ်ရက်နှစ်ရက်ပဲ စောင့် ကြည့်ပါ၊ နင့်အတွက် သတင်းကောင်းတစ်ခု ရောက်လာလိမ့် မယ်"





"တ. . တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ကဲကဲ. . နင်ပြန်ပေတော့ အချိန်မရှိတော့ဘူး"

"နင်က လူလား၊ နတ်လားဟင်"

"ငါက ဒေဝီတစ်ပါးပဲ၊ မကောင်းသူပယ်၊ ကောင်းသူ ကယ်ပေးတဲ့ ဒေဝီတစ်ပါးပဲ၊ ငါ့နာမည်က 'ဆောင်တော်ကူး ကဝေ' လို့ခေါ်တယ်"

"ဟင်"

ထိုစကားကြောင့် နန်းကြည်မှာမျှားစွာ ထိတ်လန့် ကြောက်ရွံ့သွားလေသည်။ ထိုအချိန်မှာပင် ဆောင်တော်ကူး ကဝေဆိုသော အမျိုးသမီးက အမှောင်ရိပ်တွင်းသို့ ဝင် ရောက် ပျောက်ကွယ်သွားလေသည်။

နန်းကြည်လည်း ထိုနေရာမှာ အတန်ကြာအောင် ရပ်နေပြီးမှ နေအိမ်ဘက်သို့ လှည့်ပြန်ခဲ့လေသည်။ အိမ်ပြန် ရောက်တော့လည်း အိပ်မပျော်နိုင်ပဲ စိုးရိမ်ပူပန်မှုများ ရှိနေ လေသည်။

"သူပြောသွားတာတွေ ဟုတ်မှဟုတ်ပါ့မလား"

ဟုလည်း အကြိမ်ကြိမ် တွေးတောနေမိလေသည်။ သို့သော်လည်း နောက်တစ်ရက်မှာတော့ သူမအတွက် သ တင်းကောင်းတစ်ခု ကြားရလေသည်။ အခြားမဟုတ်ပေ။ သူမကို လာရောက်တောင်းရမ်းဖို့ စီစဉ်နေသော ငွေခွန်တော် သည် စဝ်ခမ်းလှိုင်မှာ အိပ်ယာပေါ်မှာပင် ရုပ်ပျက်ဆင်းပျက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ သေဆုံးသွားပြီဆိုသော သတင်းဖြစ်သည်။

ထိုသတင်းသည် အခြားသူများအတွက် သတင်းဆိုး ဖြစ်သော်လည်း နန်းကြည်အတွက်ကတော့ သတင်းကောင်း ပင် ဖြစ်ခဲ့လေသည်။

ထိုအခါမှပင် 'ဆောင်တော်ကူးကဝေ'ဆိုသော အမျိုး သမီး ပြောသွားသော စကားများ မှန်ကန်ကြောင်း လက်ခံ ရပေတော့သည်။ သို့သော် ဆောင်တော်ကူးကဝေ ဆိုတာ ဘယ်သူမှန်း မသိလိုက်ရပေ။

ဆောင်တော်ကူးကဝေ. . . ဘယ်သူလဲ ။





# အခန်း ( ၃ )

## မျက်နှာဖုံးနှစ်ထပ်နှင့် မိန်းကလေး

ရှမ်းပြည်နယ် မြောက်ပိုင်းနယ်မှ ကိုးကန့်နယ်အထိ မြို့စားများ အုပ်ချုပ်သောနယ်များအဖြစ် ရှေးကပင် သတ်မှတ်ပေးခဲ့ကြသည်။ မြေလတ်ငွေခွန်မှူးများ အုပ်ချုပ်ရသော နယ်များအဖြစ် (၁) ရွှာင်နယ်၊ (၂) ပင်းတယနယ်၊ (၃) ပင်မှို နယ်၊ (၄) ကျုံးနယ် စသည်ဖြင့် အပိုင်းအခြားခွဲကာ ငွေခွန်မှူး များက စီမံအုပ်ချုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေခွန်မှူးများသည် သူ့နေရာနှင့်သူ၊ သူ့နယ်နှင့်သူ စော်ဘွားများကဲ့သို့ပင် တန်ခိုးအာဏာရှိကြသူများ ဖြစ်ကြလေသည်။ မြို့စားနှင့် ငွေခွန်မှူးတို့သည် တရားမမှုများနှင့် ရာဇဝတ်မှုများကို ဒုတိယအဆင့်လောက်အထိ စီရင်ပိုင်ခွင့် ရရှိကြလေသည်။ ငွေခွန်မှူးတို့တာဝန်မှာ ကျေးရွာများသို့ လှည့်လည်ကာ အခွန်ငွေများ စည်းကြပ်ကောက်ခံရခြင်းပင် ဖြစ်သည်။

တစ်နေ့တော့ မိုင်းလွှန်းရွာဘက်သို့ ငွေခွန်မှူးတစ်ယောက် ရောက်လာလေသည်။ ၎င်းသည် နောက်လိုက်နောက်ပါတို့နှင့်အတူ ထိုဒေသသို့ ရောက်လာပြီး အခွန်ငွေများ ကောက်ခံနေရာ ထူးခြားမှုတစ်ခုကို သတိပြုမိလေသည်။ အခြားမဟုတ်ပေ။ ထိုကျေးရွာတွင် မိန်းမပျိုများကို တစ်ယောက်တစ်လေမှ မတွေ့ရခြင်း ဖြစ်ပေသည်။

သို့ကြောင့် စိတ်ထဲမှ မကျေနပ်သဖြင့် ရွာလူကြီးကို မေးကြည့်ရသည်။

"ခင်ဗျားတို့ရွာက အပျိုတွေလည်း တစ်ယောက်မှ မမြင်ရပါလား"

"တောတောင်များသို့ အလုပ်သွားနေကြရပါတယ်"

ရွာလူကြီး အဖြေပေးပုံမှာ ကျေနပ်စရာတော့ မဟုတ်ပေ။ မည်သည့်ရွာမည်သည့်နေရာမဆို အလုပ်လုပ်မှ ထမင်းစားရမှန်း သိသော်လည်း တစ်ရွာလုံး တစ်ယောက်တစ်လေမှ မတွေ့ရခြင်းကတော့ ဘဝင်ကျစရာတော့ မဟုတ်ပေ။





"ခင်ဗျားတို့ရွာက တစ်ရွာလုံး ဒီလိုပဲ အလုပ်လုပ်ကြရသလား"

"မှန်ပါတယ် ငွေခွန်တော်မင်း၊ ကျွန်တော်တို့မှာ အခွန်ငွေပေးဆောင်ဖို့နဲ့ စားသောက်ဖို့အတွက် လက်ရှိတဲ့လူတိုင်း ဒီလိုပဲ အလုပ်လုပ်ကြရပါတယ်"

ထိုသို့ထပ်ပြောသဖြင့် ဆက်ပြီးမမေးသာတော့ပေ၊ အမှန်တော့ငွေခွန်တော်ကောက်မည့်သူများ ရွာသို့ရောက်လာကြမည် သတင်းကြားကတည်းက မိန်းမပျိုတို့မှာ အတွေ့မခံ၊ အမြင်မခံပဲ တစ်နေရာသို့ တိမ်းရှောင်ပုန်းအောင်း နေကြခြင်းပင် ဖြစ်သည်။

ယခင်ကတော့ ထိုသို့မလုပ်ကြပေ။ မည်သူပဲလာလာ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး ကိုယ့်ဖာသာပင် နေထိုင်ကြသည်။ နောက်ပိုင်း ခေတ်ပျက်ကာလရောက်လာသောအခါ တိုင်းပြည်အခြေအနေ မကောင်းလှသလို ရှမ်းပြည်နယ် နေရာအနှံ့အပြားမှာလည်း စော်ဘွားအချင်းချင်း စိတ်ဝမ်းကွဲပြားကာ နယ်မြေလုမှုကြောင့် စစ်ပွဲများ ဖြစ်ပွားလျက် ရှိကြသည်။

နယ်မြေကို အုပ်ချုပ်ရသော စော်ဘွားများ၊ မြို့စားများတို့လည်း နယ်သူနယ်သားတို့အရေးကို ပြန်မကြည့်နိုင်ပဲ နယ်မြေလုပွဲအတွက် စစ်ပွဲဆင်နွှဲဖို့ရန်သာ အာရုံထားလုပ်ကိုင်နေကြရသည်။ ထိုအခြေအနေမျိုးတွင် နောက်လိုက်နောက်ပါတို့မှာလည်း သခင်ထက်ကျွန်က လက်စောင်းထက်ဆိုသလို မျက်ကွယ်ရာတွင် နှိပ်စက်မှုအမျိုးမျိုးတို့ ပြုလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအထဲတွင် ကျေးရွာများသို့သွားသောအခါ ချောမောလှပသည့် မိန်းမပျိုများတွေ့လျှင် အဓမ္မသိမ်းပိုက်ကြတတ်ပေသည်။ သို့ကြောင့် ၎င်းတို့လာတော့မည် သတင်းကြားသည်နှင့်စင် သင့်တော်သော နေရာများတွင် သွားရောက်ရှောင်တိမ်း နေကြခြင်း ဖြစ်ပေသည်။ ယခုလည်း မိုင်းလွန်းရွာသို့ အခွန်ငွေကောက်ခံရန် ရောက်လာသော စိုင်းစံအိုက်မှာ သူရောက်လာသည့်အချိန်၌ ရွာထဲတွင် မိန်းမပျိုများ တစ်ယောက်တစ်လေမှ မတွေ့ရသောကြောင့် မကျေမနပ်ဖြင့် ရွာလူကြီးကို မေးမြန်းနေခြင်း ဖြစ်ပေသည်။

စိုင်းစံအိုက်မှာ အသောက်အစား မက်မောသလို မိန်းမပျိုများကို သိမ်းပိုက်ရာမှာလည်း နာမည်ကြီးသူတစ်ဦး ဖြစ်လေသည်။ သို့ကြောင့် သူမရောက်လာခင်ကတည်းက ရှောင်တိမ်းနေကြရခြင်း ဖြစ်သည်။ စိုင်းစံအိုက်မှာ စိတ်ထဲမှ မကျေနပ်သောကြောင့် နောက်ပါတပည့်များကိုခေါ်ပြီး ရွာတွင်းသို့ တစ်ကျော့ပြန်ဝင်ကာ တစ်အိမ်တက်ဆင်း လိုက်လံရှာဖွေသော်လည်း မိန်းမပျိုဆို၍ တစ်ယောက်တစ်လေမှ မတွေ့ရတော့မှ လက်လျှော့ကာ ပြန်လေသည်။

ထိုသို့ပြန်တော့မှ တောင်ယာဘက်မှ ရွာဘက်သို့ တစ်ယောက်တည်း ပြန်လာသော မိန်းမပျိုတစ်ဦးကို တွေ့ရလေသည်။ သို့သော် ထိုမိန်းမပျိုမှာ သာမန်တော့ မဟုတ်ပေ။ မျက်နှာပေါ်မှာ ပါးရဲမထိုးထားသော်လည်း မြင်သည်နှင့်ပင်





ကြောက်လန့်စရာကောင်းသော မျက်နှာဖုံးတစ်ခုကို တပ်ဆင်ထားလေသည်။ မျက်နှာဖုံးတပ်ထားသောကြောင့် သူမမျက်နှာကို မမြင်ရတော့ပေ။

ထိုမျက်နှာဖုံးကို အချို့ဒေသများက "ပရဲမျက်နှာဖုံး" ဟုခေါ်ကြသည်။ မျက်နှာပေါ်တွင် ဆေးမင်များဖြင့် ပရဲမထိုးလိုသောကြောင့် ပရဲထိုးသကဲ့သို့ဖြစ်အောင် မျက်နှာဖုံးတပ်ဆင်ထားကြသဖြင့် ပရဲမျက်နှာဖုံးဟု ခေါ်ဝေါ်ကြသည်။

အချို့အရပ်ဒေသများကတော့ "သရဲမျက်နှာဖုံး"ဟု ခေါ်ကြလေသည်။ သရဲမျက်နှာမျိုးနှင့် ပုံသဏ္ဍာန်တူအောင် ပြုလုပ်ထားကြသဖြင့် သရဲမျက်နှာဖုံးဟု ခေါ်ကြခြင်း ဖြစ်၏။ (သရဲမျက်နှာဖုံး အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ရေးသားထုတ်ဝေပြီးခဲ့ပြီဖြစ်၏။)

ပရဲမျက်နှာဖုံးတပ်ထားသော အမျိုးသမီးက စိုင်းစံအိုက်တို့ကိုမြင်သောအခါ အခြားတစ်နေရာမှ ရှောင်တိမ်းသွားရန် ကြိုးစားသေးသည်။ သို့သော် အတော်ပင် နီးနေပြီဖြစ်သောကြောင့် မလွတ်တော့ပေ။ မြင်းစီးလာသော စိုင်းစံအိုက်က သူမအနီးသို့ သွားလေသည်။

"နင့်မျက်နှာပေါ်က မျက်နှာဖုံး ဖယ်လိုက်စမ်း"

"မချွတ်ပါရစေနဲ့ရှင်၊ ကျွန်မလက်နဲ့ ချွတ်ခွင့်မရှိပါဘူး"

မိန်းကလေးက ကြောက်ကြောက်ရွံ့ရွံ့ ပြန်ပြောသည်။

www.burmeseclassic.com



"ဒါဖြင့် ဘယ်သူချွတ်ပေးမှရမှာလဲ"

"အိမ်ထောင်ကျပြီးမှ ယောကျ်ားလက်နဲ့ချွတ်မှ ချွတ်ခွင့်ရှိပါတယ်၊ ကိုယ့်သဘောနဲ့ ကိုယ်ချွတ်မိရင် မျက်နှာပေါ်မှာ ပရဲအထိုးခံရပါလိမ့်မယ်"

ထိုစကားကြားတော့ စိုင်းစံအိုက်က သဘောကျစွာ ရယ်မောလိုက်လေသည်။ အချိုရှာ သကာတွေသလိုပင် စောစောက မကြည်မလင်ဖြစ်နေသော မျက်နှာမှာလည်း ချက်ခြင်းဆိုသလို ပြုံးရွှင်လာလေသည်။

"စိတ်မပူပါနဲ့ မိန်းကလေးရယ်၊ ငါက တခြားသူ မဟုတ်ပါဘူး၊ ဒီတစ်နယ်လုံးကို ဝင်ငွေခွန် စည်းကြပ်ကောက်ခံပေးနေရတဲ့ ငွေခွန်တော်မှူး စိုင်စံအိုက် ဖြစ်ပါတယ်"

မျက်နှာဖုံးတပ်ထားသော မိန်းမပျိုက တစ်ချက်မော့ကြည့်လေသည်။

"မင်းကလွတ်လပ်သူတစ်ယောက် မဟုတ်လား"

မရဲတရဲဖြင့် ခေါင်းညိတ်ပြသည်။

"ဒီလိုဆိုရင် မင်းရဲ့လှပတဲ့ မျက်နှာပေါ်က အကျည်းတန်လှတဲ့ မျက်နှာဖုံးကို ငါ့လက်နဲ့ချွတ်ပေးပါရစေ"

"အို. . ဒီအတိုင်း ချွတ်လို့မှ မဖြစ်တာ"

"မင်းပြောတာကို ငါသဘောပေါက်ပါတယ်၊ တရားဝင်လက်ထပ်တဲ့ ယောကျ်ားကချွတ်ပေးမှ ရမှာမဟုတ်လား ဒီလိုဆိုရင်လည်း ငါ မင်းကိုလက်ထပ်ပါ့မယ်"

"ရှင်က ကျွန်မမျက်နှာကို မမြင်ရသေးပဲနဲ့ လက်ထပ်





မယ်လို့ ပြောနေတယ်၊ တကယ်လို့ မျက်နှာဖုံးခွာလိုက်တော့မှ ကျွန်မမျက်နှာက အရုပ်ဆိုးနေရင်ကော ဘယ်နှယ်လုပ်မလဲ"

ထိုစကားကြားတော့ စိုင်းစံအိုက်က သဘောကျစွာဖြင့် တဟားဟား ရယ်မောနေလေသည်။

"ဒီအတွက်တော့ စိတ်မပူပါနဲ့ မိန်းကလေးရယ် မင်းရဲ့မျက်နှာကို မမြင်ရသေးပေမယ့် ကြောက်စရာကောင်းတဲ့ ရုပ်မျိုး မဟုတ်ဘူးဆိုတာတော့ မြင်ရုံနဲ့ငါသိပါတယ်၊ တကယ်လို့ ရုပ်ဆိုးနေတော့လည်း ငါ့ရဲ့ကုသိုလ်ကံပဲလို့ပဲ သဘောထားပါ့မယ်၊ ကဲ. . တစ်ခါတည်းသာ ငါနဲ့လိုက်ခဲ့ပေတော့"

ဟုပြောဆိုကာ လမ်းမှာတွေ့သော မိန်းမပျိုတစ်ယောက်အား မြင်းဖြင့်တင်ခေါ်သွားလေသည်။ မျက်နှာဖုံးနှင့် မိန်းကလေးလည်း စိုင်းအိုက်စံခေါ်ဆောင်ရာနောက်သို့ မငြင်းမဖယ်ပဲနှင့် လိုက်သွားလေတော့သည်။

မိုင်းလွန်းသို့ ရောက်သောအခါ သူနေသော အဆောင်မှာမထားပဲ ခေါ်လာသော မိန်းကလေးအား သီးခြားအဆောင်မှာ ထားလေသည်။

သူနေသော အဆောင်တွင် လက်ထပ်ယူထားသော မိန်းမများရှိသောကြောင့် ခေါ်မသွားခြင်းဖြစ်သည်။ ထို့ပြင် ထိုမိန်းကလေးကို ခေါ်ဆောင်လာခြင်းမှာ ချစ်ခင်နှစ်သက်သဖြင့် လက်ထပ်ပေါင်းသင်းရန် ရည်ရွယ်၍ ခေါ်ဆောင်လာခြင်းမဟုတ်ပဲ အပျော်သဘောဖြင့် မြို့တော်တင်ရန် ရည်ရွယ်ချက်ဖြင့် ခေါ်ဆောင်လာခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်တော့ ထိုအဆောင်ဘက်သို့ ချက်ခြင်းမသွားသေးပဲ ငုင်းနေသောနေရာမှာ အစားအသောက်စားခြင်း၊ အရက်သေစာ သောက်စားခြင်းများ ပြုလုပ်နေလေသည်။ အချိန်က ညဦးပိုင်း အချိန်သို့ရောက်လာချေပြီ။ အရှေ့ဘက် တောင်တန်းကြီးများပေါ်မှကျော်ပြီး လရောင်ထွက်လာသည်နှင့် မြူနှင်းမှုံတို့ကလည်း တဖွဲဖွဲ တသဲသဲ ကျဆင်းစပြုလာချေပြီ။ ထို့နှင့်အမျှ အအေးဓာတ်ကလည်း ပိုများလာသည်။

ထိုအချိန်တွင် စိုင်းစံအိုက်နေသော အဆောင်ဘက်သို့ ထူးထူးခြားခြား ရနံ့တစ်မျိုးရောက်လာလေသည်။ ဆောင်တော်ကူးပန်းရနံ့ပင် ဖြစ်သည်။ တောတောင်ထူထပ်သောသူတို့ နေထိုင်သောနေရာတွင် သစ်ခွပန်းမျိုးစုံ၊ အခြားပန်းမျိုးစုံတို့ ပွင့်ကြသည်ဖြစ်ရာ လသာသော ညများတွင် ပန်းရနံ့ရသည်ကတော့ မထူးဆန်းလှပေ။

ထူးဆန်းတာက ယခင်က ထိုကဲ့သို့သော ဆောင်တော်ကူးပန်းရနံ့မျိုး တစ်ကြိမ်တစ်ခါမှ မရဖူးခြင်းဖြစ်သည်။ အနီးပတ်ဝန်းကျင် တစ်ဝိုက်မှာလည်း ဆောင်တော်ကူး ပန်းရုံများမရှိပေ။ ဒါက စိုင်းစံအိုက်အတွက် အရေးမကြီးလှပေ။ အရေးကြီးတာက နေ့လည်က ခေါ်လာသော မိန်းကလေးရှိသောအဆောင်သို့ ဆောင်တော်ကူးရနံ့သာ စိတ်ကရောက်နေလေသည်။

သို့သော် ချက်ခြင်းသွားလို့တော့ မသင့်လှပေ။ အ





ခြားမိသားစုများ ရှင်းသွားတော့ ထိုအဆောင်ဘက်သို့ တစ်ယောက်တည်း ကူးသွားလေသည်။ အဆောင်ရှေ့နှင့် နောက်ဘက်တွင် အစောင့်ရှိပြီး မီးဖိုများလည်း ဖိုထားသည်။ တဲအပြင်ဘက်မှာတော့ မီးဖိုမှမီးရောင်တို့ကြောင့် လင်းနေသည်။ တဲကြီးအတွင်းမှာတော့ မီးထွန်းမထားပေ။

ထိုတဲဘက်ရောက်တော့ လေနှင့်အတူပါလာသော ဆောင်တော်ကူးပန်းရနံ့များက ပိုမိုရလာလေတော့သည်။ တဲအရှေ့နှင့်အနောက်မှာ စောင့်နေသော အစောင့်များပင် မီးဖိုအနားတွင်ထိုင်ရင်း ငိုက်မြည်းနေကြသည်။ အရက်မူးနေသလား၊ ဘိန်းမူးနေသလားတော့ မသိပေ။ ထူးခြားတာကတော့ စူးရှလှသော ဆောင်တော်ကူးပန်းရနံ့ ရပြီးကတည်း ခေါင်းထဲမှာ မူးဝေနေခြင်းပင် ဖြစ်သည်။

ပထမတော့ သောက်ထားသော အရက်များသဖြင့် အရက်ရှိန်တက်နေသည်ဟုသာ ထင်နေမိသည်။ သို့ဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ တဲအတွင်းသို့ ဝင်သွားလေသည်။ တဲအတွင်းရောက်တော့လည်း ဆောင်တော်ကူးပန်းရနံ့များက ရနေသေးသည်။ တဲအတွင်းမှာတော့ အပြင်ဘက်မှ မီးရောင်ကြောင့် အတန်အသင့် မြင်ရလေသည်။

အတွင်းခန်း အိပ်ယာပေါ်မှာတော့ နေ့လည်က ခေါ်လာသော အမျိုးသမီးက ရှိနေသေးသည်။ တစ်ဘက်သို့စောင်းကာ အိပ်နေဟန်ရှိသည်။ စိုင်းစံအိုက် အိပ်ခန်းတွင်းသို့ ဝင်ရောက်သွားပြီး တံခါးကို ပိတ်လိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကုတင်ပေါ်သို့ဝင်ထိုင်ကာ မိန်းကလေးပခုံးကို ကိုင်လိုက်သည်။ ပထမတော့ ဆတ်ခနဲ တုန်သွားလေသည်။ နောက်မှ သူ့ဆွဲရာဘက်သို့ လှည့်လာလေသည်။

"မင်း မျက်နှာပေါ်က ကြောက်စရာကောင်းတဲ့ မျက်နှာဖုံးကြီးကို ငါဖယ်လိုက်တော့မယ်"

ဟု တိုးတိုးပြောလိုက်သည်။

"ရှင် ကျွန်မကို လက်မထပ်ရသေးဘူးလေ"

"လက်ထပ်တာက အရေးမကြီးပါဘူးကွာ၊ အချိန်မရွေး လုပ်လို့ရပါတယ်၊ တစ်ဦးနဲ့တစ်ဦး ချင်ခင်နှစ်သက်ဖို့သာ အရေးကြီးပါတယ်"

"ရှင်နဲ့ကျွန်မက အခုမှ တွေ့ကြတာဆိုတော့. . . နောက်ပြီး ကျွန်မမျက်နှာကိုလည်း မြင်ရသေးတာမဟုတ်ပဲနဲ့ ကျွန်မကို တကယ်နှစ်သက်တယ်ဆိုတာရော ယုံရပါ့မလား"

"ယုံပါကွာ၊ ငါ မင်းအပေါ်မှာ တကယ်ချစ်တာပါ။ မျက်နှာပေါ်က မျက်နှာဖုံးကြီး ဖယ်လိုက်တော့မယ်နော်"

"ရှင့်သဘောပဲလေ"

ထိုသို့ပြောနေစဉ်မှာပင် ညဉ့်နက်ပိုင်း ရောက်လာပြီဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များက ပိုများလာသည်။ ထို့အတူဆောင်တော်ကူး ပန်းရနံ့များကလည်း ပိုများလာသည်။ အခန်းတွင်းမှာပင် စူးစူးဝါးဝါး ရနေလေသည်။ ထိုအခြေအနေကိုတော့ စိုင်းစံအိုက်တစ်ယောက် သတိမပြုနိုင်တော့ပေ။





သူသည် မိန်းကလေးမျက်နှာပေါ်၌ တပ်ဆင်ထားသော မျက်နှာဖုံးကိုသာခွာဖို့ ကြိုးစားနေလေသည်။ အခန်းထဲမှာ အလင်းရောင်က သိပ်မရှိပေ။ ပထမ မျက်နှာဖုံးကိုခွာလိုက်သောအခါ နောက်ထပ် ထို့ထက်ကြောက်စရာကောင်းလှသည့် မျက်နှာဖုံးတစ်ခု တပ်ဆင်ထားသည်ကို ထပ်မံတွေ့ရပြန်သည်။

နောက်ထပ်တွေ့ရသော မျက်နှာဖုံးက ပထမတပ်ထားသော မျက်နှာဖုံးထက်ပို၍ ကြောက်မက်ဖွယ်ကောင်းလှသည်။ သရဲသဘက်မျက်နှာမျိုး ဖြစ်သည်။

"ဟင်. . မင်းက ထူးထူးဆန်းဆန်း မျက်နှာဖုံးနှစ်ခုတောင် တပ်ထားပါလား"

ထိုအခါ မိန်းကလေးထံမှ ရယ်သံတိုးတိုးထွက်လာသည်။

"ဒါက မျက်နှာဖုံး မဟုတ်ပါဘူး"

"ဟင် ဒါဖြင့် ဘာလဲ"

"ကျွန်မရဲ့မျက်နှာလေ"

ထိုစကားကြောင့် များစွာထိတ်လန့် တုန်လှုပ်သွားလေသည်။ ပထမ မိမိအရက်မူးလွန်နေသောကြောင့် မြင်မိမြင်ရာ မြင်ပြီး၊ ကြားမိကြားရာကြားနေသလားဟုပင် ထင်မိလေသည်။

"မင်း. . မင်း ဘယ်သူလဲ"

"ကျွန်မက တခြားသူမဟုတ်ပါဘူး၊ ဆောင်တော်ကူး



www.burmeseclassic.com

www.burmeseclassic.com



ကဝေဆိုတဲ့ မိန်းကလေးပါပဲ”

“ဟင်”

ထိုစကားကြောင့် စိုင်းစံအိုက်မှာ ဇဝေဇဝါဖြစ်သွားလေသည်။ ဆောင်တော်ကူးကဝေ ဆိုသောအမည်သည် မကြားဖူးသေးသော အမည်တစ်ခုတော့ မဟုတ်ပေ။ တစ်ခါနှစ်ခါထက် မနည်းကြားဖူးခဲ့သောအမည်ပင် ဖြစ်ပေသည်။ သို့သော် မယုံကြည်သောကြောင့် ပေါ့ပေါ့ပင် စိတ်ထဲမှာထားခဲ့လေသည်။

မကြာသေးခင်ကမှ မိုင်းလှိုင်ရွာဘက်မှ အမျိုးသမီးတစ်ယောက်ကို အဓမ္မသိမ်းပိုက်ရန် ကြံစည်သဖြင့် ငွေခွန်တော်မှူးတစ်ယောက် သေဆုံးသွားခဲ့သည်ပင် မကြာလှသေးပေ။ သေဆုံးသူ၏အမည်မှာ စဝ်ခမ်းလှိုင်ဆိုသူဖြစ်သည်။ ထိုအခါကပင် “ဆောင်တော်ကူးကဝေ”ဆိုသော အမည်ကိုကြားခဲ့ဖူးသည်။ ယခုတော့ ဆောင်တော်ကူးကဝေက သူ့မျက်စိရှေ့သို့ ရောက်နေလေသည်။

“နင်. . နင် ဘာလုပ်မလို့လဲ”

“ငါ့တာဝန်က မိန်းမပျိုတွေကို ဖျက်ဆီးနေတဲ့ နင်တို့လို လူယုတ်မာတွေကို သတ်ဖို့ပဲ၊ ဒီလိုသတ်ပစ်မှ နောက်ထပ်မိန်းကလေးတွေ သောကတွေ ဒုက္ခတွေ ငြိမ်းမှာပေါ့”

ဟု ပြောပြောဆိုဆို ဆောင်တော်ကူးကဝေက လှဲနေရာမှ ထလာသည်။ ထိုကဲ့သို့ ထလာသောအချိန်မှာတော့ ချောမောလှပသော မိန်းကလေးအသွင်မျိုး မဟုတ်တော့ပဲ





ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်မျိုး ဖြစ်နေပေပြီ။ စိုင်းစံအိုက်လည်း ထိုအခြေအနေကို မြင်တော့မှ ကြောက်ကြောက်လန့်လန့်နှင့် နေရာမှထပြေးရန် ကြိုးစားသည်။

အပြင်ဘက်မှရှိနေသော အစောင့်များကို အော်ဟစ်အကူအညီတောင်းရန် ကြိုးစားကြည့်သေးသည်။

သို့သော် မရတော့ပေ။

အသံလည်းမထွက်၊ တစ်ကိုယ်လုံးလည်း လှုပ်ရှား၍မရတော့ပေ။ ထိုအခါ ဆောင်တော်ကူး ကဝေထံမှ လက်တံရှည်များထွက်လာပြီး လက်သည်းချွန်များဖြင့် စိုင်းစံအိုက်လည်ပင်းကို ထိုးဖောက်ကာ သတ်ဖြတ်လိုက်လေသည်။

ထိုအခါမှပင် စိုင်းစံအိုက်ထံမှ ကြောက်မက်ဖွယ်ရာကောင်းသောအသံကြီး ပေါ်ထွက်လာလေတော့သည်။ ထိုအော်သံကြားတော့မှ အပြင်ဘက်မှာ စောင့်နေသော အစောင့်နှစ်ယောက်က တဲအတွင်းသို့ ပြေးဝင်လာကြလေသည်။

ဇင်းတို့ရောက်လာသော အချိန်မှာတော့ သွေးအိုင်ထဲတွင် အသက်ပျောက်နေသော စိုင်းစံအိုက်ကိုသာ တွေ့ကြရပြီး ခေါ်လာသော မိန်းကလေးကိုတော့ အစအနမျှပင် မတွေ့ကြရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၄ )

# ဂန္ဓာသေယျနတ်ဆိုး

ရှေးနှစ်ပေါင်းများစွာတပင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများမှာ လူနေထူထပ်ခြင်း မရှိလှပေ။ တောင်တန်းကြီးများ၊ ချောက်ကမ်းပါးများ၊ သစ်တောဝါးတောကြီးများကသာ နေရာအနှံ့အပြား ဖုံးလွှမ်းထားလေသည်။ တောင်မြင့်ကြီးများ ကာဆီးထားသောကြောင့် တစ်နေရာနှင့်တစ်နေရာ တစ်ရွာနှင့်တစ်ရွာ သွားလာရန် မလွယ်ကူလှပေ။

☺ အောင်မြင်စာစွမ ☺

www.burmeseclassic.com

www.burmeseclassic.com



သိန္ဓိုနှင့် ကွမ်းလုံကြားတွင် တောနက်ကြီးများ ... ပြောလှသောကြောင့် သားရဲတိရစ္ဆာန်တို့လည်း ပေါ်များ... သည်။

ကွမ်းလုံဘက်မှာရှိသော တောနက်ကြီးများနှင့် သိ... နယ်ဘက်တွင်ရှိကြသည့် တောနက်ကြီးများမှာ တဆ... တစပ်တည်း ရှိကြလေသည်။ သိန္ဓိုနှင့်သီပေါနယ်စပ်ရှိ တော... တောင်များ ထူထပ်လှသည့် တောင်ကြားတစ်နေရာတွ... ရှမ်းလူမျိုးအများစု နေထိုင်ကြသည့် ရွာကြီးတစ်ရွာရှိ... သည်။ ရွာအမည်မှာ နောင်မွန်ရွာဖြစ်သည်။ နောင်မွန်ရွ... တွင် အိမ်ခြေ(၅၀)ကျော်ခန့်ရှိပြီး ရွာလူကြီးအုပ်ချုပ်သော... ရွာလည်းဖြစ်သည်။

ထိုရွာတွင် ရှမ်းလူမျိုးအများစု နေထိုင်ကြသော... လည်း အခြားလူမျိုးများလည်း ရှိကြလေသည်။ ထိုရွာတ... ထားပုံမှာ တောင်ကြားနှစ်ခုတွင် တည်ထားခြင်းဖြစ်သော... ကြောင့် ပတ်ဝန်းကျင်၌ တောင်မြင့်ကြီးများက ဝန်းရံထားသေ... သည်။ ထိုရွာ၏အစွန်ဘက်တွင် ဒေါ်မင်းဇာတို့မိသားစု နေ... ထိုင်ကြသည်။ မိသားစုဆိုသော်လည်း ယောကျ်ားသား... သော မိသားစုတော့ မဟုတ်ပေ။

သမီးနှစ်ယောက်၊ အမေနှစ်ယောက် စုစုပေါ... သုံးယောက်သာရှိသည့် မိသားစုဖြစ်သည်။ ဒေါ်မင်းဇာ... အသက်(၆၀)ကျော်ရှိပြီး သမီးဖြစ်သူ မစောမွန်က(၄၀)ကျေ... အရွယ်သာ ရှိသေးသည်။ မစောမွန်၏ သမီးဖြစ်သူ မြ...





သီကတော့ အသက်(၂၀)ကျော် ဝန်းကျင်သာရှိသေးသည်။ ဒေါ်မင်းဇာက မိခင်၊ မစောမွန်ကလည်း မိခင်၊ မစောမွန်က သမီးဖြစ်သလို၊ မြကေသီကလည်း သမီးပင်ဖြစ်သည်။

သို့ကြောင့် အမျိုးသမီး သုံးယောက်တည်းနေသော အိမ်တွင် အမေကနှစ်ယောက်၊ သမီးနှစ်ယောက်ရှိနေကြခြင်း ဟု ရေးသားခြင်းဖြစ်ပေသည်။

ဒေါ်မင်းဇာတို့သုံးယောက်နေသော အိမ်ကြီးမှာ နှစ်ဆောင်ပြိုင်အိမ် အမျိုးအစားဖြစ်ပြီး အနောက်ဘက်၌ရှိသောအဆောင်တွင် မိသားစုသုံးယောက် နေထိုင်ကြပြီး အရှေ့ဘက်မှအဆောင်မှာတော့ လူမရှိပဲ၊ နတ်ရုပ်တုများသာ ထားလေသည်။

အိမ်ကြီးမှာ ကျယ်ဝန်းသလောက် ရုပ်တုများ ထားသာလည်း အတော်ပင်များလှသည်။ ရုပ်တုအတော်များများမှာ အခြားရုပ်တုမပါပဲ နတ်ရုပ်တုများသာ ဖြစ်ကြလေသည်။ ထိုရုပ်တုများမှာ ယခုကာလရောက်မှ ထုလုပ်ထားခြင်းမဟုတ်ပဲ၊ ရှေးနှစ်ပေါင်းများစွာကပင် ထုလုပ်အသုံးပြုခဲ့သော ရုပ်တုများ ဖြစ်ကြလေသည်။

သိကြားမင်းမှစပြီး နတ်မင်းကြီးလေးပါး အပါအဝင် ဘုံစဉ်စံနေကြသော နတ်သား၊ နတ်သမီးတို့၏ ရုပ်တုများ၊ မိဖုရားကတော်မယ်တော် အစရှိသော မယ်တော်များ၏ ရုပ်ထုများ၊ အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း၊ အပ သုံးဆယ့်ခုနစ်မင်း အစရှိသည့် "၁၁၁" ပါးသော နတ်ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



များလည်း ရှိကြလေသည်။

ထို့ပြင် ဘိုးတော်ရုပ်တု၊ မယ်တော်ရုပ်တုများလည်း ရှိပေသည်။ ရုပ်တုများမှာ အရွယ်အစား အမျိုးမျိုးရှိကြပြီး အချို့ ရွှေချထားကြသည်၊ အချို့ ဆေးရောင်၊ မစွေး စသော အရောင်အမျိုးမျိုး သုတ်ခြယ်ထားကြလေသည်။

ဒေါ်မင်းဇာတို့နေထိုင်သော အဆောင်နှစ်ဆောင်တွင် တစ်ဆောင်၌သာ မိသားစုသုံးယောက်နေပြီး၊ ကျန်အိမ်ကြီးတစ်ဆောင်လုံးမှာတော့ နတ်ရုပ်တို့ဖြင့်သာ ပြည့်နေလေတော့သည်။

သို့သော် ဒေါ်မင်းဇာသည် နတ်ကတော်တစ်ဦးတော့ မဟုတ်ပါချေ။ ဒေသခံများကတော့ ဒေါ်မင်းဇာအား "နတ်ကတော်" သို့မဟုတ်၊ မှော်ကဝေပညာများကို တတ်ကျွမ်းနားလည်သူ တစ်ယောက်ဟု လက်ခံထားကြလေသည်။ ဒေါ်မင်းဇာ တို့နေထိုင်ရာ ခြံဝန်းမှာကျယ်ဝန်းလှသည်။ ထိုခြံကျယ်ကြီးအတွင်းမှာ သီးပင်၊ စားပင်၊ ပန်းပင်မျိုးစုံတို့ ရှိကြလေသည်။

အထူးသဖြင့် ခြံကျယ်ကြီးအတွင်းမှာ ညမွှေးပန်းဟုခေါ်သော ဆောင်တော်ကူးပန်းရုံ အများအပြားရှိကြလေသည်။ ဆောင်တော်ကူးပန်းများပွင့်သော ရာသီရောက်သည်နှင့် ညအချိန်ရောက်လာသောအခါ ဆောင်တော်ကူး ပန်းရနံ့များ ကြိုင်လှိုင်နေတတ်သည်။ ယခုနှစ်ပိုင်း လပိုင်းများအတွင်း၌ ရှမ်းပြည်နယ် နေရာဒေသအသီးသီးတို့တွင် ဆောင်





တော်ကူးကဝေဟု အမည်တွင်နေသော သူတစ်ဦးက ငွေခွန်တော်မှုအစရှိသည့် လူအတော်များများကို သတ်ဖြတ်ပစ်နေသော သတင်းများ ပြန့်နှံ့နေလေသည်။

ထိုသို့သတ်ဖြတ်နေခြင်းမှာ အမြစ်မရှိသော သူများကို သတ်ဖြတ်နေသည်တော့ မဟုတ်ပေ။ မိန်းမပျိုလေးများအား အဓမ္မသိမ်းယူပြီး ခြေတော်တင်ရန် ကြိုးစားသူများကိုသာ ဆောင်တော်ကူးကဝေဆိုသောသူက သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒေသခံများကတော့ မှော်အတတ်ပညာ၊ ဇာဝေအတတ်ပညာ တတ်ကျွမ်းသော ဒေါ်မင်းဇာတို့ မိသားစုထဲမှ တစ်ဦးဦး ဖြစ်နေသလားဟု သံသယရှိနေကြလေသည်။

ဒေါ်မင်းဇာ၏ မြေးတော်သူ မြကေသီကလည်း ရုပ်ရည်က ချောမောလှပသူတစ်ဦးဖြစ်သလို မာနကလည်း ကြီးလှသူဖြစ်သည်။ သူတို့မိသားစုကို တစ်ရွာလုံးက ကြောက်နေရသည်ဟု ထင်မြင်ထားသောကြောင့် ပြောဆိုဆက်ဆံသည့်အခါမှာ မောက်မာမှုများ ရှိလေသည်။

ရွာထဲမှာရှိသော လူပျိုများက မြကေသီကို စိတ်ဝင်စားကြသော်လည်း ဆူးရှိသည့်ပန်း၊ အဆိပ်ပြင်းသော မြွေတစ်ကောင်ကဲ့သို့ မထိဝံ့၊ မစဝံ့ကြပေ။

တစ်ခါက နောင်မွန်ရွာနှင့် မနီးမဝေးမှာရှိသော အခြားရွာတစ်ရွာမှ လူပျိုတစ်ယောက်က မြကေသီကို နှစ်သက်သဖြင့် လူပျိုစကား လာရောက်ပြောကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်း၏အမည်မှာ "လန်စိုင်း"ဆိုသူ ဖြစ်လေသည်။ လန်စိုင်းက အသက်(၃၀)ကျော် ခန့်ရှိလေသည်။

"နင်က ငါ့ကိုလူပျိုစကားလာပြောနေတယ် ငါက လွတ်လပ်သူမှ မဟုတ်တာ ငါ့ကိုသိမ်းပိုက်ထားတဲ့သူရှိတယ်"

ထိုစကားကြောင့် လန်စိုင်းမှာ အံ့ဩသွားလေသည်။ သူ စုံစမ်းသိရသလောက်တော့ မြကေသီမှာ ပိုင်ဆိုင်သူ မရှိသေးပေ။

"ငါ့ကိုမညာပါနဲ့၊ နင့်မှာ ပိုင်ဆိုင်သူမရှိသေးဘူးဆိုတာ ငါသိပါတယ်"

"ငါက ဘာကြောင့် ညာပြောရမှာလဲ၊ ငါ့ကိုပိုင်ဆိုင်တဲ့ သူကို နင်မှမမြင်ရတာ ဘယ်ယုံမှာလဲ"

"ဘယ်သူလဲ"

"ဂမ္ဘသေယျလို့ ခေါ်တယ်၊ သူက နတ်တစ်ပါးပဲ"

ထိုစကားကြားတော့ လန်စိုင်းက ရယ်နေသည်။ သူ စိတ်ထဲမှာတော့ မြကေသီက သူ့ကိုမနှစ်သက်သောကြောင့် ဥပါယ်တံမျဉ်ဖြင့် ပြောနေသည်ဟုသာ ထင်မိလေသည်။

"ငါက အဲဒါမျိုးတွေ အယုံအကြည် မရှိဘူး"

"မယုံရင် နင်သူနဲ့တွေ့ပြီး တိုက်ခိုက်မလား၊ သူ့ကို နိုင်အောင်တိုက်ခိုက်နိုင်ရင် နင် ငါ့ကိုရမယ်"

"ကောင်းပြီ ဘယ်နေရာမှာတိုက်ရမှာလဲ"

"မိုင်းသုံတောင်မှာ သူရှိတယ်၊ ညအချိန်ရောက်ရင် မိုင်းသုံတောင်ခြေကိုလာရင် သူနဲ့တွေ့ရလိမ့်မယ်"





"ကောင်းပြီ ငါလာခဲ့မယ်၊ နင် ကတိသာတည်ပါစေ၊ ဒါထက် ငါအဖော်ခေါ်လာရင်ကော ရသလား"

"ခေါ်လာလို့တော့ ရတယ်၊ ဒါပေမယ့် ဂမ္ဘသေယျနဲ့ တိုက်ရင်တော့ နင်တစ်ယောက်တည်း တိုက်ရမယ်"

လန်စိုင်းက ခေါင်းညိတ်ပြကာ ပြန်သွားလေတော့သည်။ လန်စိုင်းက ထိုအကြောင်းများကို ရွာပြန်ရောက်သောအခါ အဖော်နှစ်ယောက်တို့အား ပြောပြလိုက်သည်။ ထိုအခါ အဖော်နှစ်ယောက်တို့က သူ့အား အပြစ်တင်သော အသံမျိုးဖြင့် ပြောလိုက်သည်။

"မင်းတယ်မိုက်လုံးကြီးပါလား၊ မိုင်းသုံတောင်ဆိုတာ နတ်ကြီးတဲ့နေရာ တစ်နေရာပဲ၊ အဲဒီမှာ နတ်ဆိုးတွေပဲရှိတယ်လို့ သတင်းမကြားဖူးလား"

စောလူဆိုသော အဖော်က အပြစ်တင်သော အသံမျိုးဖြင့် ပြောလိုက်သည်။

"အဲဒါမျိုးတွေ ငါမယုံဘူး၊ သူပြောတဲ့နတ်ကို နိုင်အောင်တိုက်ရင် ငါ သူ့ကိုရမှာ"

ထိုစကားကြားတော့ ထီးလုံဆိုသူက မေးသည်။

"ဒါထက်နေပါဦး၊ ဒီလောက်စွဲစွဲလန်းလန်း ဖြစ်နေရအောင် မင်းသဘောကျနေတဲ့ ကောင်မလေးက ဘယ်သူလဲ၊ ဘယ်ရွာကလဲ"

"နောင်မွန်ရွာက သူ့နာမည်က မြကေသီ"

လန်စိုင်းစကားကြားတော့ နှစ်ယောက်စလုံး မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသွားကြလေသည်။

"မင်း ဘယ်ဆိုးပါလားလန်စိုင်း၊ မြကေသီဆိုတာ ကဝေမကြီးရဲ့မြေးဆိုတာ မင်းမသိဘူးလား၊ သူ့ကို ဘယ်သူမှ ယူလို့မရဘူး၊ ယူဖို့ကြိုးစားတဲ့ သူမှန်သမျှ အသက်သေကြတယ်လို့ မကြားမိဘူးလား "

ဟု အပြစ်တင်သော အသံမျိုးဖြင့် ပြောကြသည်။

"အို ဘာပဲဖြစ်ဖြစ် ငါကတော့ မကြောက်ဘူး၊ ဒီည တော့ မိုင်းသုံတောင်ကို သွားရမယ်၊ မသွားပဲနေရင် ငါ့ကို သရဲဘောကြောင်တဲ့သူဆိုပြီး အထင်သေးလိမ့်မယ်၊ ပြောထားပြီးမှတော့ သွားရမှာပဲ၊ မင်းတို့နှစ်ယောက် ကြောက်ရင် နေခဲ့ကြပေါ့"

ဟု ပြောသော်လည်း စောလူနှင့်ထီးလုံတို့ကတော့ မနေခဲ့ကြပါလေ။ သုံးယောက်သား ဆိုးတူကောင်းဖက် လည်ပင်းဖက်ပြီး ပေါင်းသင်းခဲ့ကြသူများ ဖြစ်သောကြောင့် အတူတကွပင် သွားကြလေသည်။

မိုင်းသုံတောင်မှာ ၎င်းတို့နေသော ရွာနှင့် မဝေးလှပေ။ ထိုနေရာတစ်ဝိုက်တွင်ရှိကြသော ရွာများမှာ မိုင်းတုံတောင်ခြေနှင့် နီးသောနေရာ၌ ရှိကြသောကြောင့် မည်သည့်နေရာမှကြည့်ကြည့် ဝေးလှသည်တော့ မဟုတ်ပေ။

သူတို့သုံးယောက် တောင်ခြေသို့ရောက်သွားသော အချိန်မှာ နေဝင်ရီတရောအချိန်ပင် ရှိသေးသော်လည်း တောင်ရိပ်ကျနေသည်ကတစ်ကြောင်း၊ သစ်တောအရိပ်များ





က ဖုံးနေသောကြောင့် တောင်ခြေတစ်ဝိုက်မှာ မှောင်နေပေပြီ။ ထိုနေရာတစ်ဝိုက်မှာ ကျောက်တောင်မြင့်ကြီးများသာ အုပ်မိုးထားပြီး မည်သည့်တိရစ္ဆာန်မှ မတွေ့ကြရပေ။ ထို့အတူ လူရိပ်လူခြေလည်း မတွေ့ရပေ။

"မင်းပြောတဲ့ကောင်မလေးက ဘယ်မှာလဲ"

"သူဒီမှာ စောင့်နေမယ်လို့ ငါ့ကို သေသေချာချာ ပြောလိုက်တယ်"

"ငါအထင်ပြောရရင်တော့ မင်းကို သဘောမကျလို့ တမင်ချောက်ထွန်းလိုက်တာပဲ ဖြစ်ရမယ်၊ ဒီနေရာမျိုးကို တော့ ဘယ်နည်းနဲ့မှ သူလာမှာမဟုတ်ဘူး"

ဟု စောလူက ပြောသည်။ ထိုသို့ပြောနေစဉ်မှာပင် မနီးမဝေး ကျောက်တောင်ခြားအဲတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာလေသည်။ မြကေသီပင် ဖြစ်သည်။ သူမ တစ်ကိုယ်လုံး အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။ ကျောက်တောင်ခြားမှထွက်လာသော မြကေသီက သူတို့နှင့် မနီးမဝေးရောက်တော့ ရပ်လိုက်သည်။

"နင်ပြောတဲ့ ဂမ္ဘီရသေယျလို့ခေါ်တဲ့ နတ်ဆိုးက ဘယ်မှာလဲ"

မြကေသီက ဘာမှမပြောပဲ နောက်ဘက်သို့လှည့်ပြီး လက်ညှိုးထိုးပြသည်။ အမှောင်ရိပ်အတွင်းမှ လူပုပုလေး သေးတစ်ယောက် ထွက်လာလေသည်။ အမှောင်ရိပ်အတွင်းမှ ထွက်လာခြင်း ဖြစ်သောကြောင့် မျက်နှာပုံပန်းသဏ္ဌာန်

www.burmeseclassic.com



ကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

အရုပ်အမောင်းကတော့ သာမန်လူ၏ ခါးတစ်ဝက်လောက်သာ မြင့်လေသည်။ ထိုလူပုလေးကို မြင်တော့ လန်စိုင်းက ရယ်ချင်သွားသည်။

“နင်ပြောတဲ့ ကြောက်စရာကောင်းတဲ့ ဂမ္ဘသေယျဆိုတာ သူ့ကိုပြောတာလား”

“ဟုတ်တယ်”

“ဒီလောက်သေးတဲ့ လူပုလေးက ဘာများကြောက်စရာ ရှိမှာမို့လဲ”

မြကေသီကတော့ ဘာမှထပ်မပြောပဲ တစ်နေရာသို့ ထွက်သွားလေသည်။ တောင်ခြေမှာတော့ လန်စိုင်းနှင့်လူပုလေးသာ ကျန်ခဲ့လေသည်။ အဖော်ပါလာသော စောလူနှင့် ထီးလုံတို့ကတော့ မနီးမဝေးမှပင် အခြေအနေကြည့်နေကြလေသည်။ နှစ်ယောက်ချင်း တွေ့သောအခါ လန်စိုင်းက အမဲပစ်ရာမှာ အသုံးပြုသော တူမီးသေနတ်ကိုဖြုတ်ယူပြီး လူပုလေးကို ချိန်သည်။

လူပုလေးရပ်နေသော နေရာက မဝေးလှပေ။ လန်စိုင်းက ထွေထွေထူးထူး တွေးမနေတော့ပဲ ဂမ္ဘသေယျဆိုသော လူပုလေးကို တူမီးသေနတ်ဖြင့် ပစ်သည်။

“ချောက်. . ချောက်. . ချောက်”

သေနတ်က ကျည်ဆံမထွက်ပဲ တချောက်ချောက်နှင့်သာ အသံမြည်နေလေသည်။ မကျေနပ်သဖြင့် နောက်ထပ်





ပစ်သော်လည်း ကျည်ဆံကမထွက်ပေ။ သို့ကြောင့် သေနတ်ကိုချပြီး ကျောမှာလွယ်ထားသော ဓားကိုယူလိုက်ကာ ရှေ့သို့ တိုးသွားလေသည်။

“မင်းလို လူပုလေးတစ်ယောက်နဲ့ တိုက်ရမှာ သနားစရာပဲ”

ထိုသို့ပြောလိုက်ရုံ ရှိသေးသည်။ မနီးမဝေးမှာ ရပ်နေသော လူပုလေး၏အရုပ်က တဖြည်းဖြည်းနှင့် အပေါ်သို့ မြင့်တက်လာသည်။ ကိုယ်လုံးကိုယ်ထည်ကလည်း ထွားကျိုင်းလာသည်။

“ဟင်”

ထိုမြင်ကွင်းကိုမြင်တော့ လန်စိုင်းနှင့် အဖော်နှစ်ယောက်တို့မှာ မျက်လုံးပြူးသွားကြလေသည်။ ကြည့်နေရင်းမှာပင် ဂမ္ဘသေယျနတ်ဆိုး၏ အရုပ်အမောင်းက သူတို့ထက် သုံးလေးဆ မြင့်တက်သွားသောကြောင့် အပေါ်သို့ မော့ကြည့်ကြရသည်။

ထိုအခိုက်မှာပင် ဂမ္ဘသေယျနတ်ဆိုးက ရှေ့သို့ တစ်လှမ်းချင်း တိုးလာလေပြီ။ အရုပ်အမောင်းမြင့်သလို ကိုယ်လုံးတလည်း ကြီးမားနေပြီ ဖြစ်သဖြင့် ခြေတစ်လှမ်းချလိုက်တိုင်း မြေကြီးများ သိမ့်သိမ့်တုန်နေတော့သည်၊ အပြင်ဘက်ရောက်လာတော့မှ မျက်နှာကိုလည်း တွေ့ကြရသည်။

ဘီလူးမျက်နှာကဲ့သို့ ကြောက်စရာကောင်းသော မျက်နှာမျိုး ဖြစ်လေသည်။ ထိုအခြေအနေကိုမြင်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



လန်စိုင်းတို့သုံးယောက်မှာ အခြေအနေမဟန်မှန်း သိသဖြင့် နောက်ကြောင်းပြန်လှည့်ပြေးရန် ပြင်ကြလေသည်။ သို့သော် နောက်မှ ခြေလှမ်းကျဲကြီးဖြင့် လိုက်လာသော ဂမ္ဘသေယျ နတ်ဆိုးလက်မှ မလွတ်နိုင်ကြပေ။

နောက်မှ နီးလာသည်နှင့် တင်းပုတ်ဖြင့် လိုက်ထုရာ ဘေးလွတ်ရာသို့ ပြေးကြရာ တကွဲတပြားစီ ဖြစ်သွားလေ တော့သည်။

ကြောက်စရာကောင်းသော ဂမ္ဘသေယျနတ်ဆိုးက အခြားသူများနောက်သို့မလိုက်ပဲ လန်စိုင်းနောက်သို့သာ တရ ကြမ်းလိုက်ပြီး တင်းပုတ်ဖြင့် ထုနေလေတော့သည်။

လူမဆိုထားနှင့်။ ကျောက်တုံးနှင့်သစ်ပင်တို့ပင် တင်း ပုတ်ဖြင့်ထုမိသောအခါ ကွဲကြေကျိုးပဲ့ ကုန်ကြသည်။

တစ်နေရာရောက်သောအခါ လန်စိုင်းမှာ ပြေးရင်း လွှားရင်းနှင့် ကျောက်တုံးဖြင့် တိုက်မိပြီးနောက် လဲကျသွားရာ ပြန်မထနိုင်တော့ပေ။ ထိုအခိုက်မှာပင် ဂမ္ဘသေယျနတ်ဆိုးက တင်းပုတ်ကြီး တကိုင်ကိုင်ဖြင့် အနားသို့ရောက်လာသည်။ ထိုသို့ရောက်လာပြီး တင်းပုတ်ဖြင့်ထုရန် မြှောက်လိုက်သည် နှင့် အသံတစ်သံ ထွက်လာသည်။

"ဟဲ့ . . မိစ္ဆာကောင် ရပ်လိုက်စမ်း"

မမျှော်လင့်ပဲ ထွက်လာသော အသံကြောင့် လန်စိုင်း အပေါ်သို့ ထုချရန်ဟန်ပြင်နေသော တင်းပုတ်မှာ တုံ့သွား လေသည်။ ဂမ္ဘသေယျနတ်ဆိုး၏ ကိုယ်ခန္ဓာမှာလည်း တ





ဖြည်းဖြည်းနှင့် ပြန်လည်သေးငယ်သွားရာ မူလအရွယ်အစား အတိုင်း ပြန်ရောက်သွားလေသည်။ ထိုသို့ ပြန်ရောက်သွား သောအချိန်မှာတော့ စောစောကလို မလှုပ်ရှားနိုင်တော့ပဲ မဖွေးများသုတ်ထားသော ရုပ်တုအဖြစ်သို့ ပြန်ရောက်သွား လေသည်။

လန်စိုင်းကတော့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် မျက်စိ မှိတ်ထားရာမှ နားထဲမှာ အမျိုးသမီးတစ်ယောက်၏ အမိန့် ပေးသောအသံကို ကြားလိုက်ရသည်။ ထို့ပြင် မိမိကိုယ်ပေါ် သို့ တင်းပုတ်ကြီး ရောက်မလာတော့မှ ကြောက်ရွံ့စွာဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။ ကြောက်စရာကောင်းသော ဂမ္ဘသေယျနတ်ဆိုးကို မတွေ့ရတော့ပဲ သူနှင့်မနီးမဝေးတွင် သာမန်ရုပ်တုတစ်ခုကိုသာ တွေ့ရလေသည်။

အံ့ဩစွာဖြင့် စောစောက အသံကြားလိုက်ရသော နေရာသို့ လှမ်းကြည့်လိုက်သော အမှောင်ရိပ်ထဲမှာ ရပ်နေ သော အမျိုးသမီးတစ်ယောက်ကို တွေ့မြင်ရသည်။ တစ်ကိုယ် လုံး အဝတ်မည်းကြီး ခြုံထားသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရပေ။

သို့သော် သူနှင့်စောစောက တွေ့လိုက်ရသော မြ တေသီ မဟုတ်မှန်းတော့ ပုံပန်းသဏ္ဌာန်မြင်ရုံနှင့် သိလေ သည်။

ထိုအချိန်မှာပင် အမှောင်ရိပ်မှာရပ်နေသော အမျိုး သမီးက တောထဲသို့ ပြန်ဝင်သွားလေတော့သည်။ ထိုအခါမှ



www.burmeseclassic.com

www.burmeseclassic.com



ပင် လန်စိုင်းမှာ သက်ပြင်းချနိုင်ပေတော့မည်။ အမှောင်ရိပ်ထဲမှ ကယ်တင်ရှင်မှာ ဘယ်သူလဲဆိုတာတော့ စိတ်ထဲမှ သိချင်နေသည်။





# အခန်း ( ၅ )

# ပဟေဠိဆန်သော မိန်းကလေး

အချိန်ကာလမှာ ခရစ်(၁၉၀၀)ပြည့် မြန်မာ(၁၂၆၀) နှစ်ဝန်းကျင် အချိန်ကာလဖြစ်ပြီး၊ ရာသီကာလညီး နွေနှောင်းပိုင်း အချိန်ကာလပင် ဖြစ်သည်။ ဧပြီလနောက်ပိုင်း ရောက်လာသည်နှင့် မြောက်ပိုင်းဒေသများတွင် ရာသီဥတု ဘာယ်သ လာလေသည်။ နောက်ပိုင်းတွင် မိုးထစ်ဖြိုက်နှစ်ဖြိုက် ရွာပြီး ပါက ဖုံးလွှမ်းနေသော နှင်းခဲများ အရည်ပျော်ကျလာပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် ပိုပြီးသယာလှပ လာပေကြတော့မည်။

ထိုကဲ့သို့ ရခဲများ အရည်ပျော်ကျလာသောအခါ တောင်မြင့်ကြီးများပေါ်တွင် ပွင့်လန်းကြသော တောင်ဇလပ်ပန်းများ ချယ်ရီပန်းတို့၏ အလှများကိုလည်း အဝေးမှပင် တွေ့မြင်လာကြရသည်။ တောင်ဇလပ်ပန်းတို့မှာ အရောင်စုံ အသွေးစုံ ပွင့်ဝန်းလေ့ရှိကြသဖြင့် အဝေးမှကြည့်သောအခါ ပန်းကော်ဇောကြီးများ ဖြန့်ခင်းထားသကဲ့သို့ လှမ်းမြင်ကြရလေသည်။

ဒေသတို့ကတော့ ထိုကဲ့သို့ ရာသီဥတုကောင်းမွန်သောအချိန်တွင် အလုပ်အတွက် အာရုံစိုက်ကာ လုပ်ကြရလေသည်။ အပ်ဖက်လုပ်ငန်း၊ လက်ဖက်လုပ်ငန်း၊ လိမ္မော်သီး၊ ပန်းသီးသော အသီးအနှံများ ရောင်းချသောလုပ်ငန်း၊ ဘိန်းစိုက်ပျိုးခြင်းလုပ်ငန်း စသည်တို့မှာ ရှမ်းပြည်နယ်ဘက်တွင် နေထိုင်ကြသူတို့အတွက် အဓိက စီးပွားရေးလုပ်ငန်းများပင် ဖြစ်ကြလေသည်။

တောင်ယာစိုက်ခင်းနှင့် လယ်ယာလုပ်ကိုင်သောလုပ်ငန်းများလည်း ဝမ်းရေးအတွက် တစ်ဖက်တစ်လှမ်းမှ ပါဝင်လေသည်။ ရှမ်းပြည်နယ်ဘက်တွင် အဓိကစိုက်ပျိုးသောအသီးအနှံတို့မှာ အာလူး၊ မြေပဲ၊ ကြက်သွန်ဖြူ၊ ဂျုံ၊ ကော်ဖီ၊ ဗာဂျီးနီးယားဆေးရွက်၊ သနပ်ဖက်၊ လိမ္မော်သီးနှင့် ဆန်စပါး စသည်တို့ ဖြစ်ကြသည်။ လက်ဖက်နှင့် ဘိန်းကိုတော့ သင့်တော်သော နေရာများ၌ စိုက်ပျိုးတတ်ကြသည်။





ထိုကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများအပြင် ငါးရှာခြင်း၊ အမဲလိုက်ခြင်းနှင့် တောင်များပေါ်တက်ပြီး ခန်းတောက်မြစ်၊ ချစ်ဥ၊ မရှော့ရွက်စသော ဆေးဖက်ဝင်ပစ္စည်းများ ရှာဖွေရောင်းချခြင်းဖြင့် ဝင်ငွေရကြလေသည်။

ရှာဖွေရသောပစ္စည်းများ၊ ရောင်းချရန်ရှိသောပစ္စည်းများကို မြို့များအထိ သွားရောက်ရောင်းချရန် မလိုပေ။ ရွာကြီးများတွင် ငါးရက်တစ်ဈေး ဖွင့်လေ့ရှိရာ ထိုနေရာများသို့ သွားရောက်ရောင်းချကြလေသည်။ ရှမ်းပြည်နယ်အတွင်းရှိ မြို့များ ရွာများတွင် နေ့စဉ် ဈေးမစည်ပဲ ငါးရက်တစ်ဈေးသာ ကျင်းပလေ့ရှိကြသည်။

တစ်နေရာနှင့်တစ်နေရာ၊ တစ်မြို့မှတစ်မြို့ပြောင်းလဲမှုလုပ်သော ဈေးခလေ့လည်း ဖြစ်ပေသည်။ ဈေးရောင်းချသူများက ဈေးဖွင့်သောနေရာများသို့ လိုက်ပါရောင်းချကြရသည်။ ရှေးအခါကတော့ လမ်းပန်းဆက်သွယ်ရေး မကောင်းသေးသောအချိန်က လှည်းဖြင့်သော်လည်းကောင်း၊ ခြေလျင်ခရီးဖြင့်သော်လည်းကောင်း သွားလာရောင်းချကြရသည်။

(နောက်ပိုင်းလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသော အခါမှာတော့ တစ်နေရာနှင့်တစ်နေရာ ဘတ်(စ်)ကားဖြင့် လှည့်လည်သွားလာကြသည်။)

ဈေးရက်များမှာ စော်ဘွားနယ်များ၌ အောက်ပါမြို့များ၌ တပြိုင်နက်ဈေးဖြစ်လေသည်။ ရှမ်းအခေါ်ဖြင့် "ကတ်ဝိန်း"ဟု ခေါ်ဝေါ်ကြသည်။ ၎င်းဈေးတို့မှာ . (၁)ရပ်စောက်၊



www.burmeseclassic.com

www.burmeseclassic.com



(၂)ပင်းတယ၊ (၃) ညောင်ရွှေ၊ (၄)ဟိုပုန်း ၊ (၅)မိုးနဲ၊ (၆)လဲချား (၇) မိုင်းကိုင်၊ (၈)မိုင်းယွန်း၊ (၉)ဆီဆိုင်(သထုံ) စသည် ဖြစ်ကြသည်။

ထိုဈေးများပြီးသောအခါ (၁)ဟဲဟိုး၊ (၂)တောင်ကြီး (၃)နန်းပန်၊ (၄)နောင်မွန်၊ (၅)လွိုင်လင်၊ (၆)အောင်ပန်း၊ (၇) ဘန်းယဉ်၊ (၈)ကလောမြို့တို့တွင် ဈေးပြန်ဖြစ်ကြပြန်ေ သည်။

အကြီးဆုံးဈေးမှာ ပင်းတယနှင့် နန်းပန်တွင် ပြုလု သောဈေးဖြစ်သည်။ ဈေးနေ့ရောက်သောအခါ ယောက် မိန်းမ၊ ကလေးလူကြီးမကျန် ဈေးသို့သွားကြသည်။ ရောင်း စရာရှိသော ကုန်ပစ္စည်းများရောင်းချပြီး၊ ဝယ်ယူစရာရှိသေ ပစ္စည်းများ ဝယ်ယူကြသည်။ ထို့ထက် အရေးကြီးသောကိ များလည်း ရှိကြသေးသည်။

အခြားအချိန်များတွင် ကိုယ့်အလုပ်နှင့်ကိုယ် မအား လပ်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံဖို့ အချိန်မရကြသေ ဈေးနေ့ရောက်သောအခါမှာတော့ အခြားပြုလုပ်ဖွယ်ရာကိ များ မလုပ်ကြတော့ပဲ ဈေးသို့သွားကြသည်။ ဈေးရော တော့ အချင်းချင်း တွေ့ဆုံပြီး ရပ်ရွာကိစ္စ၊ သာမှုနာမှုကိစ္စမျာ ဆွေးနွေးတိုင်ပင် ကြရလေသည်။

ပစ္စည်းရှာဖွေရောင်းချသူတို့လည်း မိမိတို့ရွာနှင့် န စပ်သော ဈေးနေ့များသို့သွားရောက်ကာ ရောင်းချကြသည် ထိုသို့ရောင်းချပြီး လိုအပ်သော ပစ္စည်းများပါ ဝယ်ယူခဲ့ကြသေ





သည်။ နီမောင်တို့မိသားစုနေကြသောရွာမှာ မိုင်းနောင်ရွာ ဖြစ်လေသည်။ ရှမ်းလူမျိုးအများစုနေသော ရွာဖြစ်သော် သည်း အခြားလူမျိုးအချို့လည်း နေထိုင်ကြလေသည်။

နီမောင်တို့ မိသားစုနေကြသောရွာမှာ မိုင်းနောင်ရွာ ဖြစ်လေသည်။ ရှမ်းလူမျိုးအများစုနေသော ရွာဖြစ်သော် သည်း အခြားလူမျိုးအချို့လည်း နေထိုင်ကြလေသည်။
နီမောင်တို့က မြစ်ဝကျွန်းပေါ်ဘက်မှ ရွှေ့ပြောင်းလာကြသူ များ ဖြစ်ကြလေသည်။

ပထမ အသိမိတ်ဆွေများရှိသောနေရာသို့ သွား ရောက်လည်ပတ်ရင်းမှ ထိုနေရာတွင် လုပ်ကိုင်စားသောက် ရင်း အမြဲနေထိုင်ရန် ဆုံးဖြတ်ကြပြီး ၎င်းတို့နှင့် အသိမိတ် ဆွေအချို့ ရှိကြသည့် မိုင်းနောင်ရွာတွင် နေထိုင်ခဲ့ကြခြင်း ဖြစ်သည်။

ထိုရွာရောက်တော့ လိမ္မော်ပင်များပါသော ခြံကျယ် တစ်ကွက်ကို သင့်တော်သော ဈေးဖြင့်ဝယ်ယူကာ ထိုခြံထဲမှာ ပင် အိမ်တစ်လုံးဆောက်လုပ်ကာ နေထိုင်ခဲ့ကြခြင်း ဖြစ်၏။ ၎င်းတို့ မိသားစုမှာ မများလှပေ။ မိခင်နှင့်ဖခင်ဖြစ်ကြသော ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့အပြင် နီမောင်ထက်ငယ်သော သမီးငယ်တစ်ယောက်သာ ရှိသဖြင့် လေးယောက်ဖြစ်သည်။

ကျန်မိသားစု သုံးယောက်က အသီးအနှံထွက်သော ခြံကို ဝိုင်းဝန်းလုပ်ကိုင်ကြပြီး နီမောင်ကတော့ ရွာထဲမှအပေါင်း နှစ်ယောက်တို့နှင့် တောင်ပေါ်တက်ပြီး ခန်းတောကိုမြစ်၊

www.burmeseclassic.com



မချစ်ဉ စသော ဆေးဖက်ဝင်ပစ္စည်းများ ရှာဖွေလေသည် ခန်းတောက်မြစ်နှင့် မချစ်ဉတို့မှာ ဆေးဖက်ဝင်သဖြင့် ဈေး ကောင်းရနိုင်သော်လည်း အချိန်တိုင်း၊ ရာသီတိုင်းတော့ ရှာ ဖွေ၍ မရနိုင်ပေ။

သို့ကြောင့် ရှာဖွေ၍ရသော အချိန်ရောက်သောအ ခါ ထိုပစ္စည်းများရှာဖွေပြီး၊ အချိန်မရောက်သေးလျှင်တော့ ကတိုးလိုက်ခြင်း စသောအလုပ်မျိုးလုပ်သည်။

နီမောင်က စွန့်စွန့်စားစား သွားလာလုပ်ကိုင်ရသော အလုပ်မျိုး၊ ကတိုးလိုက်ခြင်း ကဲ့သို့သော အမဲလိုက်သောအ လုပ်မျိုးကို များစွာဝါသနာပါသူဖြစ်သည်။ မိုင်းနောက်ရွာတွင် နီမောင်နှင့် လက်တွဲညီသော လူရွယ်နှစ်ယောက် ရှိကြသည်၊ စောထီးနှင့် ငမဲအောင်တို့ဖြစ်ကြသည်။ သူတို့သုံးယောက်မှာ အသက်အရွယ်ချင်း မကွာလှသလို စွန့်စားသွားလာလိုစိတ် ရှိကြသူများပင် ဖြစ်ကြလေသည်။

ယခုကာလမှာ နွေနှောင်းကာလရောက်လာပြီ ဖြစ် သောကြောင့် တောင်တန်းကြီးများပေါ်တွင် ရာသီဥတုများ က သာယာလာသလို ဆေးဖက်ဝင်ပစ္စည်းများလည်း အ လွယ်တကူ ရှာဖွေရရှိနိုင်ကြလေသည်။

ထို့ပြင် ဆောင်းရာသီကာလတလျှောက်လုံး မြောက် ပိုင်းဒေသများတွင် ဆောင်းခိုနေကြသော ကတိုးမွေး ရနို သည့် ကတိုးကောင်များလည်း ရေခဲပျော်သော တော များရှိရာသို့ ဆင်းလာတတ်ကြသည်။





ရေခဲများပျော်ကျသော အချိန်တွင် ဝါးတောကြီးများ မှ ဝါးမျှစ်နုများ တိုးထွက်လာကြရာ ကတိုးကောင်များက ဝါးမျှစ်နု ကြိုက်သဖြင့် ဆင်းလာပြီး လာရောက်စားသောက် ကြချိန်တွင် မုဆိုးများက စောင့်ဆိုင်းပြီး ပစ်ခတ်ဖမ်းဆီးကြ ခြင်း ဖြစ်ပေသည်။

ယခုလည်း နီမောင်တို့သုံးယောက် တောင်ပေါ်တက် ပြီး ပြန်ဆင်းလာတော့မှ ဇစ်ယောက်တစ်နေရာစီ ဖြစ်ကာ နီမောင်တစ်ယောက်တည်း ပြန်ဆင်းလာရာ တစ်နေရာ ရောက်တော့ မှောမောနှင့် တောင်ကြားတစ်နေရာတွင် နား နေစဉ် တောင်ကြားဘက်မှပြေးလာသော ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်ရာ တောင်ကြားနှစ်ခုကြားမှ အမျိုးသမီး တစ်ယောက် ပြေးထွက်လာသည်ကို လှမ်းမြင်လိုက်ရလေ သည်။

တောင်ကြားမှပြေးထွက်လာသော အမျိုးသမီးက နောက်ဖက်မှာ ကြောက်ရွံ့ထိတ်လန့်စရာ တစ်စုံတစ်ခုပါလာ သည်အထင်ဖြင့် လှည့်ကြည့်ရင်းနှင့် ပြေးလာခြင်းဖြစ်သည်။

ထိုမြင်ကွင်းကို မြင်သောအခါ နီမောင်က နံဘေးမှာ ချထားသော လေးနှင့်မြားကို ကောက်ယူလိုက်သည်။ ပြေး လာသောအမျိုးသမီးက နီမောင်ထိုင်နေသည်ကို မြင်သော အခါ သူရှိရာဘက်သို့ ပြေးလာလေသည်။

"ကယ်ပါဦး. . ကယ်ပါဦးရှင်"

"ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် နေရာမှထကြည့်သောအခါမှာလည်း အမျိုးသမီးနောက်ဘက်မှ လိုက်လာသော သတ္တဝါကို မတွေ့ရပေ။ ပြေးလာသောအမျိုးသမီးက နီမောင့်အနီး ရောက်သောအခါ ရပ်တန့်သွားသည်။ သူမကြည့်ရသည်မှာ ကြောက်ရွံ့ထိတ်လန့်စရာ တွေ့ခဲ့ရဟန်ဖြင့် အသက်ရှူမဝသကဲ့သို့ ဖြစ်နေလေသည်။

"ဘာဖြစ်လာတာလဲ၊ ဘာတွေ့လာခဲ့လို့လဲ"

ထိုသို့မေးတော့လည်း ပြန်မပြောနိုင်သဖြင့် နီမောင်က ခါးမှာချိတ်ထားသော ရေဗူးကို ဖြုတ်ပေးလိုက်တော့ တစ်ကျိုက်နှစ်ကျိုက် မော့သောက်လေသည်။ ရေသောက်ပြီးတော့မှ အနည်းငယ် အမောပြေသွားဟန် ရှိလေသည်။

"ဟိုဘက်ချောက်ထဲရောက်တော့ ကျောက်တုံးကြားက အရိုးခြောက်ကြီး ထွက်လာပြီး တဟီးဟီးနဲ့ ရယ်ပြနေတာ တွေ့ခဲ့ရလို့ပါ"

ထိုစကားကြောင့် နီမောင်က သူမထွက်လာသော နေရာဘက်သို့ လှမ်းကြည့်လိုက်ရာ ထူးထူးခြားခြားတော့ မတွေ့ရပေ။

"ဒါထက် အဖော်မပါဘူးလား"

"အဖော်တွေက ရှေ့ကသွားနှင့်ကြပြီ၊ ကျွန်မကသာ ဟိုဘက်မှာပွင့်နေတဲ့ ပန်းတွေတွေ့လို့ ဆင်းခူးနေရင်းနဲ့ ကျန်ခဲ့တာပါ"

"ဒီနေရာတွေက အဖော်မပါပဲ တစ်ယောက်တည်း





မသွားလာသင့်ဘူး၊ နယ်မြေကြမ်းတယ်"

"ဘယ်လိုကြမ်းတာလဲဟင်"

"သရဲသဘက်တွေလည်း ကြောက်ရတာပဲ၊ လူဆိုးလူမိုက်တွေနဲ့တွေ့ရင်လည်း မကောင်းဘူး၊ နောက်ပြီး အခုတလော ဆောင်တော်ကူးကဝေဆိုတဲ့ မိန်းမတစ်ယောက်ကြောင့် လူတွေသေနေတာ မကြားမိဘူးလား"

"ကြားတော့ကြားမိပါတယ်၊ ဒါထက် အစ်ကိုက ဆောင်တော်ကူးကဝေကို တွေ့ဖူးသလားဟင်"

"မတွေ့ဖူးပါဘူး၊ ဒါထက် မင်းက ဘယ်ရွာကလဲ"

"မဝေးလှပါဘူး သာမိုင်းရွာမှာ နေပါတယ်"

"နာမည်က ဘယ်သူလဲ"

"မြနှင်းဖြူလို့ ခေါ်ပါတယ်၊ အစ်ကို့နာမည်က ဘယ်သူလဲ၊ ဘယ်ရွာမှာနေတာလဲဟင်"

"ငါ့ နာမည်က နီမောင်လို့ ခေါ်တယ်၊ မိုင်းနောင်ရွာကပါ"

"အစ်ကိုက ဗမာတစ်ယောက် မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ကျွန်မတစ်ယောက်တည်းတော့ မပြန်ဝံ့တော့ဘူး၊ အစ်ကိုနဲ့လိုက်ခဲ့ပြီး ရွာဘက်ကအဖော်တွေနဲ့ တွေ့တော့မှပဲ သွားတော့မယ်"

ဟု ပြောသဖြင့် နှစ်ယောက်သွားထိုနေရာမှ ထွက်ခဲ့ကြလေသည်။ အချိန်က ညနေပိုင်းအချိန် ရောက်လာလေ

www.burmeseclassic.com



သည်။ နေဝင်ချိန် မနီးသေးသော်လည်း နေရောင်ခြည်ကိုတော့ မမြင်ရတော့ပေ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မြူနှင်းများက ငွေဆိုင်းစပြုလာချေပြီ။ ထိုကဲ့သို့သောအချိန်တွင် ရွာများနှင့် ဝေးသောနေရာများတွင် တစ်ယောက်ချင်း နှစ်ယောက်ချင်း အသွားအလာ မလုပ်သင့်တော့ပေ။

အထူးသဖြင့် မိန်းမပျိုလေးများအနေဖြင့် ထိုကဲ့သို့သော အချိန်အခါမျိုးတွင် တစ်ယောက်တည်း မသွားလာသင့်တော့ပေ။ ထိုအချိန်မျိုးရောက်တော့မှ အဖော်မပါပဲ တစ်ယောက်တည်း သွားလာနေသော မြနှင်းဖြူဆိုသော မိန်းကလေးကို တွေ့သောအခါ စိတ်ထဲတွင် အံ့ဩသလို ဖြစ်နေသည်။ သို့ကြောင့် အနီးမှလျှောက်လာသော မြနှင်းဖြူကို မသိမသာ အကဲခတ်ကြည့်မိသည်။

အသက်(၂၀)ကျော်အရွယ်လောက်သာ ရှိသေးပြီး မျက်လုံး၊ မျက်ခုံး၊ နှာတံ ၊ နှုတ်ခမ်း၊ ကိုယ်ဟန်အနေအထားတို့မှာ ချောမောလှပသူတစ်ယောက်ဖြစ်မှန်း မြင်ရုံနှင့် သိနိုင်လေသည်။ မြနှင်းဖြူတစ်ကိုယ်လုံးတွင် ထူးခြားမှုမှာ နက်မှောင်ရှည်လျားသော ဆံပင်ရှည်များနှင့် ထူထဲသော မျက်ခုံးနှစ်ဖက်ပင်ဖြစ်၏။ နက်မှောင်ထူထဲသော မျက်ခုံးနှစ်ဖက်အောက်မှာ ကြည်လင်တောက်ပသော မျက်လုံးအစုံက ပိုမိုတောက်ပနေသယောင် ရှိကြ၏။

နီမောင် ခိုးကြည့်နေမှန်းသိတော့ မြနှင်းဖြူက ဖျပ်ခနဲ တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြသည်။





"ဒီလိုအချိန်မျိုးမှာ တစ်ယောက်တည်း သွားလာနေတာတွေလို့ ကျွန်မကို တစ်မျိုးထင်နေလို့လား"

"ဒီ. . ဒီလိုတော့ မထင်ပါဘူး"

ဟု ကဗျာကရာ ပြင်းလိုက်ရသည်။ မြနှင်းဖြူ ဝတ်ဆင်ထားသော အဝတ်အစားများမှာ သာမန်လူတို့ဝတ်ဆင်သော အဝတ်ဟောင်းများသာ ဖြစ်သည်။ အဝတ်ဟောင်းများ ဝတ်ဆင်ထားသော်လည်း သူမအလှများကတော့ ပေါ်လွင်နေကြသည်။

ထိုသို့လျှောက်လာကြစဉ် တောင်ခြေနှင့်မနီးမဝေးနေရာရောက်တော့ စောစောက မြနှင်းဖြူပြေးထွက်လာသော တောင်ကြားထိပ်ပေါ်ရှိ ကျောက်တုံးတစ်တုံးပေါ်တွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို နှစ်ယောက်စလုံး လှမ်းမြင်ကြရသည်။

ထိုအမျိုးသမီးက တစ်ကိုယ်လုံး အနက်ရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသောကြောင့် လေထဲမှာ တလူလူလွင့်နေသည်။ ထို့အတူ နောက်ဘက်မှာ ဖားလျားချထားသော ဆံပင်ရှည်တို့ကလည်း လေတိုက်လိုက်တိုင်း တလူလူနှင့် လွင့်နေကြသည်။ ထိုအမျိုးသမီးက သူတို့နှစ်ယောက်ရှိရာသို့ လှမ်းကြည့်နေလေသည်။

"ဘယ်သူလဲ"

နီမောင်က မေးလိုက်တော့ မြနှင်းဖြူက ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ဒီအချိန်မျိုးမှာတွေ့တော့ ဆောင်တော်ကူး ကဝေ ဖြစ်မယ်ထင်တယ်"

မြနှင်းဖြူက သူထင်မြင်မှုကို ပြောသည်။ မှောင်ရိပ် သမ်းစ ပြုနေပြီဖြစ်သောကြောင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

"လာ. . လာ ဒီနေရာက မြန်မြန်သွားကြရအောင်"

ဟု ပြောဆိုကာ နှစ်ယောက်သား လျှောက်လာကြစဉ် အတန်ကြာတော့ သူတို့နှစ်ယောက်သွားမည့်လမ်းပေါ်မှာ ရပ်နေသော အမျိုးသမီးတစ်ယောက်ကို ထပ်တွေ့ရပြန်လေ သည်။ သို့သော် သူတို့နှစ်ယောက် အနားမရောက်ခင်မှာပင် ထိုအမျိုးသမီးက တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား လေတော့သည်။

ထိုအမျိုးသမီးကိုမြင်တော့ မြနှင်းဖြူမှာ အတော်ပင် ကြောက်လန့်နေဟန်ဖြင့် မျက်နှာတစ်ခုလုံး သွေးမရှိတော့ သကဲ့သို့ ဖြစ်နေတော့သည်။ နီမောင်ကတော့ ထွေထွေထူး ထူး စဉ်းစားမနေတော့ပဲ အရေးအကြောင်းရှိလျှင် အသုံးပြု နိုင်ရန်အတွက် ဓားကို ကိုင်ထားလေသည်။

စောစောက အမျိုးသမီးရပ်နေသော နေရာရောက် တော့ ပတ်ဝန်းကျင်တစ်ဝိုက်သို့ အခြေအနေကြည့်သော် လည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။

သို့သော် ထူးခြားတာတစ်ခုတော့ ရှိနေသည်။ ထိုနေ ရာတစ်ဝိုက်တွင် ဆောင်တော်ကူးပန်းရနံ့များ ကြိုင်လှိုင်နေ





ခြင်း ဖြစ်သည်။

"စောစောကတွေ့လိုက်တာ ဆောင်တော်ကူးကဝေ ဖြစ်မယ်ထင်တယ်၊ ဒီနေရာက အမြန်သွားကြရအောင်"

ထိုသို့ပြောပြီး နှစ်ယောက်သား ထိုနေရာမှ ခတ် သုတ်သုတ် ထွက်လာကြလေသည်။ နောက်ထပ်တော့ အ နှောင့်အယှက် တစ်စုံတစ်ရာ မတွေ့ကြရပေ။ အချိန်မရှိတော့ သည်ကတစ်ကြောင်း၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့ပေး လိုသည်ကတစ်ကြောင်းကြောင့် မြနှင်းဖြူအား သူမနေသော သာမိုင်းရွာရောက်သည်အထိ လိုက်ပို့ပေးလိုက်လေသည်။

ထိုနေ့က မမျှော်လင့်ပဲ အမှတ်မထင် ဆုံတွေ့မှုမှာ သူတို့နှစ်ယောက်အတွက်တော့ အမှတ်ရစရာ ဖြစ်ခဲ့ရပေ သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၆ )

## နန်းကျဒေဝီတစ်ပါး၏ အာယာတတရား

မြန်မာနိုင်ငံအား ဗြိတိသျှနယ်ချဲ့တို့ သိမ်းပိုက်ခဲ့ပြီးနောက် (၁၈၈၆)ခုနှစ်၊ မေလ (၄)ရက်နေ့တွင် ရှမ်းပြည်နယ်ကို အိန္ဒိယပြည်နယ်အဖြစ် သိမ်းပိုက်ကြောင်း ဗြိတိသျှအစိုးရက ကြေညာချက် ထုတ်ပြန်သည်။ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများကို ရှမ်းပြည်နယ် ဥတ္တရတိုင်း ဝန်ရှင်တော်မင်းကြီး လက်အောက်ခံအဖြစ်လည်းကောင်း ရှမ်းပြည်နယ် တောင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဒေသများအား ဒက္ခိဏဏ္ဍိုင်း၊ ဌာနချုပ်ဝန်နှင့် နိုင်ငံရေးအရာရှိ လက်အောက်ခံအဖြစ်လည်းကောင်း၊ မြေလတ်ပိုင်းဒေသများကို ဒက္ခိဏတိုင်း ဌာနချုပ်ဝန်နှင့် နိုင်ငံအရေးအရာရှိ လက်အောက်ခံအဖြစ်လည်းကောင်း ခွဲခြားသတ်မှတ်ကာ စီမံအုပ်ချုပ်မှု ပြုခဲ့ကြလေသည်။

နောက်ပိုင်းကာလများမှာတော့ ရှမ်းပြည်နယ်များကို "ပဒေသရာဇ်ရှမ်းပြည်နယ်စု"ဟုခေါ်တွင်စေရန် ဘုရင်ခံချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် မြေလတ်ပဒေသရာဇ် ရှမ်းနယ်များဟူ၍ အောက်ပါအတိုင်း ခွဲခြားပြီးလျှင် နယ်၏အကျယ်အဝန်းလိုက်၍ စော်ဘွား၊ မြို့စား၊ နယ်စားများအား အသီးသီး အုပ်ချုပ်စေခဲ့သည်။

စော်ဘွားနယ်များမှာပင်လျှင် နှစ်မျိုးနှစ်စား ခွဲခြားသတ်မှတ်ပေးခဲ့သည်။ စော်ဘွားကြီးနှင့် စော်ဘွားဟူ၍ ခွဲခြားပြီး မောက်မယ်နယ်၊ မိုင်းပန်နယ်၊ မိုင်းပွန်နယ်၊ စကားနယ်နှင့် မိုင်းကိုင်နယ်များကို ဟော်နန်းမပိုင်သော်လည်း ရာဇာပလ္လင်နှင့် စော်ဘွားရရှိပြီး စီမံအုပ်ချုပ်ခွင့် ရကြလေသည်။

မြောက်ပိုင်းစော်ဘွား အုပ်ချုပ်သောနယ်များမှာ. . .

(၁)သီပေါနယ်၊ (၂)တောင်ပိုင်နယ်၊ (၃)မြောက်သန္နီနယ် (၄)တောင်သိန္နီနယ်၊ (၅)မိုးမိတ်နယ်၊ (၆)မိုင်းလွန်းနယ်တို့ ဖြစ်ကြလေသည်။

တောင်ပိုင်းစော်ဘွား အုပ်ချုပ်သောနယ်များမှာ. . .





(၁)ကျိုင်းတုံနယ်၊ (၂)မိုးနဲနယ်၊ (၃)ညောင်ရွှေနယ်၊ (၄)မိုးဗြဲနယ်၊ (၅)ရပ်စောက်နယ်၊ (၆)လဲချားနယ်၊ (၇)မောက်မယ်နယ်၊ (၈)မိုင်းပန်နယ်၊ (၉)မိုင်းပွန်နယ်၊ (၁၀)စကားနယ်၊ (၁၁)မိုင်းကိုင်နယ်တို့ ဖြစ်ကြလေသည်။

တောင်ပိုင်းမြို့စား အုပ်ချုပ်သောနယ်များမှာ. . .

(၁)နမ့်ခုတ်နောင်မွန်နယ်၊ (၂)မိုင်းနောင်နယ်၊ (၃)ဘောနယ်၊ (၄)ကျေးသီးမန်စံနယ်၊ (၅)ပင်လောင်းနယ်၊ (၆) သထုံ(ဆီဆိုင်နယ်)၊ (၇)ဘန်းယဉ်နယ်၊ (၈)ဟိုပုန်းနယ်၊ (၉)စကွယ်နယ်၊ (၁၀)သာမိုင်းခမ်းနယ်၊ (၁၁)မိုင်းရှူးနယ်၊ (၁၂)ပွေးလှနယ်၊ စသည်တို့ ဖြစ်ကြလေသည်။

မြေလတ်ငွေ့ခွန်မှူး အုပ်ချုပ်သောနယ်များ. . .

(၁)ရွာင်နယ်၊ (၂) ပင်းတယနယ်၊ (၃)ပင်မှီနယ်၊ (၄) ကျုံးနယ်တို့ ဖြစ်ကြသည်။ ရှမ်းပြည်မြောက်ပိုင်းမှ ကိုးကန့်နယ်သည် မြို့စားနယ်ဖြစ်သည်။ မြောက်ပိုင်း သိန္နီနယ်ကို အုပ်ချုပ်သော စော်ဘွားမှာ "စဝ်အုံ" ဖြစ်သည်။

တစ်နေ့သ၌ သိန္နီစော်ဘွားစဝ်အုံသည် မှူးမတ် သေနာပတိ၊ စစ်သည်ဗိုလ်ပါတို့ကို ခေါ်ယူကာ ၎င်းနယ်ပယ်အတွင်းမှာ ဖြစ်ပျက်နေသော အရေးအခင်းတို့ကို မေးမြန်းနေလေသည်။

"ငါအုပ်ချုပ်တဲ့နယ်မြေအတွင်းမှာ မကြာခဏ လူအသေအပျောက် ဖြစ်နေတာ ဘယ်အတွက်ကြောင့်လဲ"

"ငွေ့ခွန်တော်မှူး အပါအဝင်၊ နယ်မြေများကို စီမံအုပ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်သော အုပ်ချုပ်ရေးမှူးများက ကျေးရွာများမှ မိန်းမပျိုများ သိမ်းပိုက်ခြင်းကြောင့် အသက်သေရတယ်လို့ ကြားသိရပါ တယ် စော်ဘွားကြီး"

"ဒါတွေက သာမညကိစ္စတွေ မဟုတ်ပေဘူးလား တော်ကောက်ခံရတဲ့ကိစ္စမျိုးဟာ ကျေးလက်တောရွာတွေမှာ နေကြတဲ့ မိန်းမပျိုတွေအတွက် ဂုဏ်ယူရမယ့် ကိစ္စမျိုးမဟုတ် ပေဘူးလား"

"မှန်ပါတယ် စော်ဘွားကြီး၊ ယခင်ကတော့ ထိုကိစ္စ တွေဟာ ဂုဏ်ယူစရာတွေ ဖြစ်ခဲ့ပေမယ့်၊ ယခုအခါမှာတော့ မိန်းမပျိုများက သဘောတူကြည်ဖြူပါက မည်သည့်ပြဿနာ မျိုးမှ မပေါ်ပေါက်ခဲ့သော်လည်း သဘောမတူပဲ သိမ်းပိုက် ပါက ထိုကဲ့သို့ အသက်သေဆုံးမှုများ ပေါ်ပေါက်နေခြင်းဖြစ် ပါတယ်"

"ဘယ်သူတွေက သတ်တာလဲ၊ မိန်းကလေးတွေနဲ့ သက်ဆိုင်တဲ့သူတွေက သတ်တာမဟုတ်ပေဘူးလား၊ ဒီလိုမှ ရင်တော့ သက်ဆိုင်တဲ့သူတွေကို အပြစ်ပေး အရေးယူရပေ လိမ့်မယ်"

"ကြားသိရသော သတင်းစကားများအရ ယခု သတ်ဖြတ်နေကြခြင်းမှာ သက်ဆိုင်ရာ မိန်းကလေးများ၏ မိဘဆွေမျိုးများမဟုတ်ကြပဲ တစ်စုံတစ်ယောက်၏ လ ချက်သာ ဖြစ်နိုင်ပါတယ်"

ထိုစကားကြားသောအခါ သလွန်ပေါ်မှာထိုင်နေ





သော စော်ဘွားကြီးမှာ မျက်မှောင်ကျုံ့လျက် စဉ်းစားနေလေ သည်။ ၎င်းပိုင်ဆိုင်သော မြောက်ပိုင်း သိန္နီနယ်အတွင်းတွင် ထိုကဲ့သို့ အတင့်ရဲလှသော လူဆိုးများ၊ သောင်းကျန်းသူများ မရှိပေ။ အကယ်၍ ရှိသည်ဟု သတင်းကြားသည်နှင့်ပင် ချက် ခြင်းဆိုသလို စစ်သည်ဗိုလ်ပါများ လွှတ်ကာ သုတ်သင်ရှင်း လင်းစေခဲ့သည်။

ထိုကဲ့သို့ ရှင်းလင်းသောကြောင့်လည်း တော်လှန်ပုန် ကန်ဝံ့သူ မရှိသလောက် နည်းပါးခဲ့သည်။ ယခုအခါမှသာ ကြောခဏဆိုသလို လူများတစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်နေသော ကြောက်စရာကောင်းသော လူသတ် သမားတစ်ယောက် ပေါ်ပေါက်နေခြင်း ဖြစ်ပေသည်။

"ဘယ်လိုလူမျိုး ဖြစ်နိုင်သလဲ"

"စုန်းပညာ ကဝေပညာ တတ်ကျွမ်းသူတစ်ယောက် ဖြစ်နိုင်ပါတယ်၊ ၎င်း၏ အမည်မှာ "ဆောင်တော်ကူးကဝေ" ဖြစ်ပါတယ်"

"ဆောင်တော်ကူးကဝေ"

စော်ဘွားကြီးက ထိုအမည်ကို ရေရွတ်ရင်းနှင့် စဉ်း စားနေလေသည်။ ရှမ်းပြည်နယ်နေရာ အနှံ့အပြားတွင် စုန်း ကဝေပညာကို တတ်ကျွမ်းသူများ ရှိသလို ယုံကြည်ကြသူများ သည်း အများအပြား ရှိကြလေသည်။

ရှေးအခါကပင် ရှင်ဘုရင်များ၊ စော်ဘွားများသည် မိန်းမချောလေးများတွေ့၍ နှစ်သက်သဘောကျလျှင် တော်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ခြင်း၊ သိမ်းပိုက်ခြင်းများ ရှိခဲ့လေသည်။

သာမန်ပြည်သူပြည်သားများကတော့ ထိုသို့ပြုလုပ်ခွင့် မရှိကြပေ။ အိမ်ထောင်ရေး ဖောက်ပြားခြင်း၊ အမျိုးသမီးများကို ဖျက်ဆီးမိပါက ကြီးလေးသော အပြစ်ဒဏ်များ ကျခံကြရသည်။ ဘုရင်နှင့်စော်ဘွားများကတော့ ထိုကဲ့သို့ ဥပဒေမျိုးမရှိစေရပဲ သဘောကျ ကောက်ယူသိမ်းပိုက်ခွင့် ရရှိကြပေသည်။ သို့ကြောင့် ဘဝဆိုးရှုံးခဲ့ရသော မိန်းကလေးများ မြောက်များစွာ ရှိခဲ့ကြသည်။

ဘဝကို တန်ဖိုးမထားပဲ ပကာသနကို ခုံမင်နှစ်သက်သူများကတော့ တော်ကောက်ခြင်းကို နှစ်သက်သဘောကျကြသည်၊ ဂုဏ်ယူကြလေသည်။ ဆင်းရဲသားနှင့်ညားသဖြင့် သူဖုန်းစား ဖြစ်ရသည်ထက် ရှင်ဘုရင်နှင့်ညား၍ မိဖုရားဖြစ်ရသည်ကို နှစ်သက်သဘောကျကြလေသည်။

ဘဝကို တန်ဖိုးထားတတ်သော အမျိုးသမီးက ချစ်ခြင်းမေတ္တာမပါသော တော်ကောက်ခံရခြင်းကို မနှစ်သက်ကြပေ။ မိဖုရား၊ မောင်းမမိဿံ ဖြစ်ရခြင်းထက် ကာမဂုဏ်ကျွန်များ ဖြစ်ရသည်ဟုသာ သဘောထားပြီး မနှစ်သက်ကြပေ။ သို့ကြောင့် မတွေ့အောင် ရှောင်ပုန်းပြီး နေလေ့ရှိကြသည်။ အချို့ဆိုလျှင် ချောမောလှပသော မျက်နှာကိုမြင်၍ တော်ကောက်ခံရမည် စိုးသောကြောင့် ရုပ်ဆိုးသော ပ မျက်နှာများ ထိုးထားကြလေသည်။

မိန်းကလေးတစ်ယောက် အရွယ်ရောက်လာသ





နှင့် မျက်နှာပေါ်တွင် ပရဲထိုးထားလိုက်ခြင်းဖြင့် တော်ကောက်ခြင်း မခံကြရတော့ပေ။ သို့ကြောင့် ရှေးကတည်းကပင် ရှင်ဘုရင်နှင့်ညားပြီး မိဖုရားဖြစ်ရသည်ထက် ချစ်သူနှင့်ပင် လက်တွဲပြီး ဆင်းရဲသော ဘဝမှာပင်နေလိုသူများ ရှိခဲ့ကြပေသည်။

ယခုလည်း သီနီစော်ဘွား စဝ်အုံပိုင်ဆိုင်သော နယ်မြေအတွင်းမှာ တော်ကောက်သိမ်းပိုက်သော အရာရှိအချို့နှင့် အမှုတော်ထမ်းများ မကြာခဏ အသတ်ခံနေရခြင်းမှာ ထိုကဲ့သို့ တော်ကောက်ခြင်းကို မနှစ်သက်သူတို့လက်ချက်ဖြစ်မည်ဟုတော့ ယေဘူယျ ခန့်မှန်း၍ ရနိုင်ပေသည်။

သို့ကြောင့် သီနီစော်ဘွားစဝ်အုံက ဆောင်တော်ကူးကဝေကို ဖမ်းဆီးရန်အတွက် ဗိုလ်မှူးလေးစောရန်နောင်ကို တာဝန်ပေး စေလွှတ်လိုက်လေသည်။ စောရန်နောင်မှာ အသက်(၃၀)ကျော် အရွယ်ခန့်သာ ရှိသေးပြီး ဖျတ်လတ်သွက်လက်သော လူရွယ်တစ်ဦးလည်း ဖြစ်သည်။ တိုက်ခိုက်မှုစွမ်းရည် ကောင်းသလို ဆေးဝါးအစီအရင်များနှင့် ပတ်သက်၍လည်း အတော်အသင့် နားလည်တတ်ကျွမ်းသူ ဖြစ်သည်။

သူသည် သူပုန်တပ်များနှင့် တိုက်ခိုက်ရခြင်းမျိုး မဟုတ်ပဲ ကဝေတစ်ယောက်ကို ရှာဖွေဖမ်းဆီးရမည်ဖြစ်သောကြောင့် နောက်ပါတပည့်လေးငါးယောက်သာခေါ်ပြီး မြင်းကိုယ်စီဖြင့် ခရီးထွက်ခဲ့ကြလေသည်။

ဦးစွာ သူတို့သည် စုန်းကဝေပညာသည်များရှိသည့်ဆိုသော ရွာများကို လှည့်လည်စုံစမ်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာအတော်များများမှာ စုန်းကဝေပညာ တတ်ကျွမ်းသူများ ရှိသော်လည်း သူတို့ရှာဖွေနေသော ဆောင်တော်ကူးကဝေဆိုသော အမျိုးသမီးကို မတွေ့ကြရသေးပေ။ ဤသို့ဖြင့် သာမိုင်းရွာသို့ ရောက်လာကြသည်။ ထိုရွာရောက်တော့ ဒေါ်မင်းဇာတို့သတင်းကို စုံစမ်းသိကြရလေသည်။

ဒေါ်မင်းဇာတို့နေသောအိမ်မှာ နောင်မွန်ရွာ အစွန်ဘက်တွင် ရှိလေသည်။ ရှေ့၌ ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း ခြံကျယ်ကြီးအတွင်းတွင် နှစ်ဆောင်ပြိုင်အိမ်ကြီးဖြင့် အမျိုးသမီးသုံးယောက်တည်း နေထိုင်ကြခြင်း ဖြစ်သည်။

တစ်ဆောင်တွင် လူသုံးယောက်နေပြီး၊ အနောက်ဘက်အဆောင်မှာတော့ မြောက်များစွာသော နတ်ရုပ်များ ထားလေသည်။ အကြီးအသေး စသည်ဖြင့် အရွယ်အစား အမျိုးမျိုးရှိသော နတ်သားရုပ်၊ နတ်သမီးရုပ်မျိုးစုံတို့မှာ ရာနှင့်ချီပြီး ရှိကြလေသည်။

ဗိုလ်မှူးလေးစောရန်နောင်တို့မှာ စစ်ထွက်ရာတွင် ဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်သွားခြင်းမရှိပဲ သာမန်ရှမ်းဝတ်စုံများကိုသာ ဝတ်ဆင်သွားကြသည်။

ခမောက်ကိုယ်စီလွယ်ပြီး၊ ကျောတွင် ဓားတစ်လက်စီ လွယ်ထားကြသည်။ သူတို့သည် စီးလာသောမြင်းများကို သင့်တော်သောနေရာတွင် ထားခဲ့ကြပြီး ဒေါ်မင်းဇာတို့အိမ်သို့ သွားကြလေသည်။

ထိုအိမ်ရောက်တော့ မိသားစုသုံးယောက်နှင့် တွေ့





ရပြီး ကောင်းမွန်စွာပင် ဧည့်ခံကြလေသည်။

အိမ်ရှင်တို့ ဝတ္တရားရှိသည့်အတိုင်း ကွမ်းဆေးလက်ဖက်တို့ဖြင့် ဧည့်ခံကျွေးမွေးသော်လည်း ပြုစားခံကြရမည်စိုးသဖြင့် မစားဝံ့ကြပေ။

"ကြည့်ရတာ ဟော်နန်းကလာကြတဲ့ ရဲမက်တွေထင်ပါရဲ့၊ တကူးတကရောက်လာပုံထောက်တော့ ဘယ်လိုအကြောင်းကိစ္စများ ရှိလို့ပါလဲ "

ဟု ဒေါ်မင်းဇာကမေးသည်။

" တခြားတော့မဟုတ်ပါဘူး၊ စော်ဘွားကြီးစေခိုင်းလို့ ဆောင်တော်ကူးကဝေဆိုတဲ့ အမျိုးသမီးကို ဖမ်းဆီးဖို့ လာကြတာပါ"

"တွေ့ခဲ့ကြပြီလား"

"မတွေ့ရသေးပါဘူး၊ အခုမှလာရင်းနဲ့ ဒီမှာဝင်ပြီး စုံစမ်းကြတာပါ"

"သူ့နာမည်တော့ ကြားဖူးပါရဲ့၊ လူတော့မမြင်ဖူးပါဘူး၊ သူက ပညာသည်တစ်ယောက်ဆိုတော့ ဒီလိုလိုက်ရှာရုံနဲ့ တွေ့ပါ့မလား မောင်ရင်"

"အမိန့်ရှိလို့လာခဲ့ကြတာဆိုတော့ ဒီလိုပဲ ကြိုးစားကြည့်ရမှာပါပဲ"

စောရန်နောင်က အရိုးခံအတိုင်းပင်ပြောလိုက်သည်။

"မင်းကြည့်ရတာ မင်းမှုထမ်းတစ်ယောက်လုပ်နေပြီးတော့ အတော်ကလေး ရိုးသားပုံရတယ်၊ ငါ့အထင်ပြောရရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မင်းသူ့ကိုတွေ့ချင်ရင် ဒီအတိုင်းလိုက်ရှာနေရုံနဲ့တော့ တွေ့ရလိမ့်မယ် မထင်ဘူး"

"ဒါဖြင့် ဘယ်လိုများ လုပ်ရပါ့မလဲ အဖွား"

"သူဟာ အကြောင်းရှိမှ လာတာဆိုတော့ ဒီအတိုင်းတော့ တွေ့နိုင်မယ်မထင်ဘူး"

"သူက ဘယ်လိုအချိန်မှာ ထွက်လာတတ်တာလဲ"

"မိန်းကလေးတွေကို မတရားသိမ်းပိုက်ဖို့ ကြံစည်တဲ့အချိန်မျိုးမှာ ရောက်လာတတ်တယ်လို့ ပြောသံကြားမိတယ်၊ ဒီတော့ သူနဲ့တွေ့ချင်ရင် မိန်းကလေးတစ်ယောက်ကို အဓမ္မသိမ်းပိုက်ကြည့်ပါလား"

ဒေါ်မင်းဇာ စကားကြားတော့ စောရန်နောင်မှာ မျက်နှာတစ်ခုလုံး ထူပူသွားလေသည်။ မနီးမဝေးမှာ ထိုင်နေကြသည့် မစောမွန်နှင့် မြကေသီတို့ထံမှ ရယ်သံတိုးတိုး ထွက်လာကြသည်။

"ကျွန်တော်က အဲဒီလိုတော့ လုပ်ဖို့အစီအစဉ် မရှိပါဘူး၊ တခြားနည်းနဲ့ပဲ လိုက်ပြီးစုံစမ်းကြည့်ပါ့မယ်"

"ဒါထက် ဒီကိုရော စုံစမ်းဖို့ လာကြတာပဲလား"

ဒေါ်မင်းဇာက ပွင့်ပွင့်လင်းလင်းပင် မေးသည်။

စောရန်နောင်ကလည်း အမှန်အတိုင်းပင်ဝန်ခံသည်။

"မှန်ပါတယ်"

"ဒီလိုဖြင့် ငါတို့ဘာတွေလုပ်နေတယ်ဆိုတာ သိချင်ရင် တစ်အိမ်လုံးသာ လိုက်ကြည့်ပေါ့၊ မင်းတို့ကို ငါ့မြေးက





လိုက်ပြပေးပါလိမ့်မယ်"

ဟုပြောဆိုကာ ဒေါ်မင်းဇာရော မစောမွန်ပါ နေရာမှ ထသွားလေသည်။ ထိုအခါမှ မနီးမဝေးတွင်ထိုင်နေသော မြကေသီက ပြောသည်။

"ကျွန်မရဲ့အဖွားက ရှင်တို့ထင်သလို စုန်းကဝေပညာတွေ မတတ်ပါဘူး၊ ဒါပေမယ့် နတ်တွေကိုတော့ ပူဇော်ပသပေးတယ်၊ ရှင်တို့ကြည့်ချင်ရင် ကျွန်မလိုက်ပြပေးပါ့မယ်"

ဟု ပြောဆိုပြီး စောရန်နောင်တို့အား နောက်ဖက်အဆောင်သို့ ခေါ်သွားလေသည်။ ထိုအဆောင်တွင်းမှာတော့ လူမနေပဲ နတ်ရုပ်များသာ ရှိလေသည်။ အရွယ်အစားမျိုးစုံလှသော နတ်သမီးရုပ်၊ နတ်သားရုပ်များမျိုးစုံ ရှိလေသည်။

"နတ်ရုပ်တွေ များလှချည်လား"

"ဟုတ်ပါတယ် ကျွန်မတို့အဖွားက နတ်တွေကို ယုံကြည်ကိုးကွယ်တာကလွဲပြီး လူတွေကိုတော့ ဒုက္ခမပေးတတ်ပါဘူး"

"ဒါထက် မေးပါရစေဦး၊ ဒီနတ်ရုပ်တွေကရော ဘယ်လိုအသုံးချလို့ ရနိုင်သလဲ"

"အကြောင်းရှိရင်တော့ သူ့တို့ကို အကူအညီတောင်းလို့ ရနိုင်ပါတယ်၊ ရှင်စိတ်ဝင်စားရင်တော့ တစ်ချိန်မှာ လက်တွေ့ပြပါ့မယ်"

ဟုပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



စောရန်နောင်လည်း နတ်ရုပ်များထားသော အဆောင်အတွင်းသို့ လှည့်လည်ကြည့်ရှုရာ တစ်နေရာရောက်သောအခါ ထူးခြားမှုအချို့ကို တွေ့ရသည်။ အခြားမဟုတ်ပေ။ စော်ဘွားများ အသုံးပြုသော သလွန်တစ်ခုဖြစ်ပြီး၊ ထိုသလွန်ပေါ်တွင် စော်ဘွားနှင့်မိဖုရားတို့ အသုံးပြုသော ပစ္စည်းအချို့ကိုပါ တွေ့ရလေသည်။

"ဒါတွေကရော ဘာအတွက်ထားတာလဲ"

"တခြားတော့မဟုတ်ပါဘူး၊ အဖွားက နတ်တွေကို ဆက်ထားတဲ့ ပစ္စည်းတွေပါ"

"ဒါထက် မင်းတို့က စော်ဘွားအမျိုးအနွယ်တွေလား"

"မဟုတ်ပါဘူးရှင်၊ သာမန်အရပ်သူတွေပါဝဲ"

ဟု ပြောပြသည်။ ထိုသို့ပြောသည်ကို စောရန်နောင်စိတ်ထဲကတော့ သိပ်မယုံပေ။ သို့သော်လည်း ထွေထွေထူးထူး ဘာမှထပ်မမေးတော့ပဲ မြကေသီအား နှုတ်ဆက်ပြီး နောင်မွန် ရွာလူကြီးအိမ်သို့ သွားကြလေသည်။

နောင်မွန်ရွာလူကြီး ဇမုန်းထန်ဖြစ်သည်။ ဇမုန်းထန်က ဗိုလ်မှူးလေး စောရန်နောင်တို့ ရောက်လာသောအခါ နေရာထိုင်ခင်းပေးပြီး လာရင်းကိစ္စကို မေးမြန်းရလေသည်။

"ကျွန်တော်တို့လာတာ စော်ဘွားကြီးရဲ့ စေခိုင်းချက်အရ ဆောင်တော်ကူးကဝေ သတင်းကို စုံစမ်းဖို့ လာကြတာပါ၊ သူကြီးရော ဘာတွေများသိသလဲ"





"ကျုပ်တို့လည်း သတင်းကြားတာကလွဲပြီး ထွေထွေထူးထူးတော့ ဘာမှမသိရသေးပါဘူး ဗိုလ်မှူးလေးရယ်"

"ဒါထက် မေးရဦးမယ်၊ ရွာအစွန်ဘက်မှာ နှစ်ဆောင်ဖွဲ့ အိမ်ကြီးနဲ့နေတဲ့ အဖွားကြီးတွေအကြောင်းကိုရော ဘာသိသလဲ၊ သူတို့အိမ်မှာ နတ်ရုပ်တုတွေလည်း အများကြီးတွေ့ခဲ့ရတယ်"

"ဒေါ်မင်းဇာတို့အိမ်ကို ရောက်ကြတာ ထင်ပါရဲ့"

"ဟုတ်ပါတယ်၊ သူတို့ကရော စုန်းကဝေပညာထတ်တျွမ်းကြသလား"

"ကျုပ်တို့လည်း သေသေချာချာတော့ မသိပါဘူး ဗိုလ်မှူးလေးရယ်၊ တစ်ခုတော့ ရွာထဲကလူ ရောဂါဖြစ်တာမျိုး၊ အမှောင့်ပယောဂ နှောက်ယှက်တာမျိုးတွေ ရှိလာရင်တော့ အားကိုးရတယ်၊ သူတို့အိမ်မှာရှိတဲ့ နတ်ရုပ်တွေကို အသက်သွင်းပြီး ခိုင်းချင်တာခိုင်းလို့ရတာတော့ ရှိတယ်"

ဇမုန်းထန်စကားကြားတော့ စောရန်နောင်မှာ အံ့ဩသွားပြီး အတန်ကြာအောင် စဉ်းစားနေပြီးမှ မေးသည်။

"ဒါထက် သူတို့က စော်ဘွားမျိုးနွယ်တွေလား၊ ဒါမှမဟုတ် စော်ဘွားနဲ့ပတ်သက်တာတွေလား"

ထိုစကားကြားတော့ ဇမုန်းထန်က သောက်လက်စဆေးတံရှည်ကို ပြန်ချထားလိုက်ပြီးမှ ပြန်ပြောသည်။

"ဒါလည်း သိပ်မသိပါဘူး၊ ပြောရရင်တော့ သူတို့က ဒီရွာမှာမွေး၊ ဒီရွာမှာချက်မြှုပ်တဲ့ ရွာခံလူတွေတော့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီရွာရောက်လာတာကြာပြီဆိုသော်လည်း တခြားတစ်နေရာက ရွှေ့ပြောင်းလာကြတာပါ၊ ဒါကြောင့် နည်းနည်းပါးပါးလောက်ပဲ သိပါတယ်"

"သိသလောက် ပြောပြပါဦး"

"ဒေါ်မင်းဇာရဲ့ သမီး မစောမွန်ဆိုတာ အပျိုအရွယ်ဘဝတုန်းက စော်ဘွားတစ်ယောက်ရဲ့ အတင်းအဓမ္မသိမ်းပိုက်တာကို ခံခဲ့ရတယ်လို့ ပြောသံကြားတယ်၊ သမီးတစ်ယောက် ကိုယ်ဝန်ရတော့မှ စွန့်ပစ်ခြင်းခံရလို့ ဘဝကို ဇာတ်မြုပ်နေတယ်လို့တော့ သတင်းကြားရတာပါပဲ "

ဟု ပြောပြလေသည်။ ထိုစကားကြားတော့ မြကေသီတို့ နေသောအိမ်မှာ သုလွှန်နှင့် အခြားဟော်နန်း အသုံးအဆောင်ပစ္စည်းများ တွေ့ခဲ့ရသည်ကို သဘောပေါက်မိလေသည်။ ထို့ပြင် နန်းကျဒေဝီတစ်ပါး၏ နာကျည်းမှုများနှင့်အတူ အယာတတရား၊ ရန်ငြိုးရန်စများကိုလည်း စိတ်ထဲမှ ခန့်မှန်းကြည့်နေလေသည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်အထင်ပြောရရင်တော့ ဆောင်တော်ကူးကဝေဆိုတာ သူတို့မိသားစုထဲကတော့ ဖြစ်မယ်မထင်ဘူး"

ဟု ဇမုန်းထန်က ပြောသေးသည်။

"ဒါကတော့ အဖြေမသိရမချင်းတော့ တရားခံဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ပြောလို့မရသေးဘူးပေါ့၊ ဒါပေမယ့် တဖြည်းဖြည်းနဲ့ စုံစမ်းရင်တော့ တစ်နေ့ကျရင်





သိရမှာပါ"

ဟု ပြန်ပြောလိုက်လေသည်။ ထိုနောက်မှာတော့ ဗိုလ်မှူးလေး စောရန်နောင်နှင့် နောက်လိုက်တို့သည် နောင်စွန်ရွာမှ ပြန်ထွက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၇ )

## ဆောင်တော်ကူးစာစေနောက် ခြေရာကောက်သူ

မြနှင်းဖြူတို့နေသောရွာမှာ သာမိုင်းရွာဖြစ်သည်။ အိမ်ခြေသုံးလေးဆယ်ခန့်သာရှိသော သာမန်ရွာတစ်ရွာ ဖြစ်လေသည်။ ထိုရွာကို အုပ်ချုပ်သော ရွာလူကြီးမှာ ဦးဇာမုံဖြစ်ပေသည်။ သာမိုင်းရွာသည် နောင်မွန်ရွာ၊ မိုင်းနောင်ရွာတို့နှင့်လည်း မဝေးလှပဲ တောင်များကိုဖြတ်ပြီး ခြေလျင်ခရီးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သွားလာနိုင်လေသည်။

မြနှင်းဖြူက သာမိုင်းရွာတွင်နေသည်။ သူမတွင် မိခင်မရှိတော့ပဲ ဖခင်နှင့်အဖွားသာ ရှိသည်။ အဖွားဖြစ်သူ ဒေါ်မဲယ်သုံက အသက်(၆၀)ကျော် အရွယ်ရှိပြီး ဖခင်ဖြစ်သူ ဦးစိုင်းလုံကတော့ အရွယ်မကြီးလှသေးပေ။ (၅၀) ဝန်းကျင်ခန့်သာ ရှိပေသေးသည်။ အရွယ်ကလည်း ရှိနေသေးသည်။ သို့သော် သမီးဖြစ်သူ မျက်နှာငယ်မည်စိုးသဖြင့် ဇနီးဖြစ်သူ သေဆုံးခဲ့ပြီးနောက်မှာပင် နောက်ထပ် အိမ်ထောင်မပြုတော့ပေ။

၎င်းတို့ မိသားစုသည် တောင်ယာစိုက်ခင်းနှင့်သစ်သီးခြံများ အချို့ရှိသောကြောင့် စားသောက်ရေးအတွက် မပူပန်ရပေ။ တစ်ခါတစ်ရံ မြနှင်းဖြူက အဖော်များနှင့် တောင်ပေါ်လိုက်သွားလေ့ရှိသည်။ သို့သော် ဝေးဝေးလံလံ နေရာများအထိတော့ မသွားကြပေ။ တစ်နေ့တော့ မြနှင်းဖြူနေသောအိမ်သို့ ဧည့်သည်တစ်ယောက် ရောက်လာလေသည်။

အခြားသူတော့ မဟုတ်ပေ။ နီမောင်ပင် ဖြစ်သည်။ နီမောင်က သာမိုင်းရွာသို့ အခြားကိစ္စတစ်ခုရှိသဖြင့် လာရင်းမှ မြနှင်းဖြူတို့နေအိမ်ကို မေးမြန်းကာ ရောက်လာခြင်း ဖြစ်သည်။

သူရောက်လာသောအချိန်မှာ မြနှင်းဖြူက တစ်ယောက်တည်း သစ်ပင်အောက်မှာ ဆန့်ပြာနေသောအချိန် ဖြစ်သောကြောင့် အဆင်သင့်ပင် တွေ့ရလေသည်။





"ဟော. . အစ်ကိုပါလား၊ ဘယ်ကလှည့်လာတာလဲ"

"ဒီရွာဘက်လာရင်းနဲ့ မြနှင်းဖြူကို သတိရတာနဲ့ ဝင်လာတာပါ"

မြနှင်းဖြူက ပြုံးရွှင်စွာဖြင့် ကြိုဆိုကာ ကွတ်ပျစ်ပေါ်မှာပင် နေရာထိုင်ခင်းပေးသည်။ ကွတ်ပျစ်ဆင်ထားသောနေရာမှာ ကြီးမားသော တောင်ဇလပ်ပင်ကြီးအောက်၌ ဖြစ်ရာ တောင်ဇလပ်ပန်းများက ပွင့်နေရာ တစ်ပင်လုံး နီရဲနေပေတော့သည်။

"တခြားလူတွေ မရှိကြဘူးလား"

နီမောင်က အိမ်ဘက်သို့ တစ်ချက်ကြည့်ပြီး မေးလိုက်သည်။

"အဖေက ခြံထဲသွားတယ်၊ အဖွားကတော့ အိမ်ထဲမှာ တရေးတမော အိပ်နေတယ် ထင်ပါရဲ့၊ ဒီအိမ်မှာတော့ သုံးယောက်ပဲ နေကြတယ်"

နီမောင်က ခေါင်းညိတ်ပြသည်။

"အခုရက်တွေ တောင်ပေါ်မသွားတော့ဘူးလား"

"ဒီကနေ့က ရာသီဥတု သာယာတော့ သွားတော့ သွားချင်ပါရဲ့၊ အဖော်ကမရှိဘူး"

နီမောင်က ဘာမှပြန်မပြောတော့ပေ။

"ဒါထက် အစ်ကို ဒီရွာကပြန်ရင် ဘယ်သွားမှာလဲ"

"ရွာဘက်ပြန်မှာပါပဲ၊ ဘာကိစ္စရှိလို့လဲ"

"အစ်ကို့ကို ပြောစရာတစ်ခုရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"တခြားတော့မဟုတ်ဘူး၊ ဟိုတစ်နေ့က ကျွန်မ တစ်ယောက်တည်း ဟိုနေရာကို တစ်ခေါက်ရောက်သွားသေးတယ်"

"ဘယ်နေရာကို ပြောတာလဲ ဟိုတစ်လောက သဲခြောက်ခံခဲ့ရတဲ့ နေရာကို ပြောတာလား"

မြနှင်းဖြူက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်"

"ဒီတစ်ခေါက်ရောက်သွားတော့ရော ဘာတွေထူးခြားတာ တွေ့ခဲ့ရသလဲ"

"တစ်ခါတွေ့ခဲ့ရသလိုပဲ လူအရိုးစုကြီးလည်း တွေ့ခဲ့ရတယ်၊ ဒီတစ်ခါတော့ သူကထွက်လာပြီး သူရှိတဲ့နေရာကို လာခဲ့ဖို့ လက်ယပ်ခေါ်နေတာကို တွေ့ခဲ့ရတယ်"

မြနှင်းဖြူစကားကြားတော့ နီမောင်က သက်ပြင်းတစ်ချက်ချရင်း ပြောလိုက်သည်။

"ဒီလိုတွေမြင်ရတာ အတိတ်နိမိတ် မကောင်းလှဘူး နောက်ထပ် အဲဒီနေရာမျိုး မသွားနဲ့ပေါ့"

နီမောင်က စေတနာဖြင့် ပြောလိုက်သော်လည်း မြနှင်းဖြူကတော့ လက်ခံချင်ပုံမရပေ။

"ကျွန်မက အဲဒါမျိုးတွေ သိပ်မကြောက်ပါဘူး၊ စိတ်ထဲမှာတောင် စိတ်ဝင်စားနေတာ"

နီမောင်က တအံ့တသြ ကြည့်လိုက်သည်။





"အစ်ကို့ကိုပြောမယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ကျွန်မ အဲဒီနေရာဘက်ကို တစ်ခေါက်ထပ်သွားကြည့်ချင်လို့၊ အစ်ကို ရွာဘက်ပြန်ရင်းနဲ့ အဖော်လိုက်ခဲ့ပေးပါလား"

ထိုနေရာမှာ သာမိုင်းရွာနှင့် နောင်မွန်ရွာကြား လယ်ကွင်းရှိပြီး နီမောင်အတွက်တော့ ခရီးလမ်းကြုံနေသော နေရာလည်း ဖြစ်ပေသည်။

"အန္တရာယ်မများဘူးလား"

"ကျွန်မ စိတ်ထဲမှာတော့ အန္တရာယ်မရှိဘူးလို့ ထင်နေတယ်၊ အစ်ကိုလိုက်ပို့ပေးရမှာ အပန်းကြီးနေလို့လား"

"ဒီလိုတော့မဟုတ်ပါဘူး၊ မြနှင်းဖြူသွားချင်ရင်တော့ လိုက်ပို့ပေးနိုင်ပါတယ်"

ထိုသို့ပြောတော့မှ ကျေနပ်သွားသော အမူအယာဖြင့် အိမ်ဘက်သို့ ဝင်သွားလေသည်။ နီမောင်ကတော့ ကွတ်ပျစ်ပေါ်မှာပင် အေးအေးဆေးဆေး ထိုင်စောင့်နေသည်။ စိတ်ထဲမှာတော့ မြနှင်းဖြူ အမူအယာနှင့် ပတ်သက်ပြီး အံ့သြနေမိလေသည်။

အတန်ကြာတော့ မြနှင်းဖြူက အဝတ်အစားလဲပြီး ပြန်ထွက်လာလေသည်။ သူမ အမူအယာကတော့ သမင်ပျိုလေးကဲ့သို့ ဖျတ်လတ်သွက်လက် နေလေသည်။

သူတို့နှစ်ယောက်ရွာထဲမှ ဖြတ်လျှောက်လာသောအခါ အချို့ကလည်း အံ့သြသော အမူအယာမျိုးဖြင့် ကြည့်နေကြသည်။ အချို့ကလည်း ရှေ့သွားနောက်လိုက် ညီလှသည်



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ထဲမှ မှတ်ချက်ချကြလေသည်။ လမ်းရောက်တော့မှ နီမောင်က မေးသည်။

"မြနှင်းဖြူက တစ္ဆေ သရဲတွေကို မကြောက်တတ်ဘူးလား"

သူမက ခေါင်းခါပြသည်။

"ဟင့်အင်း မကြောက်ပါဘူး၊ ဘာများကြောက်စရာရှိသလဲ"

"အတော်များများကတော့ တစ္ဆေသရဲတွေ မြင်တာနဲ့ ကြောက်ကြတယ်"

"သူတို့မသိလို့ ကြောက်နေကြတာပါ၊ တကယ်တော့ ပရလောကသားတွေက ကြောက်စရာမဟုတ်ပါဘူး၊ သနားစရာ ကောင်းကြတာပါ၊ လူတွေက သူတို့ကို မကြောက်ရပါဘူး၊ လူတွေကိုသာ သူတို့က ကြောက်နေကြရတာပါ"

"ဘယ်လိုကြောက်ရတာလဲ"

နီမောင်က တအံ့တသြ ပြန်မေးလိုက်သည်။

"ဘုရားတရားဂုဏ်တွေကို ယုံကြည်ကိုးကွယ်တဲ့ သူတွေဆိုရင် ခြောက်လှန့်ဖို့ဖို့နေနေသာ မြင်တာနဲ့အဝေးကို ထွက်ပြေးကြရတယ်"

"ဘာဖြစ်လို့လဲ"

"ဘုရားစာ တရားစာတွေကို ရှည်ရှည်ဝေးဝေးမရွတ်နိုင်ရင်တောင်မှ စိတ်ထဲက သတိရနေတာနဲ့တင် ဒါမှမဟုတ် ရတဲ့ဘုရားစာ၊ တရားစာလေးကိုပဲ တိုတိုရွတ်ဆိုရုံနဲ့ အဝေးကို ပြေးကြရတယ်"

"သနားစရာပဲပေါ့၊ မြနှင်းဖြူက အဲဒါတွေကို ဘယ်လိုများသိနေတာလဲ"

"ကျွန်မကတော့ ဘယ်သိပါ့မလဲ၊ အဖွားတို့ ပြောပြထားလို့ သိနေတာပါ"

ထိုသို့စကားတပြောပြောနှင့် လျှောက်လာရာ သူတို့နှစ်ယောက် တစ်ခါကတွေ့ခဲ့ရသော တောင်ကြားနေရာနှင့် မဝေးလှသော နေရာရောက်တော့ မြင်းကိုယ်စီနှင့်လာကြသော လူငါးဖယောက်နှင့် တွေ့ကြရသည်။ သူတို့နှင့်တွေ့သော သရဲမကြောက်တတ်သော မြနှင်းဖြူက လူကိုတော့ကြောက်တန်ဖြင့် နီမောင့်နောက်မှာ ကွယ်၍ရပ်နေလေသည်။

မြင်းစီးလာသူများမှာ ဗိုလ်မှူးလေး စောရန်နောင်တို့ အဖွဲ့ဖြစ်ကြပြီး နီမောင်တို့နားရောက်တော့ ရပ်လိုက်ကြသည်။ နီမောင်နှင့် မြနှင်းဖြူတို့က ဦးခေါင်းပေါ်မှာ ခမောက်ဝိုင်းများ ဆောင်းထားကြသဖြင့် မျက်နှာတဝက်လောက်သာ မြင်နိုင်သည်။

"ဘယ်သွားကြမလို့လဲ ငါ့ညီတို့"

စောရန်နောင်က မေးလိုက်သည်။

"ကျွန်တော်တို့ တောင်ပေါ်သွားကြမလို့ပါ"

"ဒါထက် ဘယ်ရွာမှာနေကြတာလဲ"

"ဒီနားကရွာမှာပဲ နေကြတာပါ"

"ငါ့ညီတို့နှစ်ယောက်က အိမ်ထောင်ကျတာ သိပ်မ







www.burmeseclassic.com

www.burmeseclassic.com



ကြာကြာသေးဘူးနဲ့တူတယ်၊ ရှေ့သွားနောက်လိုက် အတော်ညီကြတယ်”

စောရန်နောင်က ရှက်ကိုးရှက်ကန်း အမူအယာဖြင့် နီမောင်ကို ကွယ်၍ ရပ်နေသော မြနှင်းဖြူကိုကြည့်ပြီး ညားကာစ လင်မယားထင်သဖြင့် ထိုသို့ ပြောလိုက်ခြင်း ဖြစ်လေသည်။ နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။

“ဒါထက် ခရီးကြုံတုန်း တစ်ခုလောက်တော့ မေးချင်ပါတယ်၊ ငါညီတို့က ဒီအရပ်ဒေသမှာ နေကြတာဆိုတော့ “ဆောင်တော်ကူးကဝေ”လို့ခေါ်တဲ့ အမျိုးသမီးတစ်ယောက် ဘယ်နေရာမှာ ရှိမလဲဆိုတာများ သိကြသလားလို့ပါ”

“ကျွန်တော်တို့ကတော့ နာမည်သတင်းသာကြားရပြီး ဘယ်ရွာမှာ နေတယ်ဆိုတာတော့ မသိပါဘူးခင်ဗျား”

ထိုသို့ပြန်ပြောလိုက်တော့မှ စောရန်နောင်တို့ အဖွဲ့လည်း ရှေ့သို့ခရီးဆက်သွားကြလေတော့သည်။ သူတို့ ထွက်သွားပြီး အတန်ကြာတော့မှ နီမောင်တို့လည်း ရှေ့သို့ဆက်လျှောက်လာကြလေသည်။ ထိုသို့လျှောက်လာရင်းနှင့် မြနှင်းဖြူက မေးသည်။

“ဆောင်တော်ကူးကဝေဆိုတာ အစ်ကိုသိသလား”

“ဟင့်အင်း မသိပါဘူး၊ ကြားဖူးတာလောက်ပဲ ရှိတာပါ”

“ကျွန်မတို့ အရင်တစ်ခါတွေ့ကြတုန်းက တောင်ပေါ်က ရပ်ကြည့်နေတာ ဆောင်တော်ကူးကဝေ ဖြစ်နိုင်တယ်လို့





အစ်ကိုပြောခဲ့တာပဲ၊ သူ့အကြောင်းကို အစ်ကိုသိသလောက် ကျွန်မကို ပြောပြပါ”

“များများတော့မသိပါဘူး၊ နယ်တွေ ရွာတွေကို ဆင်းလာကြတဲ့ ငွေခွန်မှူးတွေ၊ အရာရှိအရာခံတွေ၊ စော်ဘွားတွေဟာ မိန်းကလေးချောချောလှလှတွေ တွေ့ရင် ကောက်ယူသိမ်းပိုက်ကြတယ်၊ အဲဒီလို ကောက်ယူသိမ်းပိုက်တာကို တချို့မိန်းကလေးတွေက သဘောကျကျေနပ်ပေမယ့် တချို့ကျတော့ လက်မခံနိုင်ကြဘူး။ ဒါပေမယ့် စော်ဘွားတွေ၊ ငွေခွန်မှူးတွေ၊ မြို့စားရွာစားတွေက လက်မခံလည်း အတင်းအဓမ္မ သိမ်းပိုက်ယူကြတယ်”

“သနားစရာပါပဲ”

“ဆောင်တော်ကူးကဝေက အဲဒီလို မတရားလုပ်တဲ့ သူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်ပစ်တာလို့ ကြားမိတယ်၊ မင်းရောမကြားမိဘူးလား”

“ကြားတော့ကြားမိပါတယ်၊ ဒီလိုဆိုတော့လည်း သူလုပ်တာ တရားတာပေါ့နော်”

“ဟင် ဘယ်လိုဖြစ်လို့လဲ”

“မိန်းမပျိုတစ်ယောက်ရဲ့ ဘဝဆိုတာ အသက်ထက်ပိုပြီး အရေးကြီးတယ်၊ ဘဝကို ဖျက်ဆီးခံရပြီဆိုရင် အသက်သေအောင်သတ်တာထက် ပိုဆိုးတယ်၊ အသက်သေသွားတာက ဘာမှပြောစရာမရှိတော့ပေမယ့် မိန်းကလေးတစ်ယောက် ဘဝပျက်သွားပြီဆိုရင် အသက်ရှင်နေသေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက သေသွားတာပဲ၊ ဒါကြောင့် ဖျက်ဆီးတဲ့သူတွေရဲ့ အသက်ကို ပြန်ယူတယ်ဆိုတာ တရားနည်းလမ်းကျပါတယ်"

နီမောင်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပေ။ အတန်ကြာတော့ မြနှင်းဖြူက မေးပြန်သည်။

"စောစောက ရဲမက်တွေက ကျွန်မတို့နှစ်ယောက်ကို လင်မယားထင်ပြီးပြောတော့ အစ်ကိုက ဘာကြောင့်မငြင်းတာလဲ"

"မင်းအတွက် အကာအကွယ်ပေးချင်တာမို့ မငြင်းတာပါ၊ အခွင့်အရေးယူချင်လို့ မဟုတ်ပါဘူး၊ ဒီအတွက် တောင်းပန်ပါတယ် "

"တောင်းပန်စရာမှမလိုတာ"

"ဒါထက် မင်းကရော ဘာကြောင့် မငြင်းလိုက်တာလဲ"

"ကြောက်တာကိုး"

"ဟင်. . သရဲတစ္ဆေတော့ မကြောက်ဖူးပြောတယ် လူတော့ ဒီလောက်ကြောက်နေရသလား"

"သရဲတစ္ဆေက ကိုယ်ကို ခြောက်လှန့်ရုံကလွဲပြီး ဘာမှ မလုပ်နိုင်ဘူး၊ ဒီလူတွေက အပျိုဆိုရင် သိမ်းပြီး ခေါ်ချင်ခေါ် သွားတော့ ဘယ်နှယ့်လုပ်မလဲ"

"အဲဒီတော့လည်း ဆောင်တော်ကူးကဝေက လာပြီး ကယ်မှာပေါ့"

ထိုသို့ပြောသဖြင့် မြနှင်းဖြူက နီမောင့်ကျောကို တစ်





ချက်လှမ်းထု လိုက်လေသည်။ ထို့နောက် ရယ်မောကာ နှစ်ယောက်သား ရှေ့ဆက်လျှောက်သွား ကြလေသည်။ သူတို့ တိုကျောခိုင်းပြီး ထွက်သွားကြသော ဗိုလ်မှူးလေး စောရန်နောင်တို့မှာလည်း အခြားရွာတစ်ရွာသို့ ရောက်သွားကြသည်။ ထိုရွာရောက်ပြီး ရွာလူကြီးကို အကျိုးအကြောင်း ပြောပြတော့ လူရွယ်သုံးယောက်ကို ခေါ်ပေးလေသည်။

"သူတို့သုံးယောက်က ဆောင်တော်ကူးကဝေကို တွေ့ဖူးကြတယ်၊ ဗိုလ်မှူးလေးတို့ မေးမြန်းကြည့်ကြပါ"

ရွာလူကြီးခေါ်ပေးသော သုံးယောက်မှာ အခြားသူများ မဟုတ်ကြပေ၊ ဂမ္ဘီရသေယျနတ်ဆိုးနှင့် မျက်မြင်ကြုံတွေ့ခဲ့ရပြီး ကံကောင်းထောက်မစွာဖြင့် အသက်ဘေးအန္တရာယ်မှ လွတ်ခဲ့ကြသည့် လန်စိုင်း၊ စောလူနှင့် ထီးလုံတို့ သုံးယောက်ပင် ဖြစ်ကြသည်။

"မင်းတို့သုံးယောက်က ဆောင်တော်ကူးကဝေကို ဘယ်နေရာမှာ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

ထိုသို့မေးသောအခါ လန်စိုင်းက နောင်မွန်ရွာမှ မြကေသီဆိုသော အမျိုးသမီးကို ရယူဖို့ကြိုးစားရာမှ ဂမ္ဘီရသေယျနတ်ဆိုးနှင့် တွေ့ခဲ့ရပုံများကို ပြန်ပြောပြလေသည်။

"ဒါပေမယ့် ကျွန်တော်တို့ကို အဝတ်နက်ကြီးခြုံထားတဲ့ အမျိုးသမီးတစ်ယောက်က ဝင်ကယ်လို့ နတ်ဆိုးအန္တရာယ်က လွတ်ခဲ့ရတယ်"

"တခြားလူတွေကတော့ မိန်းမတွေနဲ့ပက်သက်ရင်



www.burmeseclassic.com

www.burmeseclassic.com



သေကြရတယ်၊ မင်းတို့ကတော့ ကံကောင်းလို့ လွတ်ခဲ့တယ် ပေါ့၊ ဒါဖြင့် မင်းတို့ကို ကယ်ပေးလိုက်တာ ဘယ်သူလဲ”

“အဲဒါတော့ မသိခဲ့ပါဘူး ဗိုလ်မှူးလေး”

“ဒါဖြင့် ဆောင်တော်ကူးကဝေဆိုတာ ဘယ်သူ့ကို ပြောတာလဲ”

“တခြား ဘယ်သူရှိပါ့မလဲဗျာ၊ ဂမ္ဘသေယျနတ်ဆိုးကို တောင် ဖန်ဆင်းနိုင်တဲ့ နောင်မွန်ရွာက မြကေသီပဲ ဖြစ်မှာ ပေါ့၊ ဆောင်တော်ကူးကဝေကို ဖမ်းမယ်ဆိုရင် သူ့ကိုပဲ ဖမ်း ခေါ်သွားရုံပေါ့”

ဟု လန်စိုင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလေ သည်။ စောရန်နောင်စိတ်ထဲမှာတော့ နောင်မွန်ရွာမှ မြသီတာတို့ နေအိမ်သို့ ရောက်ခဲ့စဉ်တွေမြင်ခဲ့ရသော အ ကြောင်းများ၊ နောင်မွန်ရွာလူကြီး ဖမုန်းထန် ပြောလိုက်သော စကားများကို ပြန်လည်သတိရနေသည်။

ထိုနေရာမှ သိခဲ့ကြားခဲ့ရသောအကြောင်းများနှင့် လန်စိုင်းတို့ထံမှ ကြားရသော စကားများကို ဆက်စပ်ပြီး တွေး တောနေသည်။ အကယ်၍ မြကေသီကို အထောက်အထား မရှိပဲနှင့် ဟော်နန်းကိုခေါ်သွားပါက အသတ်ခံရရုံအပြင် အ ခြားရှိမည် မဟုတ်ပေ။

သို့ကြောင့် ချက်ခြင်းမလုပ်သေးပဲ အခြေအနေကို စောင့်ကြည့်ပြီး ပြုလုပ်သင့်သည်ကို ပြုလုပ်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ ထို့နောက် လန်စိုင်းတို့သုံးယောက်အား သိလို





သော အချက်များကို မေးမြန်းပြီး ပြန်လွှတ်လိုက်သည်။

ဗိုလ်မှူးလေး စောရန်နောင်တို့လည်း ခရီးပင်ပန်းလာ ကြပြီ ဖြစ်သောကြောင့် ထိုရွာမှာပင် ခရီးတစ်ထောက် နား ကြလေသည်။

ရွာလူကြီးက ၎င်းတို့အတွက် နေရာထိုင်ခင်းများ စီစဉ်ပေးလေသည်။ ညဘက်အိပ်ကြသောအခါ စောရန် နောင်မှာ အိပ်မက်မက်နေသလိုလိုနှင့် အမျိုးသမီးတစ် ယောက်ကို တွေ့ရလေသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

“ရှင်က ဆောင်တော်ကူးကဝေကို လာရှာနေတယ်၊ ဆောင်တော်ကူးကဝေကို တွေ့တော့ကော သိမှာမို့လား၊ ရှင် သိအောင် ပြောရမယ်ဆိုရင် ဆောင်တော်ကူးကဝေဆိုတာ သာမန်လူတစ်ယောက် မဟုတ်ဘူး၊ ရှင်တစ်သက်လုံး လိုက် ရှာရင်တောင် တွေ့ရမှာမဟုတ်ဘူး”

“ငါက မင်းအမှုထမ်းတစ်ယောက်ပဲ၊ စေခိုင်းရင်တော့ မလုပ်ချင်လည်း လုပ်ရမှာပဲ”

“ဒါဆိုတော့ ရှင့်သဘောပေါ့လေ၊ ဒါထက် မေးပါရ စေဦး၊ သူ့ကိုဘာကြောင့် ဖမ်းချင်တာလဲ”

“လူတွေသတ်နေလို့ ဖမ်းမှာပေါ့”

“အဲဒီလူတွေ ဘာကြောင့်သေရတယ်ဆိုတာရော ရှင်သိရဲ့လား”

ထိုသို့မေးတော့ စောရန်နောင်မှာ ဘယ်သို့ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



ရမှန်းမသိအောင် ဖြစ်သွားသည်။

"ဒါ . . ဒါကတော့"

"သူတို့ဖျက်ဆီးခံရတဲ့ အမျိုးသမီးတွေက ဘဝသေခဲ့ကြရတယ်၊ ဒါကြောင့် သူတို့အသက်တွေနဲ့ လျော်ကြေးပေးရတာဖြစ်တယ်၊ တကယ်လို့သာ သူတို့ဘက်က စည်းတစ်ခုထားရင် ဆောင်တော်ကူးကဝေကိုလည်း တွေ့စရာအကြောင်း မရှိပါဘူး"

ထိုသို့ပြောပြီး အဖတ်နက်ကြီးခြုံထားသော အမျိုးသမီးက အမှောင်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှ စောရန်နောင်လည်း အိပ်နေရာမှ ပြန်နိုးလာသကဲ့သို့ဖြစ်ကာ ထကြည့်တော့ တိတ်ဆိတ်ငြိမ်သက်နေသော ပတ်ဝန်းကျင်နှင့် အမှောင်ထုများသာ တွေ့ရလေသည်။

သို့သော် အနီးပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ ဆောင်တော်ကူးပန်းရနံ့များက သင်းပျံ့ကြိုင်လှိုင်နေသည်ကို သတိပြုမိလိုက်လေသည်။





# အခန်း ( ၈ )

# နတ်တစ်ထောင်ရှည်သို့ ရောက်ရှိခြင်း

အချိန်က နေ့လည်ဘက်အချိန် ကျော်လာခဲ့ပြီဖြစ်သော်လည်း နေရောင်ခြည်က လင်းတစ်လှည့် မှိန်တစ်ခါ ဖြစ်နေသည်။ ရာသီဥတုသာယာနေသော်လည်း နှင်းကွင်းနှင်းကျန်များကြောင့် ပတ်ဝန်းကျင်တစ်ဝိုက် မှုန်မှိုင်းနေသေးသည်။

နီမောင်နှင့်မြနှင်းဖြူတို့မှာ စကားတပြောပြောနှင့်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြရာ ယခင်ဆုံတွေ့ခဲ့သော တောင်ကြောပေါ်သို့ ပြန်ရောက်လာကြလေသည်။

"အရင်တစ်ခေါက်လာတုန်းက အရိုးခြောက်ကြီးတွေ တွေ့ခဲ့ရတာ ဘယ်နေရာမှာလဲ"

"ဟိုကျောက်တောင်ခြားဘက်က ထွက်လာတာ"

မြနှင်းဖြူက ထိုနေရာမှလှမ်းမြင်နေရသော ကျောက်ချပ်နှစ်ခုကြားသို့ လက်ညှိုးထိုးပြသည်။

"အဲဒီနေရာကို ဘာကြောင့်သွားချင်တာလဲ၊ ကိုယ့်အတွက် အကျိုးမရှိပဲ ကြောက်စရာကောင်းတာတွေ ထပ်တွေ့နေတော့ ဘယ်နှယ်လုပ်မလဲ"

"အစ်ကိုက ကြောက်နေလို့လား"

"ဟင့်အင်း မကြောက်ပါဘူး၊ မြနှင်းဖြူအတွက် ပြောတာပါ"

"အစ်ကိုမကြောက်ရင် ပြီးတာပါပဲ၊ ကျွန်မကတော့ မကြောက်ပါဘူး"

"ဒါဖြင့်လည်း သွားကြည့်ကြတာပေါ့"

ထိုသို့ပြောပြီး နှစ်ယောက်သား ကျောက်တောင်နှစ်ခုကြားရှိရာသို့ လျှောက်လာကြသည်။ ထိုနေရာတစ်ဝိုက်မှာ ကျောက်တောင်မြင့်များ၊ တောင်ကြားများရှိသလို အချို့နေရာများတွင် ဝါးတောသစ်တောများက ဖုံးလွှမ်းထားလေသည်။

တောင်ကြားထိပ်ရောက်တော့ ထူးထူးခြားခြား





အောက်ဘက်သို့ ဆင်းသွားသော လှေခါးထစ်များကို တွေ့ကြရသည်။ လှေခါးထစ်များမှာ သဘာဝအတိုင်း ဖြစ်ပေါ်နေခြင်းမျိုးမဟုတ်ပဲ ရှေးနှစ်ပေါင်းများစွာကပင် လူတို့ပြုလုပ်ထားခဲ့သော လှေခါးထစ်များကဲ့သို့ တွေ့ရလေသည်။

ကျောက်တုံး၊ အုတ်ခဲများဖြင့် ပြုလုပ်ထားသော လှေခါးထစ်များမှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ ဖြစ်သောကြောင့် အချို့နေရာများတွင် မြေသားများဖုံးနေခြင်း၊ အချို့နေရာများတွင် ပြိုကျပျက်စီးခြင်းများ ရှိနေပြီဖြစ်၏။ အောက်ဖက်နေရာများမှာလည်း ဝါးရုံများ၊ သစ်တောများရှိနေသေးသည်။

"အရိုးစုကြီး ထွက်ထွက်လာတာ ဒီနေရာကပဲ. . အောက်ကိုဆင်းကြည့်ကြမလား အစ်ကို"

"မင်းသဘောပဲလေ၊ ကြည့်ချင်တဲ့ ဆန္ဒရှိရင်တော့ ကြည့်ပေါ့၊ ဒါပေမယ့် သိပ်တော့မကြာစေနဲ့"

ဟု ပြောဆိုတိုင်ပင်ပြီး ဖရိုဖရဲဖြစ်နေသော လှေခါးထစ်များမှ အောက်သို့ဆင်းကြလေသည်။ လှေခါးထစ်များမှာ သိပ်တော့မများလှပေ။ အောက်ဘက်ရောက်သွားတော့ တောင်နံရံများတွင် သဘာဝအလျောက် ဖြစ်နေသော ဂူပေါက်ဝများကို တွေ့ရလေသည်။ ထိုနေရာရောက်တော့မှ မောင်လည်း မထူးတော့ပြီမို့ မြနှင်းဖြူနှင့်အတူ လိုက်ကြည့်ရာ တစ်နေရာရောက်တော့ အတော်အသင့်ကြီးသော ဂူပေါက်ဝတစ်ခုကို တွေ့ကြရသည်။

ဂူပေါက်ဝအတွင်းမှ သင်းပျံ့သော မီးခိုးငွေ့များ ထွက်



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။ အတွင်းသို့ လှမ်းကြည့်တော့ မီးရောင်အချို့ကို လှမ်းမြင်ရသဖြင့် အံ့ဩသွားကြလေသည်။

"ဒီဂူထဲမှာ လူရှိတယ်ထင်တယ်. . ၊ ဝင်ကြည့်ရင် ကောင်းမလား"

"သဘောပဲလေ"

နီမောင်ကိုယ်တိုင်ကလည်း စိတ်ဝင်စားနေသောကြောင့် မြနှင်းဖြူအဖော်ညှိသည်ကို မငြင်းပဲ သူမနှင့်အတူ ဂူပေါက်အတွင်းသို့ ဝင်ကြည့်ကြသည်။ အတွင်းရောက်တော့မှ အံ့ဩဖွယ်ရာကောင်းသော မြင်ကွင်းကို စတင်တွေ့ရလေသည်။

အခြားမဟုတ်ပေ။ ထိုဂူအတွင်းတွင် နတ်ရုပ်တုကြီးများ အများအပြား ရှိနေကြလေသည်။

တစ်နေရာမှာတော့ နတ်ရုပ်ထုများကို မီးပူဇော်နေသော အဖွားကြီးတစ်ယောက်ကို လှမ်းမြင်ရလေသည်။ သစ်မွှေးဆီများ ထည့်ထားသော ဆီမီးခွက်များကို မီးထွန်းထားသောကြောင့် မွှေးရနံ့များ ထွက်နေသလို သစ်မွှေးသားများကို အမွှေးတိုင်သဖွယ် ပြုလုပ်ကာ မီးထွန်းထားသောကြောင့် ဂူအတွင်း၌ သင်းပျံ့သော မွှေးရနံ့များ ပြန့်နှံ့နေလေသည်။

ထိုအတွင်းပိုင်းမှာလည်း ကျောက်စင်များဖြင့် အဆင့်ဆင့်တွင် ရုပ်တုအတော်များများ ရှိနေကြသည်။ ပြောရလျှင်တော့ နံရံများနှင့်အပြည့် ရုပ်တုများက နေရာယူထားကြခြင်း ဖြစ်လေသည်။ သိကြားရုပ်၊ နတ်သားရုပ်၊ နတ်သမီးရုပ်တုများအပြင် အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း၊ အပ သုံးဆယ့်ခုနစ်မင်းနတ်ရုပ်များ၊ ဘိုးတော်ရုပ်တု၊ ယ်တော်ရုပ်တု များကလည်း သူ့နေရာနှင့်သူ ရှိနေကြလေသည်။





ရုပ်တုအရေအတွက်မှာ မည်မျှမည်မျှရှိသည် မသိသော်လည်း ဂူကြီးတစ်ခုလုံးမှာတော့ ရုပ်တုပေါင်း မြောက်များစွာတို့က ပြည့်နေလေသည်။ သူတို့နှစ်ယောက်ဝင်လာသော ခြေသံကြားသဖြင့် နတ်ရုပ်များကို မီးပူဇော်နေသော အဖွားကြီးက နေ့ရာမှထလာသည်။

"အဖွားက ဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"ငါ့နာမည်က မယ်မင်းဘုံလို့ ခေါ်တယ်၊ မင်းတို့ကော ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ဒီနေရာကို မရောက်ဖူးလို့ ဝင်ကြည့်တာပါ၊ ဒီဂူနာမည်က ဘယ်လိုခေါ်ပါသလဲ"

"နတ်တစ်ထောင်ဂူလို့ခေါ်တယ်၊ ဒီဂူထဲမှာ နတ်ရုပ်ပေါင်းတစ်ထောင် ရှိတယ်၊ ဒီဂူရဲ့ သက်တမ်းက နှစ်ပေါင်းတစ်ထောင်လောက် ရှိနေပြီ"

ထိုစကားကြားတော့ နီမောင်နှင့် မြနှင်းဖြူတို့မှာ များစွာ အံ့ဩသွားကြလေသည်။

"အဖွားက ဘယ်မှာနေတာလဲ"

"ငါလည်း ဒီနားတစ်ဝိုက်မှာပဲနေတာပါပဲ၊ ကဲ. . ကဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာက တကူးတက ရောက်ဖို့မလွယ်ဘူး၊ ဟိုး ဂူအတွင်း ပိုင်းတွေကို လိုက်ကြည့်ကြဦးပေါ့"

ဟု ပြောသဖြင့် နီမောင်တို့လည်း ရုပ်တုများကို လို လံကြည့်ကြလေသည်။ သူတို့ထွက်လာသောအခါ အဖွ ကြီးက ရုပ်တုများကို မီး၊ နံ့သာတို့ဖြင့် ဆက်လက်ပူဇော်ေ သည်ကို တွေ့ရသည်။ အတော်ဝေးဝေးရောက်တော့မှ မြနှ ဖြူက တိုးတိုးပြောသည်။

"အဖွားကြီးကြည့်ရတာ လူအစစ်ကော ဟုတ်ရဲ့လာ မသိဘူး"

"မင်းက ဘယ်လိုထင်နေလို့လဲ"

"စုန်းကဝေပညာတတ်တဲ့ သူမျိုးဖြစ်မယ် ထင်တယ်"

"ဒါပေမယ့် ငါတို့က သူ့ကို အန္တရာယ်အနှောင့်အ ယှက်ပေးဖို့ လာကြတာမှမဟုတ်တာ ကြောက်စရာ မလို ဘူး"

ထိုသို့ပြောဆိုပြီး အတွင်းပိုင်းမှာရှိသော ရုပ်တုများ လိုက်လံကြည့်ကြလေသည်။ ရုပ်တုအတော်များများမှ တော့ နာမည်များ ရေးထိုးထားကြလေသည်။ ရေးထာ သောစာများမှ ရှေးနှစ်ပေါင်းများစွာက အသုံးပြုသော အက္ခရာများဖြင့် ရေးထိုးထားသောကြောင့် မဖတ်တတ်ကြ ပေ။ အချို့လည်း သက္ကတဘာသာဖြင့် ရေးထားပြီး၊ အချို့ ရုပ်တုကိုတော့ ပါဠိဘာသာဖြင့် ရေးထားလေသည်။

တစ်နေရာရောက်တော့ ထူးထူးခြားခြား ပုံသဏ္ဌာန်





ရှိသော နတ်ရုပ်တုတစ်ခုကို တွေ့ရသည်။ ဘီလူးမျက်နှာ ဖြင့် တင်းပုတ်ထမ်းထားသော ရုပ်တုဖြစ်သည်။ အောက်၌ ပါဠိဘာသာဖြင့် ရေးထားသော အမည်စာတမ်းမှာ "ဂမ္ဘသေ နတ်ဆိုး" ဟူသော အမည်ဖြစ်လေသည်။

ထိုမျှများပြားသော နတ်ရုပ်များကို တွေ့တော့လည်း မောင်စိတ်ထဲမှာတော့ မအံ့ဩမိပေ။ အဘယ်ကြောင့်ဆို သော် မြင့်မိုရ်တောင်အထက် အောက်အရပ်လေးမျက်နှာနှင့် တ်ဝန်းကျင်တွင် နတ်အရေအတွက်ပေါင်း မြောက်များစွာရှိ ကြသည်ကို ကြားဖူးနားဝ ရှိခဲ့သောကြောင့် ဖြစ်ပေသည်။

မြင်းမိုရ်တောင်အထက်အောက်၊ သမုဒ္ဒရာ အစရှိ သာနေရာဌာနတို့တွင် ဘုံနန်းပြာသာဒ်နှင့်တကွ နေကြကုန် သာ နတ်သား၊ နတ်သမီးအပေါင်းတို့ကို အကျဉ်းမျှဖော်ပြပါ ည်။ စတုလောကပါလ နတ်မင်းလေးပါးတို့သည် ယုဂန္ဓိုရ် ာင်ထိပ်အပြင်၌ မြင်းမိုရ်တောင် လေးမျက်နှာမှာ မြို့ သးမြို့၊ တန်ဆောင်း၊ ပြအိုး၊ မြို့ရိုး၊ ကျုံးမြောင်းကာသန်း၍ ုံနန်းပြာသာဒ်၊ ဥယျာဉ်ရေကန်၊ ပန်းမန်သစ်သီးအစုံနှင့် တ်သား၊ နတ်သမီး၊ နတ်မှူးမတ် ရှစ်သောင်းလေးထောင် ခြံရံလျက် ပွဲလမ်းသဘင် ပဉ္စင်တူရိယာ တီးမှုတ်ကခုန် ပျော် းစံစားကာ အမြဲနေကြကုန်၏။

၎င်းအထက် မြင်းမိုရ်တောင်ထိပ်အပြင်ဝယ် အ ယ်အပြော အချင်းယူဇနာတစ်သောင်း၊ သုဒဿန၊ အယူ ူ တာဝတိံသာ အမည်သုံးခုရသော နတ်မြို့ရှိ၏။ ထိုမြို့



www.burmeseclassic.com

www.burmeseclassic.com



ရှစ်မျက်နှာမှာ တစ်မျက်နှာလျှင် မြို့ငယ်လေးမြို့စီဖြင့်
ပေါင်း သုံးဆယ့်နှစ်မြို့ ဝန်းရံလျက်ရှိ၏။

ထိုသို့ ဝန်းရံသော မြို့ပေါင်းသုံးဆယ့်နှစ်မြို့ဟို့သည်
ဘုံနန်းပြာသာဒ်နှင့် ဥယျာဉ်၊ ရေကန်၊ ပန်းမန်၊ သစ်သီး
ရှိသည် ဖြစ်ကုန်၏။ ယူဇနာတစ်သောင်းရှိသော သုဒဿ
အယုဇ္ဈ၊ တာဝတိံသာနတ်မြို့မှာ တံခါးပေါင်းတစ်ထော
ရှိ၏။ မြို့အလယ်၌ အကျယ်အပြော ယူဇနာခုနစ်ရာ၊
စောက် ယူဇနာသုံးရာရှိသော ဘုံဆောင်ပြာသာဒ်၊ နတ်
ဘင် စည်းဝေးရာ ဝေဇယန္တာပြာသာဒ်၏ အနောက်မြော
မှာ သုဓမ္မာဇရပ် ရှိ၏။

ဤသုဓမ္မာဇရပ်တွင် သိကြားမင်းနှင့် မိဖုရား၊ နတ်
မတ်ကြီးငယ်၊ နတ်သမီးကြီးငယ်အပေါင်း အခြံအရံ ပရိသ
တို့သည် နတ်ဝတ်နတ်စား အသုံးအဆောင်တူညီစွာဆင်ယ
ပြီး ကာလစည်းဝေးမြဲ ဖြစ်ကုန်၏။ ဥယျာဉ်၊ ရေကန်၊ ပန်း
သစ်သီးများလည်း အပြည့်အစုံခြံရံလျက်ရှိ၏။

ပဋ္ဌင်တူရိယာ အတီးအမှုတ်မျိုးစုံနှင့်လည်း က
ပျော်ပါးကြကုန်၏။ ထိုနတ်အပေါင်းတို့ နေရာဌာနသည်က
အောက်အထက်နယ်ပယ်၊ အကျယ်အပြော ယူဇနာ
သောင်းလေးထောင်နှင်နှင် ရှိကုန်၏။ အထက်ခြောက်ဆ
သောနတ်တို့ နေရာဌာနမှာ တစ်ဆင့်နှင့်တစ်ဆင့် အခြ
အကွာ ယူဇနာ လေးသောင်းနှစ်ထောင်စီချည်း ရှိကုန်၏
ဎင်းခြောက်ဆင့်သော နတ်ဘုံတို့အထက်ဖြစ်သော





ပါရိသဇ္ဇာအမည်ရှိသော ဗြဟ္မာတို့နေရာဖြစ်သည့်
မရှေးဦးဘုံသည် ဝသတတ္တိဘုံနှင့် အကွာအမြင့်အ
တ် ယူဇနာကား ကုဋေတစ်သိန်း အကွာရှိ၏။ ဗြဟ္မ
ရောဟိတာ၊ မဟာဗြဟ္မာ၊ ပရိတ္တာဘာ၊ အပ္ပမာဏာဘာ၊
တသာရာ၊ ပရိတ္တသုဘာ၊ အပ္ပမာဏသုဘာ၊ သုဘ
ကျာ၊ ဝေဟပ္ပိုလ်အစရှိသော ဗြဟ္မာ့ဘုံတို့သည် အဆင့်
အဆင့် ယူဇနာကုဋေတစ်သိန်းစီနှင်နှင်ချည်း အကွာအခြား
ကုန်၏။

ဤဗြဟ္မာတို့၏ နေရာဌာနအကျယ်အပြော၊ အနံအ
ားသည် ယူဇနာတစ်သန်းနှစ်သိန်းသုံးထောင့်လေးရာ့
ဆယ် ရှိကုန်၏။ ဎင်းဗြဟ္မာတို့သည်လည်း မြို့ပြ၊ အိုး
န်ဆောင်း၊ ကျုံးမြောင်းရံကာ၍ ဥယျာဉ်၊ ရေကန်၊ ပန်းမန်၊
စ်ဝင်တို့နှင့် အတင့်အတယ် ရွှေငွေကျောက် နဝရတ်မြတ်
ပါး ရတနာမျိုးပြီးသော ဘုံနန်းဥကင် ရာဇပလ္လင်တို့၏
ယ်အရောင်အဝါ တောက်ပစွာဖြင့် ဗြဟ္မာငယ်တို့ အလယ်၊
ဗြဟ္မာကြီး ဗြဟ္မာမင်းတို့ စံပယ်ပျော်ပါးလျက် တေဘုမ္မက
ချီရကို ဆင်ခြင်၍ ဗြဟ္မစိုရ်တရား ပွားများနေကြကုန်၏။

သုဒဿန၊ အယုဇ္ဈပုရ၊ တာဝတိံသာမြို့သခင် ဘုရင်
သိကြားမင်း စံနေသော ဝေဇယန္တာ ဘုံနန်းပြာသာဒ်ကို လေး
က်နှာက ခုနှစ်ဆောင်စီ ဝန်းရံသော ပြာသာဒ်ဘုံနန်းငယ်
စ်ဆယ့်ရှစ်ဆောင်ရှိ၏။ ဎင်းနှစ်ဆယ့်ရှစ်ဆောင်၌ မွေ့လျော်
ပျော်ပါးလျက် နတ်အမတ်ငယ် နှစ်ဆယ့်ရှစ်ပါးလည်း ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုနတ် အမတ်ငယ်တို့ အမည်များမှာ-

၁။ သောမနတ်
၂။ ယမနတ်
၃။ ဝိရူဠှနတ်
၄။ သိဒ္ဓတ္တနတ်
၅။ သုဘာသိတနတ်
၆။ ပေမဝစနုသာနတ်
၇။ နာနာရူပနတ်
၈။ စိတ္တပရမန္တနတ်
၉။ ပဇ္ဇုန်ဒေဝနတ်
၁၀။ လိက္ခာသိဝနတ်
၁၁။ ဘောဂဝဇလနတ်
၁၂။ သမာဝုတ္တနတ်
၁၃။ ဝုတ္တေသူရနတ်
၁၄။ သမိဒ္ဓနတ်
၁၅။ ဒုရယက္ခနတ်
၁၆။ ပုပ္ပရာသီနတ်
၁၇။ သတ္တယက္ခနတ
၁၈။ သမာဂဏ္ဍိနတ်
၁၉။ ဗီဇနတ်
၂၀။ ပုရာဂတနတ်
၂၁။ ပဏ္ဍာဂတနတ်
၂၂။ ဝရဂတနတ်
၂၃။ ယန္တာဂတနတ်
၂၄။ ဝါတပါလနတ်
၂၅။ ဒုမရယက္ခနတ်
၂၆။ အဂ္ဂိယက္ခနတ်
၂၇။ ဝါလုယက္ခနတ်
၂၈။ တေလယက္ခနတ်

ဟူ၍ နှစ်ဆယ့်ရှစ်ဦး ဖြစ်သည်။

ထိုအမတ်ငယ်နှစ်ဆယ့်ရှစ်ယောက်တို့တွင် တစ်ယောက်တစ်ယောက်လျှင် နတ်အစေခံ လုလင်ငယ် သုံးထောင်စီ ဝန်းရံလျက် ရှိကြကုန်၏။

၎င်းပြင် သိကြားမင်း၏အတိုင်အပင် အတွင်းဝန် အမတ်ကြီးလေးပါး ရှိပြန်၏။ ထိုလေးပါးအမည်များမှာ-





အာပတိနတ်၊ ဝရုဏနတ်၊ ဤသာနနတ်၊ အဂ္ဂိရာသီနတ် ဟူ၍ လေးပါးရှိကုန်၏။ အမတ်ကြီး တစ်ပါးတစ်ပါးမှာလည်း နတ်အမတ် နတ်လုလင် နတ်အစေခံပေါင်း နှစ်သောင်းတစ်ထောင်စီ ဝန်းရံလျက်ရှိ၏။

အသကဏ်တောင်၏ အပြင်ဘက် သီဒန္တရ သမုဒ္ဒရာ ရေအယဉ်တွင် ယူဇနာတစ်ရာငါးဆယ် အကျယ်အပြောအစောက်ရှိသော ဘုံးနန်းပြာသာဒ် ဗိမာန်နှင့်မြင်းမိုရ်တောင်၏ အရှေ့အနောက်၊ တောင်၊ မြောက် လေးမျက်နှာစလုံးမှာ အမြဲတည်နေသော ဝေဿဝဏနတ်မင်းလေးယောက် ရှိကုန်၏။

ထိုဝေဿဝဏ နတ်မင်းလေးယောက်တွင် တစ်ယောက်တစ်ယောက်၌ နတ်သားနတ်သမီးပေါင်း ရှစ်သောင်းလေးထောင်စီ ခြံရံလျက်ရှိ၏။ ဥယျာဉ်ပန်းပန်၊ ရေကန်ရေမြောင်း၊ စားတောင်းသောက်ဖွယ်၊ သစ်ပင်သစ်သီးသည်း အစုံရှိ၏။ ပဥ္စင်တူရိယာနှင့် နတ်တို့အသုံးအဆောင်ဆင်ယင်လျက် ပျော်ရွှင်ခံစားကာ နေကြကုန်၏။

၎င်းဝေဿဝဏ နတ်မင်းလေးယောက်တို့သည် ဂွက္ခစိုး၊ ဘုမ္မစိုး၊ ဖုတ်၊ ပြိတ္တာ၊ တစ္ဆေမာဒရာစသော နတ်အပေါင်းတို့နှင့် ယမဒေါ၊ ယမက၊ ယမလှ၊ ဝေမာတိက၊ ငရဲမင်း၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့ကို အစိုးရကုန်၏။

၎င်းပြင် ထိုသိဒန္တရ သမုဒ္ဒရာရေအယဉ်မှာပင် အမြဲနေပြီးကာလ လူတို့ကို စောင်မကြည့်ရှုကုန်သော နတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ပါးရှိ၏။

အမည်နာမတို့မှာ-

| | |
|---|---|
| ၁။ ယဿမဂ္ဂိနတ် | ၇။ ကညာယက္ခနတ် |
| ၂။ စန္ဒိနတ် | ၈။ ကုမ္မာယက္ခနတ် |
| ၃။ ပရမိဿွာနတ် | ၉။ ဝနယက္ခနတ် |
| ၄။ မဟာပိန္နဲနတ် | ၁၀။ နိပ္ပဏ္ဍာသယနတ် |
| ၅။ သူရဿတီနတ် | ၁၁။ ပုပ္ဖကြယ်နတ် |
| ၆။ ဂေါရမန္တနတ် | ၁၂။ နလာဋလိက္ခနတ် |

တို့ဖြစ်သည်။

ဤတစ်ဆယ့်နှစ်ပါးတို့မှာ တစ်ပါးတစ်ပါးလျှင် နတ်[illegible] သား၊ နတ်သမီးရှစ်ယောက်စီ အခြံအရံအပေါင်းအဖော်[illegible] ၏။ ၎င်းနတ်တို့နေသော ဘုံဗိမာန်အပြောအကျယ် အစော[illegible] ယူဇနာငါးဆယ် ရှိကြ၏။

ဥယျာဉ်ပန်းမန်၊ သစ်သီး၊ သစ်ပင်လည်းရှိ၏။ နတ်[illegible] အသုံးအဆောင် တန်ဆာဆင်၍လည်း ပဋ္ဌင်တူရိယာ ကခြေ[illegible] သဘာင်နှင့် ပျော်ရွှင်ခံစားလျက် နေကြကုန်၏။ မြင်းမိုရ်တော[illegible] လေးမျက်နှာ၌ ထိုအတူ နတ်တစ်ဆယ့်နှစ်ပါးစီ ရှိကြ၏။

ယဿမဂ္ဂိနတ်သည် လူတို့အခြံအရံ အလုပ်အကို[illegible] ကို စောင်မ၏။ စန္ဒိနတ်သည် လူတို့စည်းစိမ်ချမ်းသာ မပျက်[illegible] စီးစေရအောင် စောင်မ၏။ ပရမိဿွာနတ်သည် အတတ်[illegible] ပညာ သင်သောသူကို စောင်မ၏။ မဟာပိန္နဲနတ်သည် လူတို့[illegible] လိုအပ်သမျှ အခြံအရံ ဥစ္စာစည်းစိမ်ပွားများအောင် စောင်[illegible]





မ၏။

သူရဿတီနတ်သည် လူတို့သင်သော ပညာကြီးပွား အောင် စကားသာယာပြေပြစ် ကျစ်လျစ်ယဉ်ကျေးအောင်၊ လူအပေါင်းကြည်ညိုအောင် စောင်မ၏။ ဂေါရမန္တနတ်သည် ပိဋကတ် ဗေဒင်ကျမ်းတို့ကို မပျက်မစီးရအောင် စောင်မ၏။ ကညာယက္ခနတ်သည် သမီးကညာတို့ မတော်မတည့်သည် ကိုမြင်လျှင် ခြောက်လှန့်၍ မပျက်မစီးရအောင် စောင်မ၏။

ကုမ္မာယက္ခနတ်သည် ယောက်ျားလုလင်တို့ ဂုဏ်အ သရေ အနေအထိုင် အလာအသွား အဝတ်အစားတို့ကို စောင့်ရှောက်မစ၏။ ဝရယက္ခနတ်သည် လူစသော တိရစ္ဆာန် သတ္တဝါတို့ တောတောင်သို့ သွားရောက်လျှင် တောတောင် အတွင်း အနေအထိုင်အစားအသောက်၊ ရန်သူရန်ဘက် မတွေ့ရအောင် မဖျက်မဆီးရအောင် စောင့်ရှောက်စေ၏။

နိပ္ပဏ္ဍာသယနတ်သည် လူတို့အိပ်သောအခါ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာ၊ အဟိတ်အဆိုး ရန်သူမျိုးအပေါင်းမကောင်း သော ဘေးအန္တရာယ် ပယ်လွှင့်အောင် စောင်မ၏။ ပုပ္ဖကြယ် နတ်သည် လူတို့လုပ်သော လယ်ယာစပါးအပင် အပွင့်အသီး ပွားများကောင်းမွန်အောင် စောင့်ရှောက်မစ၏။

နလာဋလိက္ခနတ်သည် လူတို့အမိဝမ်းမှ ဖွားသော အခါ သူငယ်၊ ယောက်ျား၊ မိန်းမတို့ ကုသိုလ်ကောင်း[illegible] ကောင်း နိမိတ်ကို နဖူးပြင်၌ နဖူးစာရေးမှတ်၏။ [illegible]ပြင် ဗိဿနိုးနတ်၊ ဖုတ်ပြိတ္တာနတ်၊ မာန်ရာနတ်၊ [illegible]ဂနီနတ်



www.burmeseclassic.com

www.burmeseclassic.com



စသော ဤနတ်လေးပါးတို့သည် ကျွန်းကြီးလေးကျွန်း အပြင် မှရှိသော သမုဒ္ဒရာ ရေအလယ်၌ ယူဇနာတစ်ရာ့နှစ်ဆယ် အပြောအကျယ် အစောက်ရှိသော ကြေးပြာသာဒ် ဘုံနန်း အိမ်၌ ဥယျာဉ်ပန်းမန်၊ သစ်သီးသစ်ပင်၊ ပဒ္မင်တူရိယာ၊ အငြိမ့် ကချေသဘင်အစုံ၊ နတ်အသုံးအဆောင်မျိုးများ ဆင်ယင်ဝတ် စားပျော်ပါးကာ နေကြကုန်၏။

နတ်သား၊ နတ်သမီး၊ အခြွေအရံ အဖော်အပေါင်း ရှစ်သောင်းစီရှိ၏။ မြင်းမိုရ်တောင်လေးမျက်နှာမှာ ဤကဲ့သို့ လေးယောက်စီ ရှိကြကုန်၏။ ဗိဿနိုးနတ်သည် မြို့ပြပြည်ရွာ၊ လူမင်း၊ မိဖုရား၊ မင်းသား၊ မှူးမတ်၊ ပုဏ္ဏား၊ ပုဏ္ဏေး၊ သူဌေး သူကြွယ် စသော ပြည်သူ လူရဟန်းတို့ အကျိုးစီးပွား အခါ သမယ မင်္ဂလာကို စောင့်မကြည့်ရှု၏။

ဖုတ်ပြိတ္တာနတ်တို့သည် ဖုတ်သွင်းရထား၊ ဖုတ်သွင်း သူယောင် စေလွှတ်သောအခါ ယန္တရားစက်၊ ဆေးဝါးအင်း အိုင်၊ တုစာပေစာ၊ လူတို့ပြုသော ဝိဇ္ဇာမယတို့ကို စောင်မ ကြည့်ရှု၏။ မာဒရာနတ်သည် သူငယ်ကို အမိဖွားသည်မှစ၍ တစ်ဆယ့်နှစ်နှစ်တိုင်အောင် အင်္ဂါကြီးငယ် မပျက်မစီး၊ ရွှင်ပျ ခန့်ကျန်း ပေါ့ပါးအောင် စောင်မ၏။

ဇော်ဂနီနတ်သည် လူတို့နှင့် ကွဲပြားသော အစားအ သောက်၊ အရောင်အဆင်း၊ အခိုးအလျှံ၊ ရှက်ကြောက်ဖွယ်၊ လူသတ္တဝါတို့ ရွံ့ရှာဖွယ်၊ ကြောက်လန့်ဖွယ်၊ အထူးထူးအပြား ပြား၊ ယုတ်မာသော အဆင်းတို့ကိုလည်းကောင်း၊ မိမိတို့ကိုယ်





၌ ဇော်ဂနီအနားရောက်သည်ကို လူခပ်သိမ်းမသိအောင် အရှက်အကြောက် လျှို့ဝှက်ဖုံးဖိခြင်းလည်းကောင်း၊ အနှ ပေါက်အပြ၊ အကွဲအရှ၊ အသေအကြေ၊ လျှာထွက်မျက်စိ တန်း၊ အပန်းအဟိုက်မရှိအောင်လည်းကောင်း၊ စုန်း စမြင်း တိုင် ခြောက်ယောက်မျိုးတို့က ဆေးအတတ်များနှင့် မပြုမကြံ နိုင်အောင် ဆေးဝါးမန္တယားကိုစောင့်၍ ဖျက်ဆီးလျက် စောင် မကြည့်ရှု၏။

မဏိမေခလာနတ်သည် ကျွန်းကြီးလေးကျွန်း အပြင် ဘက် သမုဒ္ဒရာရေအလယ်၌ အတွင်းကားငွေ၊ အပကားရွှေ အတိပြီးသော ယူဇနာ တစ်ဆယ့်ငါးဆယ် အပြောအကျယ် အစောက်ရှိသော ဘုံနန်းပြာသာဒ်၊ ပန်းမန်သစ်ပင်၊ ပဒ္မင် တူရိယာ၊ ကချေသဘင်နှင့် ပျော်ရွှင်၍ ခံစားနေ၏။

နတ်တို့အသုံးအဆောင်၊ ဘယက်တန်ဆာဒွါဒရာ၊ လက်ကောက်စည်ဘောင်း၊ နားထောင်း၊ ဦးပေါင်းသင်းကျစ်၊ မျက်နှစ်စလွယ်၊ ခြူးနွယ်ခြူးပန်း၊ တလျှမ်းလျှမ်း၊ တထိန်ထိန်၊ ဝရဇိန်ကျောက်မြတ်၊ နဝရတ်စီခြယ်သော တန်ဆာ၊ ရတနာ ရွှေသား၊ ခါးကြိုးအမြိတ် တစ်ရာ့နှစ်ဆယ်၊ အသွယ်သွယ်ပန်း ဖွား၍ ပတ္တမြားကြီးငယ်၊ သောက်ရှူးကြယ်သို့ ဘယ်ညာများ လျှား၊ တန်ဆာများကို ဆင်ယင်၍ နတ်သား၊ နတ်သမီး ရှစ် သောင်းခြံရံလျက် ခံစားကာ နေရကုန်၏။

မြင်းမိုရ်တောင်လေးမျက်နှာ၊ သမုဒ္ဒရာလေးအင်းမှာ ဝင်းအတိုင်း မေခလာနတ်သမီးလေးယောက် အမြဲစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြပ် ရှိနေကြ၏။ ပါရမီဘုန်းကံကြီးမြင့်သော သူတို့၌ ဤ သမုဒ္ဒရာတွင် တစ်စုံတစ်ရာ အတိဒုက္ခဖြစ်ခဲ့သော် စောင်မ ကြည့်ရှုကယ်ဆယ်ရ၏။ ကာဝါလမန္တ အမည်ရှိသော နတ်သည် ကျွန်းကြီးလေးကျွန်းအပြင် သမုဒ္ဒရာ ရေအယဉ်၌ ယူဇနာခြောက်ဆယ် အပြောအကျယ် အစောက်ရှိသော ဘုံနန်း ပြာသာဒ် ဗိမာန်နှင့်နေ၏။

ပန်းမန်သစ်ပင်၊ ပဒ္ဒင်တူရိယာ အတီးအမှုတ် နတ်သဘင်ခံလျက် ခံစားနေ၏။ ၎င်းကို နတ်သား နတ်သမီး တစ်သောင်းခြောက်ထောင် ခြံရံလျက် ဖျော်ဖြေနေရကုန်၏။ မြင်းမိုရ်တောင်လေးမျက်နှာပြင်ဘက် သမုဒ္ဒရာတို့၌ ကာဝါလ မန္တနတ်လေးယောက် လေးဦးအမြဲ စောင့်နေကြရ၏။

၎င်း ကာဝါလမန္တနတ်တို့သည်ကား လက်သမားတို့ သစ်ဝါးခုတ်လုပ်သောအခါ အရင်း၊ အလယ်၊ ငါးပိုင်း၊ အမျက်၊ ခွံ့ငှက်၊ မြက်ငိုမြက်ဆွေး မကောင်းသည်ကို ပယ်ဖြတ် ခုတ်မိ၍ ဓား၊ ပေါက်ဆိန်၊ စူးဆောက်၊ တံစည်း၊ ပဲခွပ်၊ မထိမရှ ဘေးအန္တရာယ် ကင်းလွတ်ရအောင် စောင်မကုန်၏။

ဝသုန္ဓရနတ်သည် လေးကျွန်း၏ပြင်ဘက် သမုဒ္ဒရာ၌ ယူဇနာရှစ်သောင်းအစောက်ရှိသော ရေအောက်၊ ဇောတ ပထဝီမြေ သက်သက်အပေါ် အပြင်၌ ယူဇနာတစ်ရာ့ငါးဆယ် အလျားအနံရှိသော ဌာနအတွင်း နတ်တို့တန်ခိုးဖြင့် ရေမဝင်မရောက်စေရ။ ရတနာခုနစ်ပါးဖြင့်ပြီးသော အပြော အကျယ် အစောက် တစ်ဆယ်နှစ်ယူဇနာရှိသော ဘုံဆောင်





ပြာသာဒ်ဗိမာန်၌ ရှစ်သောင်းလေးထောင်၊ နတ်သား နတ်သမီး ခြံရံလျက် ဥယျာဉ် ရေကန် ပန်းမန် သစ်ပင် ပဒ္ဒင် တူရိယာ တီးမှုတ်ကခုန်လျက် ပျော်ပါးခံစားကာ အမြဲနေ၏။

မြင်းမိုရ်လေးမျက်နှာ၊ သမုဒ္ဒရာလေးစင်းမှာ နတ်မင်းလေးယောက်ရှိ၏။ လူ၊ နတ်၊ သတ္တဝါအပေါင်းတို့ပြုဖူးသော ဒါန၊ သီလ၊ ကောင်းမှုကုသိုလ်တို့ကို ဦးခေါင်းထံရေဆွတ်စေလျက် သာမုအနုမောဒနာပြု၍ မမေ့မလျော့ဘဲ မြဲစွဲမှတ်သိကုန်၏။

သမုဒ္ဒရာရေအတွင်းနတ်တို့ ဘုံဗိမာန်နှင့်နေကြသည်ကား အဘယ်သို့နေမည်နည်းဟု အချို့သော သူတို့က မေးဆိုခဲ့သော် အဖြေကား ကမ္ဘာ့တန်ဆာ ဓမ္မတာအတိုင်း နတ်တန်ခိုးဖြင့် အရှေ့အနောက် တောင်မြောက်လေးမျက်နှာ အထက်အောက် နှစ်မျက်နှာစီဖြင့် စုစုပေါင်းခြောက်မျက်နှာ၌ ရှိသမျှသော အကျယ်အပြော အစောက်ယူဇနာသည် ပမာဏအားဖြင့် သေတ္တာစပ်ထားသကဲ့သို့ လုံခြုံစွာတည်ရှိနေ၏။

၎င်းအတွင်း မြေ၊ ရေ၊ ဥယျာဉ်၊ ပန်းမန်၊ ရေကန်၊ ရေတွင်း၊ အစုံရှိ၏။ လင်းခြင်း မိုက်ခြင်း လည်းရှိ၏။ အထွက် အဝင် အဘယ်သို့ ထွက်ဝင်မည်နည်းဟု မေးပါက ၎င်းတို့သည် နတ်တို့တန်ခိုးအားဖြင့် တစ်နှမ်းတစ်ဆံခြည်မျှမလေး သေးငယ်စွာ ဖန်ဆင်း၍ ထွက်ဝင်နိုင်ကုန်၏။

စကြာဝဠာတောင်လေးမျက်နှာ၌ ယူဇနာ ခုနစ်ရာစီ



www.burmeseclassic.com

www.burmeseclassic.com



အပြောအကျယ် အစောက်ရှိသော မြို့ပြတန်ဆောင်း၊ ကျုံး မြောင်းရံကာ၍ ဘုံနန်းပြာသာဒ်၊ ဥယျာဉ်ပန်းမန်၊ ရေကန်၊ ရေတွင်း၊ ပဋ္ဌင်တူရိယာ၊ ပတ်သာစောင်းငြင်း၊ ကချေသဘင် နှင့် ပျော်ရွှင်ခံစားကာ လောကဗျူဟာ နတ်မင်းလေးဦးတို့ နေကြကုန်၏။

ထူးဆန်းသောအသံဖြင့် ကျူးရင့်၍ ပန်းနံ့သာထုံ လျက် ရတနာမျိုးဖြင့်ပြီးသော လျှပ်မီးလျှပ်ပန်းကဲ့သို့ အရောင် အဝါ တန်ဆာအမျိုးမျိုး ဆင်ယင်ပြီးလျှင် နတ်သားနတ်သမီး သုံးကုဋေ နတ်မှူးမတ် ရှစ်သောင်းလေးထောင်တို့ ဝန်းရံခစား နေကြရကုန်၏။ ၎င်းနတ်မင်းတို့သည် ကမ္ဘာကိုစောင့်သော နတ်များဖြစ်ကုန်၏။

ထိုနတ်လေးဦးတို့သည် လေးကျွန်းလေးမျက်နှာ လှည့်လည်ကြွေးကြော်ရကုန်၏။ အဝတ်တန်ဆာ ဆင်ယင် ကြွေးကြော်ဟန်ကား တစ်ခဲနက်နီသော သင်တိုင်းကိုစွပ်၍ နီသောပုဆိုး အစွန်းအမြိတ် တဘက်ရှည်ဝတ်ပြီးသော် လက် ယာပခုံးတင်၍ နောက်သို့များလျားချ၍ မိမိတို့၏ အထွာရှစ် ထွာရှည်သော ဆံပင်ကိုလည်း နောက်သို့ပင်ဖြန့်ချ၍ ရတနာ မျက်ရှင်၊ သင်းကျစ်နရကကင်း၊ ဝင်းဝင်းတောက်ပြောင်၊ မီးရှူး ရောင်အဆင်းသို့သော တန်ဆာဆင်၍ ဘယက်စည်သောင်း နားတောင်း၊ လက်စွပ်၊ လက်ကောက်၊ မြကျောက်၊ ပုလဲ လည်ရွဲ၊ လျှပ်ပန်းအဆင့်ဆင့်ကို ဆင်ယင်ထားကြ၏။

၎င်းပြင် ဝင်းဝင်းတောက်သော ခြေနင်းကိုစီး၍၊ တွတ်





တွတ်ခြင်းခြင်း နီသောထီးကိုဆောင်း၍ လူအစရှိသော တိရစ္ဆာန်သတ္တဝါတို့အား ထင်ရှားစွာ ကြားစေမြင်စေအောင် အနှစ်တစ်သိန်း ရောက်သောအခါ ကမ္ဘာပျက်၍ စကြာဝဠာ၊ မြင်းမိုရ်၊ သတ္တရဘ္ဘာန်၊ လေးတန်သောကျွန်းကြီး၊ ကျွန်းငယ်နှစ် ထောင်၊ တောတောင်ဟိမဝန္တာ၊ သမုဒ္ဒရာလေးစင်း၊ အိုင်မင်း ခုနစ်ထွေ၊ ရေမြေအလုံးဆုံးကုန်တော့မည်ဟု ထိုလောကဗျူ ဟာ နတ်မင်းတို့သည် မိုးကြိုးလောင်မီးထစ်သော အသံ ကြောင့် အဖန်ဖန်အခါခါ ဟစ်ကြွေးကြော်ကုန်၏။

ဤလောကဗျူဟာ နတ်မင်းတို့ ဟစ်အော်ကြွေး ကြော်သော အသံကို ကြားသည်မှစ၍ အိမ်ယာထောင်ခြင်း၊ တဏှာလောဘ နည်းစေကုန်ကြလျက် သီလသိက္ခာ ဘာဝ နာကမ္မဋ္ဌာန်း ဗောဇ္ဈင်မဂ္ဂင်တရားများကို မမေ့မလျော့ ဆောက်တည်ကြသည် ဖြစ်ကုန်၏။

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့သည် လူတို့ထက် သိတ်လန့်ကြီးစွာဖြစ်၍ မိမိတို့အပြစ်ကို ငြိုးငွေ့သဖြင့် လူ၏ ဘဝကို တောင့်တကြရာ စုတေလျှင် လူသူတော်ကောင်းဘဝ ကို ရကြလေကုန်၏။ ထိုလောကဗျူဟာ နတ်မင်းတို့ ဟစ် အော်ကြွေးကြော်သည်မှ အနှစ်လေးသောင်းရှိသော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့ ကုန်ပျောက်၍ လူချည်း နှင်နှင် ဖြစ်ကြကုန်၏။

လူတို့သည်ကား လောကဗျူဟာနတ်မင်းတို့ ကြွေး ကြော်သောစကားကို များစွာမယုံကြည်ကြပေ။ အကြောက်



www.burmeseclassic.com

www.burmeseclassic.com



အလန့် နည်းကုန်၏။ အနှစ်လေးသောင်းရောက်မှ ငှက် တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တို့ ကုန်ပျောက်ပြီးလျှင် လူ၏ဘဝရမှန်းသိမှ သံဝေဂကြီးစွာဖြစ်၍ မိမိတို့အဖြစ်ကို ငြီးငွေ့သဖြင့် တရားကျင့်၍ သီလဆောက်တည်ကြရာ လော ကီချမ်း သမာပတ်ရကြ၏။

ထိုသူတို့ စုတေကြသောအခါ ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ၌ ဖြစ်ကြရလေ၏။ နောက်အနှစ်လေးသောင်းကာလ ရောက် ပြန်လျှင် ဤလောကသည် လူ၊ တိရစ္ဆာန်၊ သတ္တဝါအပေါင်း တို့ အကြွင်းအကျန်မရှိ၊ တောတောင်၊ သမုဒ္ဒရာ၊ စကြာဝဠာ မြင်းမိုရ်၊ သတ္တရဘ္ဘာန်၊ တောင်စဉ်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်း ငယ်နှစ်ထောင်တို့သာ အချည်းနှီးကုန်၏။

စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တိ နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်မင်း၊ နတ်မိဖုရား၊ နတ်မှူးမတ်၊ နတ်သား နတ်သမီးစသော နတ်အပေါင်းတို့နှင့်တကွ ပျက်လတ္တံ့သော ဗြဟ္မာ့ပြည်က ဗြဟ္မာအပေါင်းတို့သည် လူတို့နှင့်အတူ ဝေဟ ပ္ဖိုလ်ဘုံသို့ချည်းနှင်နှင် ရွှေ့ပြောင်းဖြစ်ကြလေကုန်၏။

နတ်တို့တွင်ရှိသော လက်အင်္ဂါအရေအတွက်၊ စွဲကိုင် သောပန်းနှင့် လက်နက်ကိရိယာမျိုးများ၊ စီးနင်းသွားလာသည့် တိရစ္ဆာန်ယာဉ်များအကြောင်းကို အနှစ်ချုပ်၍ ဖော်ပြပါမည်။

သူရဿတီနတ်ကား ဟင်္သာငှက်အဖြူယာဉ်စီး၍ သွားလာ၏။ လက်နှစ်ဖက်မှာ ပဒုမ္မာကြာဖြူ ကိုင်စွဲနေလေ





၏။

ပရမိဿွာနတ်သည် ရတနာခုနှစ်ပါးဖြင့်ပြီးသော ဥသဘယာဉ်စီး၍ သွားလာ၏။ လက်နှစ်ဖက်မှာ လက်ဝဲက ချွန်၊ လက်ယာက လှံမသုံးချောင်းစွဲကိုင်နေ၏။

မဟာပိန္နဲနတ်ကား လက်လေးဖက်ရှိ၏။ ဦးခေါင်း၌ ဆင်မောင်းအစွယ်ရှိ၏။ လက်ယာအထက်လက်က ချွန်း၊ အောက်လက်က အစွယ်ရင်းကို ဆုပ်ထား၏။ လက်ဝဲအ ထက် လက်ကစက်ဝိုင်း၊ အောက်လက်က နှာမောင်းကို ဆုပ် ကိုင်နေ၏။ ရွှေအဆင်းရှိသော ကြွက်ယာဉ်ကို စီးနင်းသွား လာ၏။

ဗိဿနိုးနတ်ကား လက်လေးဖက်ရှိ၏။ လက်ယာ အထက်လက်က ပဒုမ္မာကြာပွင့်အနီ၊ အောက်လက်က ခရုသင်းကို ကိုင်၏။ လက်ဝဲအထက်လက်က ကြာပွင့်အဖြူ အောက်လက်က တင်းပုတ်စွဲကိုင်၏။ ငွေရောင်အဆင်းရှိ သော ဂဠုန်ယာဉ်ကို စီးနင်းသွားလာ၏။

ပရမာဒေဝနတ်ကား လက်လေးဖက်ရှိ၏။ လက် ယာအထက်လက်က ကျော့ကွင်း၊ အောက်လက်က ရွှေစက် ကွင်း၊ အောက်လက်က ဟန်လှအောင်ပြုလုပ်ထား၏။ ရွှေအ ဆင်းရှိသော ဥဒေါင်းငှက်ယာဉ်ကို စီးနင်းသွားလာ၏။

ပရမိဿွာနတ်ကား ဦးခေါင်းမျက်နှာသုံးခု၊ လက် ခြောက်ဖက်ရှိ၏။ ဝဲယာအထက် လက်နှစ်ခုက သားမြတ်ရှင် သားကို လက်ဝါးဖြင့် အုပ်ထား၏။ လက်ယာအထက်လက်



www.burmeseclassic.com

www.burmeseclassic.com



က ပတ္တမြားရွဲလုံးကိုင်၏။ ၎င်းအောက်က သန်လျက်တိုင်၏။ လက်ဝဲအလယ်လက် အောက်လက်နှစ်ခုက ကြာငုံဖူးကို ကိုင်၏။ ရွှေခြင်္သေ့ယာဉ်ကို စီးနင်းသွားလာ၏။

စန္ဒီနတ်ကား လက်ဆယ်ဖက်ရှိ၏။ လက်ယာလက်ငါးခုအနက် အထက်ဆုံးလက်က ဓားလွယ်၊ ၎င်းအောက်လက်က သံတုတ်၊ ၎င်းအောက်လက်က သံလှံ၊ ၎င်းအောက်လက်က သံချွန်၊ ၎င်းအောက်လက်က ဓားမြှောင်၊ လက်နတ်ငါးပါးကိုင်၏။ လက်ဝဲအထက်ဆုံးလက်က ဒိုင်း၊ ၎င်း အောက်လက်က ထီးရိုး၊ ၎င်းအောက်လက်က ပုလဲလုံး၊ ၎င်းအောက်လက်က ပုလဲဂါတီး၊ ၎င်းအောက်လက်က ခရုသင်းကို ကိုင်၏။ ပတ္တမြားအနီခံသော ခြင်္သေ့ယာဉ်ကို စီးနင်းသွားလာ၏။

နေရာဌာနရှိသော နတ်တို့မှာ အပြောအကျယ်အစောက် ယူဇနာငါးဆယ်၊ တစ်ရာ တစ်ရာ့ငါးဆယ် ဘုံနန်းပြာသာဒ်၊ ဗိမာန်၊ အခြွေအရံ နတ်သားနတ်သမီး၊ တန်ခိုးကြဒ္ဒိပါဒ်နှင့် အသီးအသီး အကြီးအငယ်၊ အယုတ်အလတ်အမြတ်ရှိကြပြီး လူတို့၏ အကျိုးစီးပွားကို စောင်မကြ၏။ မြို့ပြတန်ဆောင်း၊ ကျုံးမြောင်းကာရံ၍ နတ်သဘင်ပွဲလမ်းခံလျက်လည်း ပျော်ပါးစံစားကာနေကြ၏။

နေရာဌာနမရှိသော နတ်တို့မှာ လူတို့အသုံးအဆောင်၊ တောတောင်သစ်ပင်၊ မြေ၊ ရေ၊ လေ၊ မီး၊ ကောင်းကင်၊ သမုဒ္ဒရာ၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာစသော နယ်အပိုင်းအခြား သတ်မှတ်စောင့်ကြပ်နေကြရ၏။ ဤသို့ နေရာဌာနရှိသောနတ်နှင့် နေရာဌာနမရှိသောနတ်အပေါင်းတို့သည် ဝေဿဝဏနတ်မင်း၏ အဆင့်အဆိုကို နာခံကြရ၏။ ခြောက်လတစ်ကြိမ် သွားရောက်၍ ခစားကြရသည်။ ခြင်းကိစ္စ ဝေယျာဝစ္စရှိသမျှကိုလည်း ဆောင်ရွက်လုပ်ကိုင်ပေးကြရကုန်၏။





ထိုအကြောင်းများမှာ နတ်ဒေဝတာနှင့်ပတ်သက်သည့် အကြောင်းအရာများပင် ဖြစ်ကြလေသည်။

နီမောင်က များပြားလှသော နတ်ရုပ်များကိုကြည့်ခြင်းနှင့် ထိုအကြောင်းများကို တွေးတောနေစဉ် အနားမှာရှိနေသော မြနှင်းဖြူက မေးလိုက်လေသည်။

"အစ်ကို နတ်ရုပ်တွေကြည့်ပြီး ဘာတွေဒီလောက်တောင် စဉ်းစားနေတာလဲ"

"တခြားတော့မဟုတ်ပါဘူး၊ ဒီလောက်များပြားတဲ့ နတ်ရုပ်တုတွေကို ဒီတစ်ခါပဲ တွေ့ဖူးသေးလို့ စဉ်းစားနေတာပါ ဒါထက် မြနှင်းဖြူဒီနေရာကို အရင်က ရောက်ဖူးသလား"

"ဟင့်အင်း မရောက်ဖူးပါဘူး၊ အခု အစ်ကိုနဲ့မှ ရောက်ဖူးတာပါ"

မြနှင်းဖြူက ပေါ့ပေါ့ပင် ပြန်ဖြေလေသည်။ သူမအနေနှင့် ထိုကဲ့သို့ ထူးဆန်းသော နေရာမျိုးကိုရောက်သော်လည်း ထူးထူးခြားခြား အံ့သြဟန်တော့မရှိပေ။

"မြနှင်းဖြူတွေ့ခဲ့တဲ့ လူအရိုးစုကြီးကတော့ ဒီနေရာက ထွက်လာတာ မဟုတ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"နတ်တွေနေတဲ့ နေရာမှာတော့ မကောင်းဆိုးဝါးတွေ ဘယ်နေနိုင်ပါ့မလဲ"

"နတ်တွေမှာလည်း ကောင်းတာတွေချည်းရှိတာမဟုတ်ဘူး၊ မကောင်းတဲ့နတ်ဆိုးတွေလည်းရှိတယ်"

"ဘယ်နေရာမှာလဲ"

"ဟိုဘက်နားမှာတွေ့ခဲ့တဲ့ ဂမ္ဘသေယျနတ်ဆိုးဆိုတာလူတွေကို ဒုက္ခပေးတဲ့နတ်မျိုး ဖြစ်မှာပေါ့"

"မြနှင်းဖြူ ဘယ်လိုသိတာလဲ"

"အစ်ကို မကြားလိုက်မိဘူးထင်တယ်၊ ဟိုတလောက မိုင်းသုံတောင်ခြေနားမှာ လူသုံးယောက်ကို ဂမ္ဘသေယျနတ်ဆိုး လိုက်သတ်လို့ ပြေးကြရတယ်လို့ သတင်းကြားမိတယ်၊ ဒါကြောင့် ဒီနေရာတွေမှာလည်း မကောင်းတဲ့မိစ္ဆာတွေ ရှိချင်ရှိမှာပေါ့"

ဟု ပြောပြလေသည်။ ထို့နောက် နှစ်ယောက်သားဂူအတွင်းပိုင်းရောက်သည်အထိ ဝင်ရောက်ကြည့်ကြသော်လည်း ဂူပေါက်က ရှည်လှသလို ရုပ်တုများကလည်း အတော်ပင် များပြားလှသောကြောင့် ဆက်မကြည့်ကြတော့ပဲ အပြင်သို့ ပြန်ထွက်လာကြလေသည်။

သူတို့နှစ်ယောက် အပြင်ပြန်ရောက်လာတော့ စောစောက တွေ့ခဲ့ရသော ဒေါ်မင်းဘုံဆိုသော အဖွားကြီးကိုတော့ မတွေ့ရတော့ပေ။ သို့သော် ထိုအဖွားကြီးထွန်းထားခဲ့





သော ဆီမီးခွက်များနှင့် အမွှေးနံ့သာတိုင်များကတော့ မီးစွဲလောင်လျက် အမွှေးနံ့သာ ရနံ့များထွက်နေဆဲပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၉ )

# မာယာထောင်ချောက်သို့ ကျရောက်ခြင်း

သက္ကရာဇ်(၁၈၈၇)ခုနှစ်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ရှမ်းပြည်နယ်ကို စတင်သိမ်းပိုက်ပြီး (၁၈၉၀)ပြည့်နှစ် ရောက်သောအခါ ရှမ်းပြည်နယ်တစ်ခုလုံးကို အင်္ဂလိပ်လက်အောက်ခံ နယ်မြေအဖြစ် သိမ်းသွင်းနိုင်ခဲ့ကြပေသည်။

သို့သော် အင်္ဂလိပ်တို့ဘက်မှ ကတိပြုထားသည့်အတိုင်း စော်ဘွားများကို ၎င်းတို့၏ နယ်မြေအသီးသီးအား



www.burmeseclassic.com

www.burmeseclassic.com



သူ့အဆင့်နှင့်သူ ပြန်လည်အုပ်ချုပ်စေခဲ့သည်။

အင်္ဂလိပ်တို့ စတင်အုပ်ချုပ်သော အချိန်တွင် စော်ဘွားအုပ်ချုပ်သော နယ်မြေများမှာ. . .

(၁)မိုးနဲ၊ (၂)ညောင်ရွှေ၊ (၃)ရပ်စောက်၊ (၄)လဲချား (၅)မိုင်းပန်၊ (၆)မိုင်းပွန်၊ (၇)မောက်မယ်၊ (၈)မိုးမြဲ၊ (၉)သီပေါ (၁၀)မြောက်သိန္နီ၊ (၁၁)တောင်သိန္နီ(မိုင်းရယ်)၊ (၁၂)နမ့်ဆန် (၁၃)ကျိုင်းတုံတို့ ဖြစ်ကြသည်။

မြို့စားအုပ်ချုပ်သော နယ်များမှာ

(၁)မိုင်းနောင်၊ (၂)မိုင်းရှူး၊ (၃)ကျေးသီးမန်းစံ၊ (၄)မိုင်းစစ်၊ (၅)ဆီဆိုင်၊ (၆)နမ့်ခုတ်၊ (၇)နောင်မွန်၊ (၈)တန်းယန်း (၉)စကွယ်၊ (၁၀)ကျိုင်းခမ်း၊ (၁၁)ကျိုင်းလိန်၊ (၁၂)ပင်လောင်း (၁၃)ဟိုပုံး၊ (၁၄)မိုင်းစန်၊ (၁၅)မိုင်းကိုင်၊ (၁၆)စကား တို့ ဖြစ်ကြသည်။

ငွေခွန်မှူး အုပ်ချုပ်သော နယ်များမှာ. . .

(၁)ပင်းတယ၊ (၂)သာမိုင်ခမ်း၊ (၃)ပွေးလှ၊ (၄)ကျုံး (၅)ပန်မီ၊ (၆)မော်၊ (၇)မော်နန်၊ (၈)ဘော်ဆိုင်း၊ (၉)နမ့်ခွန်း (၁၀)လွယ်မေ၊ (၁၁)နမ့်တုတ် (၁၂)ကျောက်ဂူ၊ (၁၃)လွယ်အင်၊ (၁၄)နမ်ချယ်တို့ ဖြစ်ကြလေသည်။

တစ်နေ့သ၌ မြောက်သိန္နီစော်ဘွားသည် အခြားဒေသမှ မိန်းမပျိုတစ်ယောက်ကို အဓမ္မသိမ်းပိုက်ကာ ခေါ်ဆောင်လာခဲ့လေသည်။

စော်ဘွားအုပ်ချုပ်သော နယ်ဖြစ်စေ၊ မြို့စားအုပ်ချုပ်





သောနယ်ဖြစ်စေ၊ ဒါမှမဟုတ် ငွေခွန်မှူးများ အုပ်ချုပ်သောနယ်များ၌ဖြစ်စေ သက်ဆိုင်ရာ အုပ်ချုပ်သူများက မိန်းမချောမိန်းမလှလေးများတွေ့လျှင် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ သိမ်းပိုက်လေ့ရှိကြသည်။

ယခုနောက်ပိုင်းမှာတော့ ထိုကဲ့သို့ သိမ်းပိုက်သောသူများကို ဆောင်တော်ကူးကဝေဟု အမည်ခံထားသည့် အမျိုးသမီးတစ်ယောက်က လိုက်လံသတ်ဖြတ်နေသောကြောင့် ယခင်ကလောက်တော့ မလုပ်ဝံ့တော့ပေ။

မြောက်သိန္နီစော်ဘွား စပ်ခွန်ကြည်မှာ မိန်းမလိုက်စားသူတစ်ဦးဖြစ်ပြီး နယ်ဝယ်အတွင်းမှာရှိသော မိန်းမချောမိန်းမလှလေးများကို သိမ်းပိုက်ကာ ခြေတော်တင်လေ့ရှိသည်။

ယခုလည်း မိန်းမချော မိန်းမလှလေး တစ်ဦးအားသိမ်းပိုက်ကာ ဟော်နန်းဆောင်သို့ ခေါ်လာခဲ့သည်။

ထိုမိန်းကလေးမှာ ချစ်သူနှင့် လက်ထပ်ဖို့ ရည်ရွယ်ထားပြီးမှ ယခုကဲ့သို့ စော်ဘွားသိမ်းပိုက်ခြင်းကို ခံရသဖြင့် မျက်ရည်စက်လက်ဖြင့် ပါလာခြင်း ဖြစ်လေသည်။

ဟော်နန်းရောက်သောအခါ ထိုမိန်းကလေးကို သီးခြားအဆောင်တစ်ခု၌ ထားလေသည်။

ညအချိန်ရောက်တော့ မြောက်သိန္နီစော်ဘွားက ထိုအဆောင်ဘက်သို့ ကူးသွားလေသည်။

အချိန်ကာလမှာ ညဦးပိုင်း အချိန်ကျော်လာပြီ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အစောင့်များကလည်း ဟော်နန်းဘက်မှာသာ များသော်လည်း အမျိုးသမီးထားသော အဆောင်ဘက်မှာတော့ တစ်ယောက်နှစ်ယောက်သာ ရှိကြသည်။

သိန္ဓိစော်ဘွား အဆောင်ကူးလာသော အချိန်တွင် ထူးထူးခြားခြား ဆောင်တော်ကူး ပန်းရနံ့များ ရလာလေသည်။

ထိုရနံ့များ ရလာသောအခါမှာတော့ အဆောင်ကူးလာသော စော်ဘွားမျက်နှာပေါ်တွင် ကျေနပ်သော အပြုံးရိပ်များ ပေါ်လာလေသည်။

သူအဆောင်တွင်းရောက်သောအခါမှာတော့ ခေါ်လာသော မိန်းကလေးနှင့် မနီးမဝေးတွင် ရပ်နေသော နောက်ထပ် အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

တစ်ကိုယ်လုံး အဝတ်နက်ကြီး ခြုံထားသောကြောင့် မျက်နှာကိုတော့ မမြင်ရပေ။

“နင်ဘယ်သူလဲ”

“ဆောင်တော်ကူး ကဝေဆိုတာ ငါပဲ”

“ဒီကို ဘာလာလုပ်တာလဲ”

“နင့်အသက်ကိုယူဖို့ လာခဲ့တာလေ”

ထိုစကားကြားတော့ စော်ဘွားက ကြောက်ရွံ့ထိတ်လန့်မှုမဖြစ်ပဲ ကျေနပ်သော အမူအယာဖြင့် တစ်ချက်ရယ်လိုက်သည်။





“ငါကလည်း နင်နဲ့ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်၊ ဘာကြောင့်လည်းဆိုတော့ တခြားအချိန်တွေမှာ နင့်ကို ရှာတွေ့ဖို့ မလွယ်ဘူး၊ အခုလိုလုပ်မှပဲ နင့်ကို တွေ့ရတာမို့ တမင်လုပ်လာတာ. . ဟား. . တား. . တား. . တား”

ဟု သဘောကျစွာ ရယ်လိုက်လေသည်။ ဇင်းရယ်သံက တိတ်ဆိတ်သောအချိန်တွင် တဲအပြင်သို့ပင် လျှံထွက်သွားသည်။

“ဒါက ငါ့ကို ထောင်ချောက်ဆင်ပြီး ဖမ်းဖို့ ကြံစည်တာပေါ့လေ၊ ငါကိုရော မသိပဲ လာတယ်များ ထင်နေလို့လား၊ ငါ ရောက်မလာရင်လည်း ဒီမိန်းကလေးကို နင် ဖျက်ဆီးမှာပဲ မဟုတ်လား”

ထိုသို့ ပြန်မေးတော့ စော်ဘွားမှာ ဘာပြန်ပြောရမှန်း မသိတော့ပဲ ဖြစ်သွားသည်။

“ဒါ. . ဒါကတော့”

“နင်တို့ အကြံအစည် ဒါအကုန်ပဲ မဟုတ်လား၊ အခု ငါ့ကိုတွေ့နေပြီ၊ ရအောင် လာဖမ်းလေ”

ထိုသို့ပြောသည်နှင့် စော်ဘွားက အချက်ပေးလိုက်ရာ စောစောကတည်းက သင့်တော်သော နေရာများတွင် ပုန်းအောင်းနေကြသော ရှမ်းစစ်သည်များ ထွက်လာကြလေသည်။ ဓားလှံလက်နက်များကိုင်ကာ တဲတစ်ခုလုံးကို ဝိုင်းထားလိုက်ကြသည်။

စော်ဘွားကတော့ စနစ်တကျစီမံထားသော ဇင်း၏



www.burmeseclassic.com

www.burmeseclassic.com



အစီအမံများကို များစွာသဘောကျနေတော့သည်။

ရှမ်းစစ်သည်များကလည်း အတွင်းမှ အမိန့်မရသေးသောကြောင့် လက်နက်များကိုင်ကာ အဆင်သင့်စောင့်နေကြသည်။

ထိုအခိုက်မှာပင် အမှောင်ရိပ်တွင်းမှ နောက်ထပ်ခြေသံများ ကြားလာကြရပြန်သည်။

ထိုအသံများကြောင့် ရှမ်းစစ်သားများက အထိတ်တလန့် လှည့်ကြည့်လိုက်ကြသည်။

မြင်ရသော မြင်ကွင်းက မကောင်းလှပေ။

အမှောင်ရိပ်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဌာန်များမှာ လူများမဟုတ်ကြပေ။ ပုံသဏ္ဌာန်အမျိုးမျိုး ရှိနေကြသော မကောင်းဆိုးဝါးများပင် ဖြစ်ပေတော့သည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လာသူမှာ ဘီလူးမျက်နှာမျိုးဖြင့် ကြောက်စရာကောင်းလှသည့် ဂမ္ဘသေယျနတ်ဆိုးပင်ဖြစ်ပေတော့သည်။

မမျှော်လင့်ပဲ မကောင်းဆိုးဝါးများ ရောက်လာသောအခါ ဘယ်လိုလုပ်ရမှန်း မသိအောင် ဖြစ်သွားကြရာ ထိုအချိန်မှာပင် သရဲသဘက် မကောင်းဆိုးဝါးများက အနီးသို့ရောက်လာပြီး တွေ့သမျှကို ဝင်ရောက်သတ်ဖြတ်ကြလေတော့သည်။

စစ်သားများကလည်း ဓားလှံလက်နက်များဖြင့် ထိုးခုတ်တိုက်ခိုက်ကြသော်လည်း နာနာဘာဝများ ဖြစ်နေသော





ကြောင့် မထိရောက်ပဲ ဖြစ်နေလေသည်။

ရှေ့ဆုံးမှ ဦးဆောင်လာသော ဂမ္ဘသေယျ နတ်ဆိုးလက်ထဲမှာတော့ တင်းပုတ်တစ်လက် ပါလာသဖြင့် တင်းပုတ်ဖြင့် လိုက်လံထုသတ်ရာ စစ်သားအတော်များများတို့မှာ တင်းပုတ်နှင့် ထုမိသောကြောင့် အသက်သေဆုံးကြရလေသည်။

အချို့လည်း အခြေအနေကိုသိသဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးကြလေသည်။

တဲအပြင်ဘက်မှာ ဆူညံသံများ ကြားရသဖြင့် စော်ဘွားမှာ လက်သုံးတော်ဓားကို ဆွဲထုတ်ပြီး အခြေအနေကို စောင့်ကြည့်နေလေသည်။

ရန်သူများ လာရောက်တိုက်ခိုက်နေမှန်း သိသော်လည်း မည်သို့သော ရန်သူမျိုး ဖြစ်မည်ကိုတော့ မသိရသေးပေ။ ကြောက်လန့်တကြား အော်ဟစ်နေသော အသံများကိုသာ တဲအတွင်းမှ ကြားနေရသည်။

တဲအတွင်းမှာတော့ ဆောင်တော်ကူးကာဝေဆိုသော အမျိုးသမီးက ရှိနေသေးပြီး အေးအေးဆေးဆေးနှင့်ပင် ရပ်နေသည်။

မမျှော်လင့်သော အခြေအနေကြောင့် မြောက်သိဒ္ဓိစော်ဘွားမှာ ဘယ်လိုပြုလုပ်ရမည်ကို မသိပဲ ဖြစ်နေလေသည်။

ထိုအခိုက်မှာပင် တပ်ဗိုလ်တစ်ယောက်က တဲအ



www.burmeseclassic.com

www.burmeseclassic.com



တွင်းသို့ ရောက်လာပြီး သတင်းပို့လေသည်။

"ရန်သူတွေ ရောက်လာပါပြီ စော်ဘွားကြီး"

"ဘယ်က ရန်သူတွေလဲ"

"မကောင်းဆိုးဝါး သရဲသဘက်တွေ ဖြစ်ပါတယ်"

"ဟင်. ."

ထိုစကားကြောင့် အံ့သြထိတ်လန့်သွားသည်။

"မားနဲ့ ခုတ်လို့မရ၊ လှံနဲ့ထိုးလို့မသေတဲ့ မကောင်းဆိုးဝါးတွေကြောင့် စစ်သားအတော်များများ သေဆုံးသွားပါပြီ၊ ဘယ်လိုဆက်လုပ်ရမှာပါလဲ"

"မကောင်းဆိုးဝါးတွေနိုင်တဲ့ အစီအရင်တွေ မရှိဘူးလား"

"လောလောဆယ် ဘာမှမရှိသေးပါဘူး"

ထိုအခိုက်မှာပင် ပိတ်ထားသော တံခါးချပ်မှာ ဝုန်းခနဲ ပြိုလဲကျသွားပြီး ထိုနေရာမှ တင်းပုတ်ကြီးကိုင်ထားသော ဂမ္ဘသေယျနတ်ဆိုး ဝင်လာလေတော့သည်။

စော်ဘွားနှင့် တပ်ဗိုလ်တို့မှာ တဲကြီးအတွင်းမှာ ပိတ်မိသွားကြလေသည်။

"နင်က ငါ့ကို သတ်ဖို့ကြံစည်ခဲ့သေးတယ်၊ ငါ့ကိုသတ်ဖို့ မဆိုထားနဲ့၊ အခုရောက်လာတဲ့ ဂမ္ဘသေယျ နတ်ဆိုးကိုပဲ နိုင်အောင် သတ်ကြည့်ပါဦး၊ ငါ့ဆီမှာ အဲဒီလို နတ်ဆိုးမျိုး တစ်ထောင်လောက်ရှိသေးတယ်၊ နင့်လိုလူမျိုးတစ်ယောက် မဆိုထားနဲ့ ဒီဟော်နန်းမှာရှိတဲ့ စစ်သည်ရဲမက်အပေါင်းကို





တောင် ဒီတစ်ကောင်ထဲက သတ်ပစ်နိုင်တယ်"

ထိုသို့ပြောနေစဉ်မှာ တင်းပုတ်ကိုင်ထားသော ဂမ္ဘသေယျနတ်ဆိုးက ရှေ့သို့တိုးလာလေတော့သည်။

ဒီတော့မှ စော်ဘွားနှင့် တပ်ဗိုလ်တို့မှာ မားလှံလက်နက်တို့ဖြင့် ဂမ္ဘသေယျ နတ်ဆိုးအား ထိုးခုတ်တိုက်ခိုက်ကြလေတော့သည်။

"ဒုန်း. . ဒုန်း. . ဒုန်း"

သူတို့ ထိုးခုတ်သော မားလှံလက်နက်များက မထိရောက်ပဲ တင်းပုတ်နှင့် အထုမခံရအောင်ပင် ရှောင်တိမ်းပေးနေကြရလေသည်။

တဲအတွင်းမှာတော့ တင်းပုတ်ထုသံများက, တဒုန်းဒုန်းနှင့် ဆူညံနေတော့သည်။

ထိုအချိန်မှာပင် ဆောင်တော်ကူးကဝေက ကြောက်ရွံ့ထိတ်လန့်စွာ ရှိနေသော မိန်းမပျိုလေးကိုပါ တစ်ပါတည်းခေါ်ဆောင်ပြီး တဲအပြင်သို့ ထွက်သွားလေတော့သည်။

တဲအတွင်းမှာရော တဲအပြင်မှာတော့ ကြောက်လန့်တကြား အော်ဟစ်သံများက ဆူညံစွာဖြင့် ကျန်ခဲ့လေတော့သည်။

နောက်ရက်မှာတော့ ဟော်နန်းဆောင်တစ်ခုလုံး အပျက်အစီးများ ဖြစ်ကျန်ခဲ့ပြီး သေဆုံးသူများနှင့် ဒဏ်ရာရသူများလည်း အများအပြား ကျန်ခဲ့လေသည်။

ထိုသတင်းကြားတော့ အခြားနေရာမှာရှိကြသော



www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားများ၊ မြို့စားများနှင့် ငွေခွန်မှူးတို့မှာ များစွာထိတ်လန့် အံ့သြကြရလေသည်။

အချို့စော်ဘွားများကလည်း ပယောဂဆရာများ၊ အောက်လမ်းပညာ၊ အထက်လမ်းပညာ ကျွမ်းကျင်သော ဆရာကြီးများကို ပင့်ခေါ်ပြီး ဆောင်တော်ကူးကဝေကို သုတ်သင်ရှင်းလင်းပစ်ရန် ကြိုးစားလာကြသည်။

သို့သော် ထိုသို့ရှင်းလင်းရန် ကြိုးစားသော ဆရာများသာ အသက်လုပြီး ပြေးကြရသည်က များလေသည်။

မည်သို့ပင်ရှိစေ. .

ထိုကဲ့သို့သော ဆောင်တော်ကူးကဝေဆိုသော အမျိုးသမီးတစ်ယောက် ပေါ်လာပြီးသော နောက်မှာတော့ အပြစ်ကင်းသော မိန်းမပျိုအတော်များများတို့မှာ စော်ဘွားများ၊ မြို့စားများနှင့် ငွေခွန်မှူးတို့ မတရားသိမ်းပိုက်ခြင်း အန္တရာယ်မှ အတော်ပင် ကင်းဝေးသွားကြလေသည်။

တစ်ခါက ငွေခွန်မှူးတစ်ယောက်က စော်ဘွားများ၏ တာဝန်ပေးခြင်းကြောင့် ဆောင်တော်ကူးကဝေဆိုသော အမျိုးသမီးကို ဖမ်းဆီးရန် ကြိုးစားလေသည်။

သူသည် အထက်လမ်းအောက်လမ်း ပညာများကို ကျွမ်းကျင်သည်ဆိုသော ဆရာကြီးတစ်ဦးအား တာဝန်ပေးစေခိုင်းလေသည်။

"ဘာမှစိတ်မပူပါနဲ့ ငွေခွန်မှူးလေး၊ ဘယ်လောက်အစွမ်းထက်တဲ့ ဘယ်နှစ်ကြိုးကဝေပဲဖြစ်ဖြစ် ကျုပ်နဲ့တွေ့တဲ့အခါ





ခြေဖဝါးအောက် ပြားပြားရောက်စေရမယ်"

ဟု ပြောသည်။

"ကောင်းပြီ ကျုပ်တို့အလိုရှိတဲ့ ဆောင်တော်ကူးကဝေကို ဖမ်းဆီးပေးနိုင်ရင် ခင်ဗျားလိုတဲ့ ကိစ္စတွေကိုလည်း ကျုပ်တို့ဆောင်ရွက်ပေးမယ်"

ဟု ကတိပေးလေသည်။

ဤသို့ဖြင့် ဆောင်တော်ကူးကဝေကို ဖမ်းဆီးနိုင်ရေး ကိစ္စများကို နည်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်ကြလေသည်။ နောက်ဆုံးမှာတော့ ထောင်ချောက်တစ်ခုလုပ်ပြီး ဖမ်းဆီးကြသည်။ အခြားတော့ မဟုတ်ပေ။

မိန်းမပျိုတစ်ယောက်ကို အမွေခေါ် ဆောင်လာရာမှ ညအချိန်ရောက်တော့ ဆောင်တော်ကူးကဝေ ရောက်လာခြင်းဖြစ်သည်။

ထိုသို့ရောက်လာသော အချိန်တွင် အသင့်စောင့်ဆိုင်းနေသော အောက်လမ်းဆရာနှင့် တွေ့ကြရသည်။

"ဒီတစ်ခါတော့ သေဖို့သာ ပြင်ပေတော့၊ မတောက်တစ်ခေါက် ပညာနဲ့တော့ ငါ့ကိုပြိုင်ဖို့ မကြိုးစားနဲ့တော့"

ထိုသို့ပြောသော်လည်း ဆောင်တော်ကူးကဝေက သူတတ်သောပညာများဖြင့် ယှဉ်ပြိုင်ရန် ကြိုးစားသေးသည်။

နောက်ဆုံး ယှဉ်ပြိုင်၍မရမှန်း သိသောအခါမှ အဖမ်းခံရလေတော့သည်။

"ကဲ အခုတော့ ဘာတတ်နိုင်သေးသလဲ၊ နင့်ရဲ့ပညာ



www.burmeseclassic.com

www.burmeseclassic.com



တွေကို အားလုံး ငါနှုတ်ယူလိုက်ပြီးပြီ၊ အခုအချိန်ကစပြီး နင်ဟာ သာမန်မိန်းမတစ်ယောက်ဘဝကို ပြန်ရောက်သွားပြီ"

ထိုအခြေအနေကိုမြင်တော့ ငွေခွန်မှူးလည်း များစွာ ဝမ်းသာသွားရှာလေသည်။

"သူ့မှာ ပညာတွေမရှိတော့ဘူးဆိုတာ အမှန်ပဲလား ဆရာကြီး"

"အမှန်ပေါ့ဗျာ၊ အခု ကြည့်ပါလား၊ စောစောက နဂါး တစ်ကောင်လို အမောက်ထောင်ပြီး မာန်တက်နေတဲ့ မိန်းမ က အခုတော့ အဆိပ်မရှိတဲ့ ရေမြွေတစ်ကောင်လို ခေါင်းကိုငုံ့ ကျနေတာ မမြင်ဘူးလား"

"ဒီလိုဖြင့် သူ့မျက်နှာကို ကြည့်လို့ရပြီ မဟုတ်လား"

"ကြည့်လို့ရပါပြီ၊ ဒါပေမယ့် ဒီလောက်ရက်စက်ကြမ်း ကြုတ်တဲ့သူရဲ့ မျက်နှာကတော့ ကြောက်စရာကောင်းတဲ့ မျက်နှာမျိုးပဲ ဖြစ်မှာပေါ့"

ထိုသို့ပြောပြီး ဆောင်တော်ကူးကဝေအနားသို့ လျှောက်သွားကြလေသည်။ အနီးရောက်သောအခါ ငွေခွန် မှူးက အမျိုးသမီး ဦးခေါင်းပေါ်မှာ ခြုံထားသော အဝတ်မည်း ကြီးကို ဖယ်ချလိုက်လေသည်။

"ဟယ်. . ဘယ့်နှယ်ဟာပါလိမ့်"

သူတို့မျှော်လင့်ထားသလို မိန်းမတစ်ယောက် မျက် နှာမျိုးမဟုတ်၊ အရိုးခေါင်းကြီးကိုသာ တွေ့ရသဖြင့် ထိတ်လန့် သွားကြလေသည်။





ထိုအခြေအနေကြောင့် နောက်သို့ ဆုတ်သွားကြ သည်။

ထိုအချိန်မှာပင် အရိုးခေါင်းနှင့် အမျိုးသမီးက နေရာ ပြောလာလေသည်။

"ဟား. . ဟား. . ဟား. . ဟား. . မလောက်စား သာနဲ့ ငါ့ကိုများ ဖမ်းဖို့ကြိုးစားနေသေးတယ်၊ နင်တို့ အစွမ်း အစတွေ ဘယ်လောက်ရှိသလဲ သိချင်လို့ ထိုင်ကြည့်နေတာ"

"ဟဲ့. . ရဲမက်တွေ စစ်သားတွေ၊ ဒီမကောင်းဆိုးဝါး ကို လာပြီးသုတ်သင်ကြစမ်းဟဲ့"

ငွေခွန်မှူးက အမိန့်ပေးလိုက်သည်နှင့် ရှမ်းစစ်သည် များက ဓားလှံလက်နက်များကိုင်ကာ ပြေးဝင်လာကြသည်။

ထိုသို့ဝင်လာသည်နှင့် သူတို့ခေါ်ဆောင်လာသော မိန်းမပျိုက ကုတင်ပေါ်မှ ထလာသည်။ သာမန်ထလာခြင်း တော့မဟုတ်ပေ။

ချောမောလှပသော ပုံပန်းသဏ္ဌာန်မှ ကြောက်စရာ ကောင်းသော ပုံပန်းသဏ္ဌာန် ဖြစ်သွားပြီး တဲအတွင်း ဝင်လာ သော ရှမ်းစစ်သားများကို သုတ်သင်ပစ်လေတော့သည်။

ထိုအခြေအနေကိုမြင်တော့ ရှမ်းဆရာကြီးနှင့် ငွေခွန် မှူးတို့မှာ တဲအတွင်းမှ ထွက်ပြေးရန် ကြိုးစားကြသေးသည်။

သို့သော် မလွတ်တော့ပေ။

သရဲသဘက်အသွင် ပြောင်းသွားသော မိန်းမပျိုထံမှ သက်တံရှည်နှစ်ချောင်း ထွက်လာပြီး နှစ်ယောက်စလုံးကို ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားလေသည်။

ထို့နောက်မှာတော့ တဲအတွင်းမှာ ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ အော်သံများ ပေါ်ထွက်လာလေတော့သည်။





# အခန်း ( ၁၀ )

## စုန်းကဝေတို့အကြောင်း သိကောင်းစရာ

မိုင်းနောင်ရွာသူကြီး ဦးထုန်ဖုန်းက သဘောမနောကောင်းသူ ဖြစ်လေသည်။ ရွာကို စီမံအုပ်ချုပ်ပုံ ကောင်းသလို အမျှော်အမြင်ကြီးသူတစ်ယောက်လည်း ဖြစ်လေသည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဆောက်လုပ်ကာ ဘုန်းတော်ကြီးပင့်ကာ ကိုးကွယ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အလှူအတန်း သာရေးနာရေး ကိစ္စများကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးလေသည်။

ထို့ပြင်၊ ကျေးရွာတွင် ရှမ်းဆေးဆရာ ရှိသော်လည်း နောက်ထပ် မြန်မာလူမျိုး ဆေးဆရာကြီး တစ်ဦးကိုလည်း ရွာသို့ခေါ်ကာ နေရာထိုင်ခင်း ပေးထားလေသည်။

ဆေးဆရာကြီးနေသော အိမ်ကိုပင် ဘုန်းတော်ကြီး ကျောင်းနှင့် မနီးမဝေးနေရာ၌ ဆောက်ပေးထားလေသည်။

ဆေးဆရာကြီး အမည်မှာ ဦးဇန်ကောင်း ဖြစ်သော သည်။ အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး ကတုံးပြောင် အောင် တုံးထားသည်။ အညိုရောင် အင်္ကျီပုဆိုးတို့ကိုသာ ဝတ်ဆင်ပြီး လည်ပင်း၌လည်း ပုတီးတစ်ကုံးကို အမြဲဆွဲထား လေသည်။

ဦးဇန်ကောင်းက ဆေးပညာသာမက ဓာတ်ပညာ အကြောပညာများကိုပါ တတ်ကျွမ်းနားလည်သူဖြစ်သည်။

ထို့ပြင် စုန်းကဝေတို့ကို ကောင်းစွာနှိမ်နင်းပေးနိုင်သူ လည်း ဖြစ်သည်။ စုန်းကဝေအတတ်ဖြင့် ပြုစားခံရသူများကို ပျောက် ကင်းချမ်းသာအောင် ကုသပေးနိုင်သူ ဖြစ်ပေသည်။ သို့ကြောင့် မိုင်းနောင်ရွာသာမကပဲ အခြားရွာများကပါ ယုံ ကြည်အားကိုးကြလေသည်။

တကယ်တော့ ဦးဇန်ကောင်းမှာ ဆေးကုပေးနေ သည်ဆိုသော်လည်း ငွေကြေးလိုလားသဖြင့် ကုသပေးနေ ခြင်းမဟုတ်ပဲ စေတနာဖြင့်သာ လိုက်လံကုသပေးနေသော





ဆရာတစ်ယောက်လည်း ဖြစ်ပေသည်။

သို့သော်လည်း သူ့အနေဖြင့် ငွေကြေးမရစေကာမူ အစားအသောက်များကတော့ တစ်ယောက်တည်း စားမကုန် အောင်ပင် ရလေသည်။ မကြာခဏဆိုသလို ကောင်းမွန် သော အစားအသောက်များကို ဘုန်းတော်ကြီးကျောင်းသို့ ပို့ပေးရလေသည်။

ဦးဇန်ကောင်းက ဆေးကုသော အလုပ်အပြင် ဖိုထိုး သောအလုပ်ကိုလည်း စွဲစွဲမြဲမြဲ ပြုလုပ်သူဖြစ်သည်။

ရိက္ခာထောက်ဖြစ်သော ရွှေဖြစ်ငွေဖြစ်လမ်းကို မလိုက်ပဲ သိဒ္ဓိပေါက်လိုင်းကိုသာ ကြိုးစားဆောင်ရွက်နေသူ ဖြစ်သည်။

ဦးဇန်ကောင်းက ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာ လူမျိုးတစ်ယောက် ဖြစ်သဖြင့် မိုင်းနောင်ရွာတွင် နီမောင်တို့ မိသားစုများနှင့် ပိုပြီး ခင်မင်ရင်းနှီးမှု ရှိလေသည်။

နီမောင်ကလည်း တောင်ပေါ်တက်သောအခါ ရှား ပါးသော ဆေးပင်၊ ဆေးမြစ်၊ ဆေးဥ စသည်တို့ ရှာဖွေတွေ့ပါ က ဦးဇန်ကောင်းအတွက် တကူးတက ယူဆောင်လာပေး လေ့ရှိသည်။

တစ်နေ့တော့ နီမောင်တစ်ယောက် တောင်ပေါ်မှ ဝမုန်းပင်နှင့် အခြားဆေးပင်များ ရှာဖွေရလာသောကြောင့် ဦးဇန်ကောင်းထံ လာပို့ပေးလေသည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒါလည်း တောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်စရာမလိုပဲ တန်ဖိုးရှိတဲ့ ဆေးပင်တွေ ရနေတာကြောင့် မင်းတို့ကို ကျေးဇူးတင်နေရတယ်"

"ရပါတယ်အဘရယ်၊ လိုတာရှိရင်သာမှာပါ၊ အားနာစရာ မလိုပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ ကျေးဇူးတရားဆိုတာ နည်းတာများတာနဲ့ မဆိုင်ဘူးကွ၊ ထမင်းတစ်လုတ် ကျွေးတာပဲဖြစ်ဖြစ်၊ ထမင်းတစ်အိုးလုံး ကျွေးတာပဲဖြစ်ဖြစ် ကျေးဇူးရှိတာချင်းက အတူတူပဲ၊ ဒါကြောင့် ငါကတော့ မင်းတို့ကို ကျေးဇူးတင်ရမှာပဲ"

ထို့နောက် နီမောင်က ဦးဗန်ကောင်း အနားမှာထိုင်ရင်း သူ့ငှဲ့ပေးသော လက်ဘက်ရည်တစ်ခွက်ကိုယူ၍သောက်ကာ စကားစလိုက်သည်။

"ဒီတစ်ပတ် ထူးထူးခြားခြားတွေ တွေ့ခဲ့ရတယ် အဘ"

"ဘယ်လိုထူးခြားမှုတွေလည်း ပြောပြပါဦး"

နီမောင်က မမျှော်လင့်ပဲ မြနှင်းဖြူနှင့် တွေ့ခဲ့ရာ နတ်တစ်ထောင် ဂူအတွင်းသို့ ရောက်သွားခဲ့ရပုံများကို ပြန်ပြောပြလိုက်သည်။

ဦးဗန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ ဝါးနေရင်း နားထောင်နေသည်။

"နတ်တစ်ထောင်ဂူကို အဘရောက်ဖူးသလား"

"နာမည်တော့ ကြားဖူးပါရဲ့၊ တစ်ခေါက်မှတော့ မရောက်ဖူးသေးပါဘူး"

"ဒါထက် မေးရဦးမယ်၊ အခုတစ်လော ဆောင်တော်ကူးကဝေဆိုတဲ့ အမျိုးသမီးတစ်ယောက် ပေါ်နေတယ်၊ အဘ ကြားတယ် မဟုတ်လား"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"သူက ကဝေတစ်ယောက်လား အဘ"

"မမြင်ဖူးတော့ မသိရသေးဘူး၊ ဒါပေမယ့် သတင်းကြားရသလောက်တော့ အဲဒီမိန်းကလေးက ကောင်းတာတွေ လုပ်နေတာ မဟုတ်ဖူးလား"

"ဘယ်လိုကောင်းတာလည်း အဘ"

"ဒုက္ခရောက်နေတဲ့ မိန်းကလေးတွေကို ကယ်ဖာင်ပေးနေတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ကောင်းတာလုပ်ပေါ့၊ ကဝေလို့ နာမည်ခံထားပေမယ့် လူတွေကို ဒုက္ခပေးနေတဲ့ ကဝေမျိုးမှ မဟုတ်တာကွာ"

"ကျွန်တော့်အထင် ပြောရရင်တော့ သာမိုင်းရွာဘက်မှာ အဲဒီလိုပညာတွေတတ်တဲ့ မိသားစုတွေရှိတယ်၊ သူတို့များ လုပ်နေကြသလား မသိဘူး"

"စုန်းကဝေပညာတတ်တိုင်းလည်း ဒီလိုလုပ်ချင်မှ လုပ်မှာပါ၊ ကိုယ် သေသေချာချာ မသိပဲနဲ့တော့ မပြောတာ အကောင်းဆုံးပဲ၊ တကယ်လို့ ပြောမိလို့ အပြစ်မရှိတဲ့သူ အ




☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ပြစ်ဖြစ်သွားရင် အဲဒီအပြစ်က ကိုယ့်အပေါ် ရောက်လာတတ်တယ် ကောင်လေးရ"

ထိုသို့ဆုံးမပြောဆိုသဖြင့် နီမောင်လည်း ထိုအကြောင်းကို ဆက်မမေးတော့ပဲ အခြားသိလိုသော အကြောင်းကိုသာ မေးလိုက်သည်။

"ကျွန်တော်တို့ ထင်ထားတာက စုန်းကဝေဆိုရင် သူတို့တတ်တဲ့ အတတ်ပညာတွေနဲ့ လူတွေကို ပြုစားကြတယ် အပင်းသွင်းကြတယ်၊ ဒုက္ခအမျိုးမျိုး ပေးတတ်ကြတယ်လို့ ထင်ထားကြတာ၊ ဒီလိုဆိုရင် ကောင်းတဲ့သူတွေ ရှိကြသလို မကောင်းတဲ့သူတွေလည်း ရှိကြတာပေါ့နော်"

"ရှိတာပေါ့ကွာ၊ သူတို့လည်း အတတ်ပညာတစ်ခု တတ်ထားကြပေမယ့် လူတွေပဲဟာ၊ ကောင်းတာတွေရှိသလို မကောင်းတာတွေလည်း ရှိတာပေါ့၊ သူတို့အကြောင်းတွေကို ပြောပြမယ်"

ဦးဗန်ကောင်းက စုန်းကဝေပညာသည်များအကြောင်းကို ပြောပြလေသည်။

မြန်မာတို့၏ ရှေးဟောင်းအယူ၌ စုန်းဟူသည် အရောင်အဝါတောက်ပ၍ လူကိုဖမ်းစားနိုင်သော တန်ခိုးရှိသည်ဟု ယုံမှတ်ကြသည်။

"စုန်း"ဟူသော ဝေါဟာရမှာ 'ဇုဏှ'ဟူသော ပါဠိသဒ္ဒါမှ ပျက်၍ 'ဇုန်း'၊ 'စုန်း'ဟူ၍ အဆင့်ဆင့်ပြောင်းလဲလာသည်ဟု ယေဘူယျအားဖြင့် ယူဆကြသည်။





လောကီ အင်္ဂုတ္တိုရ်ကျမ်းရင်းကြီးအရ စုန်းမျိုး ခုနစ်ပါး ရှိသည်ဟုဆိုသည်။

ယင်းတို့ကား၊ မြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မေက်ပြားစုန်း၊ အိမ့်တလိန့်စုန်း၊ ကဝေမြောက်စုန်း ဟူ၍ ခုနစ်မျိုးဖြစ်ပေသည်။

ခြေစုန်းသည် သစ်သီးသစ်ပွင့်ကိုသာစား၍ ခြေကိုသော်လည်းကောင်း၊ ခြေရာကိုသော်လည်းကောင်း၊ ကိုယ်တိုင်ကိုင်ရမှ ဖမ်းစားနိုင်သည်ဟု အဆိုရှိသည်။

ယင်းကို 'ရွာသူ'ဟုလည်း ခေါ်ကြသည်။

ခေါင်းစုန်းသည် သစ်သီးမှည့် အချိုအချဉ်ကိုစား၍ အရိပ်ကိုသော်လည်းကောင်း ခြေရာကိုသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သည်။

ယင်းကို 'နဖားတပ်'ဟုလည်း ခေါ်ကြသည်။

ကိုယ်စုန်းသည် မစင့်ချေးခြောက်ကိုသာစား၍ ခြေရာကိုသော်လည်းကောင်း၊ အရိပ်ကိုသော်လည်းကောင်း၊ ကိုယ်ကိုသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သည်။

ယင်းကို 'ဆင်ကွပ်'ဟုလည်း ခေါ်ကြသည်။

မောက်လုံးစုန်းသည် အသွေးအသား အရေကိုစား၍ ကိုယ်တိုင်မြင်ရ၊ ထိရ၊ နမ်းရှုပ်ရမှ ဖမ်းစားနိုင်သည်။

ယင်းကို 'စုန်း'ဟုလည်း ခေါ်ကြသည်။

မောက်ပြားစုန်းသည် အအူအသည်းအဖြစ်ကိုစား၍



www.burmeseclassic.com

www.burmeseclassic.com



မောက်လုံးစုန်းကဲ့သို့ပင် ကိုယ်တိုင်မြင်ရ ထိရ နမ်းရှုပ်ရမှသာ ဖမ်းစားနိုင်သည်။

ယင်းကို 'ရှာသမီး'ဟုလည်း ခေါ်ကြသည်။

အိန္ဒတလိန္ဒစုန်းသည် အကြော်အလှော် အဆိမ့်အအိမ့်တို့ကိုစား၍ အမည်နာမကိုသိရမှ မိမိလက်အောက်ရှိ (၃၇)မင်းနတ်တို့ကို စေပါးခိုင်းခန့် ဖမ်းစားနိုင်သည်။

ယင်းကို 'ဇော်ဂနီ'ဟုလည်း ခေါ်ကြသည်။

ကဝေမြောက်စုန်းသည် လူသွေး လူသား လူရိုးတို့ကို စား၍ အမည်နာမကို သိရမှ မိမိလက်အောက် နတ်တို့ကို စေပါးခိုင်းခန့် ဖမ်းစားနိုင်သည်။

ယင်းကို 'ကဝေ'ဟုလည်း ခေါ်ကြသည်။

ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ သုံးယောက်တို့သည် လူကိုသေအောင် မဖမ်းစားနိုင်ပေ။ ကျန်လေးယောက်သော စုန်းတို့သာလျှင် လူကိုသေအောင် ဖမ်းစားနိုင်သည်ဟု အဆိုရှိသည်။

ကဝေသာရ ကျမ်းအလို၌ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်းတို့သည် ယင်းတို့၏ ကိုးကွယ်ရာနတ် အထူးမရှိခြင်းကြောင့် မိမိတို့ကိုယ်တိုင် ဖမ်းစားကြရသည်။

အိန္ဒတလိန္ဒစုန်းနှင့် ကဝေမြောက် စုန်းတို့၌မူ အထူးကိုးကွယ်သော နတ်များရှိခြင်းကြောင့် ယင်းနတ်တို့ကို စေစား၍ ဖမ်းစားနိုင်သည်ဟု ဆိုသည်။





အချို့သော ကျမ်းပြုပုဂ္ဂိုလ်တို့၏ အလို၌ ဇော်ဂနီကို စုန်းဟူ၍ မပြပေ။ 'မိစ္ဆာနတ်စိမ်း'ဟုသာ ဆိုကြသည်။

ကဝေသာရ ကျမ်းအလိုအရ ဇော်ဂနီဟူသည်မှာ လေးမျိုးရှိပေသည်။

(၁) ဒေဝဇော်ဂနီ= အောက်တန်း နတ်ဆိုးနတ်ယုတ်များ

(၂) ဗြဟ္မဇော်ဂနီ= ကျားနှင့်ယှဉ်သော နတ်စိမ်းများ

(၃) ယက္ခဇော်ဂနီ= ဘီလူး၊ သရဲ၊ ဖုတ်၊ ပြိတ္တာများ

(၄) ကုမ္ဘဏ်ဇော်ဂနီ= အထက်ပါဇော်ဂနီတို့ကို အစိုးရသော နတ်စိမ်းများ ဟူ၍ဖြစ်သည်။

ပန်ဝန်းကျင်ရှိ သဘာဝဓမ္မကို လူတို့ ကောင်းစွာမသိရှိကြရသေးသောခေတ်တွင် ကြောက်ရွံ့ခြင်း၊ အယူသည်းခြင်း၊ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းတို့ကြောင့် လူတို့သည် စုန်းကဝေ စသည်တို့၌ ယုံကြည်ခဲ့ကြသည်။

အသိတရား မဖွံ့ဖြိုးသေးသောခေတ်၌ မြန်မာနိုင်ငံ၌သာမက ယနေ့ယဉ်ကျေးမှုအဆင့်အတန်း မြင့်သည်ဆိုသော နိုင်ငံကြီးများ၌ပင်လျှင် စုန်းအတတ်ကို ယုံကြည်ခဲ့ကြကြောင်း တွေ့ရှိရသည်။

စုန်းအတတ်နှင့် စပ်လျဉ်းသော အနောက်နိုင်ငံ အယူအဆ ဗဟုသုတတို့ကို ဆက်လက်ဖော်ပြပါမည်။

ရှေးရောမခေတ်မတိုင်မီ နှစ်ပေါင်းများစွာတစ်၌ အီဂျစ်ပြည်တွင် စုန်းအတတ် ထွန်းကားခဲ့သည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးရောမခေတ်၌လည်း စုန်းအတတ်သည် ခေတ်စားခဲ့သည်။ ရောမ ဥပဒေများတွင် စုန်းအတတ်ကို တတ်သူတို့အား ရာဇဝတ်ပြစ်မှု ကျူးလွန်သူဟူ၍ ပညတ်ထားသည်။

စုန်းကဝေတို့သည် လူကိုသာ ပြုစားနိုင်သည်သာမက လူတို့ပိုင်ဆိုင်သော ကျွဲနွားလယ်ယာချောင်းမြောင်းတို့ကိုလည်း ပြုစားတတ်သည်ဟု ဆိုကြသည်။ ကလေးများကိုလည်း ဖမ်းစားတတ်သည်ဟု ယူဆကြသည်။

စုန်းမတို့သည် ရေကြီးစေရန်သော်လည်းကောင်း၊ မိုးခေါင်၍ စပါးသီးနှံ ပျက်စီးရအောင်သော်လည်းကောင်း၊ လူကို တိရစ္ဆာန်ဖြစ်အောင်သော်လည်းကောင်း ဖန်တီးနိုင်ကြသည်ဟု ဆိုကြသည်။

ထို့ကြောင့် ရောမဥပဒေတွင် ကောက်ပဲသီးနှံများကို ဖျက်ဆီးခြင်း၊ ဘုရားဝတ်ကျောင်းမှ ပစ္စည်းများကို ဖျက်ဆီးခြင်း၊ လူသေအလောင်းကို တူးဖော်ခြင်း၊ ရုပ်တုများလုပ်ခြင်းစသော စုန်းပညာနှင့်မကင်းသည့် လုပ်ငန်းများကို အရေးယူတားမြစ်ထားပေသည်။

ထို့ပြင် အရပ်သူ အရပ်သားတို့မှာလည်း လူတစ်ဦးတစ်ယောက် ရုတ်တရက် နာမကျန်းရှိ၍ သေလတ်သော် စုန်းပြုစားခြင်းကြောင့်ဟု ယူမှတ်ကြသည်။

စုန်းပြုစားသူတို့သည် မိမိတို့က ပြုစားလိုသူ၏ ရုပ်ပုံအတုကို ဖယောင်းဖြင့် ထုလုပ်၍ ဆေးဝါးမန္တယားဖြင့် စီရင်ကြသည်ဟု ဆိုသည်။





အချို့မှာ ပြုစားခြင်း ခံရမည့် သူ၏ လက်သည်းခြေသည်း၊ ဆံပင်၊ အဝတ်အစား စသည်တို့ကိုရလျှင် ပြုစားနိုင်သည်ဟု ဆိုသည်။

ထို့ကြောင့် အလွန်ရှေးကျသော လူတို့သည် လူပြုစားခြင်း ခံရမည်ကို ကြောက်ရွံ့၍ ခြေသည်းလက်သည်းနှင့် ဖြတ်ပြီးသား ဆံပင်တို့ကို ကောင်းစွာသိမ်းဆည်းထားတတ်ကြသည်။

အနောက်နိုင်ငံ အယူအဆအရဆိုပါမူ စေတန်(ခေါ်) နတ်ဆိုးကြီးသည် စုန်းအတတ်ကို ပေးသူဖြစ်လေရာ စုန်းအတတ်ကို တတ်သူသည် စေတန်အား ဝိညာဉ်ကို ပေးအပ်ထားရသူဟု ဆိုလေသည်။

စုန်းကဝေတို့သည် တိရစ္ဆာန်အသွင်ကိုယူကာ လူနှင့်လည်း ရောနှောနေထိုင်တတ်ကြသည်။ မိစ္ဆာနတ်တို့နှင့်လည်း ရောနှောနေထိုင်တတ်ကြသည်။

စုန်းကဝေတို့၌ မိစ္ဆာနတ်နှင့်ရသော သားသမီးများရှိတတ်သည်။ ထို့ကြောင့် လူမိန်းမက ဘီလူးကိုမွေးသည်ဟူ၍လည်းကောင်း၊ ထိုမွေးသောဘီလူးမှာ မိစ္ဆာနတ်တို့နှင့်ရသော သားသမီး ဖြစ်သည်ဟူ၍လည်းကောင်း ယုံကြည်ကြသည်။

ဥရောပတိုက်တွင် စုန်းမများသည် မိမိတို့ကိုယ်ပေါ်တွင် ဖားပြုပ်နှင့် ယုန်ခြေထောက် အရုပ်များကို ဆေးထိုးထားလေ့ရှိသည်။

ဥရောပတိုက်တွင် (၁၅)ရာစုနှစ်နှင့် (၁၇)ရာစုနှစ်



www.burmeseclassic.com

လောက်မှစ၍ (၁၉)ရာစုနှစ်တိုင်အောင် စုန်းကဝေတို့ကို ရာဇဝတ်မှု ကျူးလွန်သူဟူ၍ ကားစင်တင်သတ်ရန် အပြစ်ဒဏ်ပေးသည့် ထုံးတမ်းနှင့် ဥပဒေများ ရှိခဲ့သည်။

သမိုင်းဆရာတို့က ခရစ်(၁၄၈၄)မှ (၁၇၈၂)ခုနှစ်အတွင်း စုန်းဟူသော စွပ်စွဲချက်ဖြင့် ခရစ်ယာန်ဝတ်ကျောင်းတော်၌ စီရင်ခဲ့သည်မှာ သုံးသိန်းနီးပါးမျှ ရှိသည်ဟု ဆိုသည်။

ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်နှင့် အီတလီနိုင်ငံတို့တွင် စုန်းများကို ဝတ်ကျောင်းများ၌ စီရင်လေ့ရှိ၏။

အမေရိကန် ပြည်ထောင်စု၌ကား စုန်းတို့ကို ဆေးလမ်မြို့၌ ပျူရီတန်ဂိုဏ်းဝင်တို့က စီရင်ကြသည်။

အနောက်နိုင်ငံတို့၏ အယူအဆ၌ စုန်းဟုတ်သည် မဟုတ်သည်ကို အပ်ဖြင့်ထိုး၍စမ်းက သိနိုင်သည်ဟု ဆို၏။

စုတ်းဖြစ်ခဲ့လျှင် စုန်း၏ကိုယ်၌ အပ်ရာအပေါက် ထင်ရေကာမှု နာကျင်ခြင်းမရှိဟု ဆိုသည်။

ရှေးက အင်္ဂလန်နိုင်ငံတွင် မကောင်းဆိုးဝါး ပူးကပ်ခြင်း ရှိသည်ဟု ယုံကြည်ကြသည်။

တစ်ခါက ကလေးများတက်၍ ပါးစပ်မှ တွယ်အပ်များကို အန်ထုတ်သည်ဟု သတင်းဖြစ်ပွားခဲ့ရာ လူအများသည် ထိုကလေးတို့ကို စစ်ဆေးကြည့်ရှုခဲ့ကြ၏။

ထိုကလေးများသည် 'စေတန်'ဟူ၍ မိစ္ဆာနတ်၏အမည်ကို အလွယ်တကူ အော်နိုင်သော်လည်း ဘုရားသခင်၏ အမည်ကိုကား မဆိုနိုင်သည်ကို တွေ့ရလေသည်။



ထို့ကြောင့် လူတို့က ထိုကလေးများကို စေတန်နတ် ဝင်နေသည်ဟု ယူဆကြသည်။

အနောက်နိုင်ငံများ၌ စုန်းအတတ်သည် ခရစ်ယာန်အယူဝါဒ မထွန်းကားမီ ရှေးဂရိနှင့် ရောမတို့ လက်ထက်ကပေါ်ပေါက်လာပြီးလျှင် ခရစ်ယာန်အယူဝါဒ ထွန်းကားလာသောအခါ ပပျောက်သွားသည်။

စုန်းကဝေအတတ်မှာ အသိအလိမ္မာ အလွန်နည်းကြသေးသော ရှေးလူရိုင်းများခေတ်က စတင်ပေါ်ခဲ့ပေသည်။

ထိုစဉ်က လူများမှာ ဗဟုသုတနည်း၍ ဆင်ခြင်ဝေဖန်နိုင်သည့် အရည်အချင်းများမရှိပဲ ကြောက်ရွံ့ခြင်း၊ အယူသည်းခြင်းစသော စိတ်ဓါတ်များသာ လွှမ်းမိုးနေကြသည်။

သူတို့၏ စိတ်၌ လငပုတ်ဖမ်းခြင်း၊ နေကြတ်ခြင်း စသည်တို့ကိုပင် မကောင်းဆိုးရွားတို့က လုပ်သည်ဟု ယုံကြည်နေကြသည်။ ဂါထာမန္တယားတို့ကို အလွန်ယုံကြည်ကြသည်။ ဆေးဝါးများ မရှိသေးသော ခေတ်ဖြစ်၍ တစ်စုံတစ်ယောက် နေထိုင်မကောင်းလျှင် မန်းမှုတ်ခြင်းဖြင့် ကုစားကြသည်။

လူရိုင်းတို့၏စိတ်၌ ကမ္ဘာကြီးသည် နှစ်ခြမ်းကွဲလျက် တစ်ဖက်၌ လူကောင်းသူကောင်းများရှိ၍ အခြားတစ်ဖက်၌ မကောင်းဆိုးဝါးများ ရှိနေသည်ဟု ထင်ကြ၏။

လူတစ်ယောက် နာဖျားလျှင်၎င်း၊ ဒုက္ခရောက်လျှင်၎င်း မကောင်းဆိုးဝါးများက လုပ်သည်ဟု ယူဆ၍ ထိုမ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဆိုးဝါးများ ထွက်အောင် ကြိုးစားပြီး ဂါထာမန္တယား များကို ရွတ်ဖတ်လေ့ရှိကြသည်။

ယခုအခါ စုန်းအတတ်ကို မှန်သောအယူ မဟုတ်ဟု ယူဆလာကြသည်။

မှန်သောအယူကို လေးလေးနက်နက် ယုံကြည်ကြ သောသူများမှာ စုန်းအတတ်ကို လုံးဝမယုံကြည်ကြပေ။

ရှေးဟောင်းမှတ်တမ်းတစ်ခုတွင် စုန်းအမျိုးပေါင်း (၁၃၇၂၁၄)မျိုး ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရလေ သည်။

ဎင်းတို့ကို ဖော်ပြပါမည်။

၁။ စမျဉ်းတိုင် စုန်းကလေး(၆)မျိုး

၂။ ရှုပဝိပရိ စုန်းကလေး(၆)မျိုး

၃။ ကုမ္ဘဒိဗ္ဗ စုန်းကလေး(၁၂)မျိုး

၄။ စက် စုန်းကလေး(၄)မျိုး

၅။ နာနာရုပ် စုန်း(၉)မျိုး

၆။ ကုလင်သ စုန်း(၇)မျိုး

၇။ ဗာလီ စုန်း(၇)မျိုး

၈။ ကဝေပျံ စုန်း(၇)မျိုး

၉။ တေဇ စုန်း(၆)မျိုး

၁၀။ ဂန္ဓဗ္ဗ စုန်း(၁၅)မျိုး

၁၁။ တက္ခ စုန်း(၇)မျိုး

၁၂။ နာဂဝံသ စုန်း(၄)မျိုး





၁၃။ တိရိစ္ဆာန် စုန်း(၉)မျိုး

၁၄။ ဝဏ္ဏာလ စုန်း(၆)မျိုး

စုစုပေါင်း စုန်း(၉၉)မျိုး ရှိသည်။

ဎင်းတို့ကို ကြိုး(၉၉)ကြိုးဟုလည်း ခေါ်ကြသည်။

တစ်မျိုးကို ကဝေလက္ခဏာ(၉၉)ပါးဖြင့် မြှောက်လျှင် (၉၈၀၁)မျိုး ဖြစ်လာသည်။

ဎင်း(၉၈၀၁)မျိုးကို မူလအမျိုး(၁၄)မျိုးဖြင့် ထပ် မြှောက်ပါက (၁၃၇၂၁၄)မျိုး ပွားလေသည်။

ထိုမျှများပြားသောကြောင့် "စုန်းသွေးခြင်းရာ ဖွေ ဘုတ်ရှာ သင်္ချာမကုန်သေး"ဟုပင် အဆိုရှိလေသည်။

ဦးဇန်ကောင်း စကားဆုံးသောအခါ ပါးစပ်တွင်းမှ ကွမ်းဖတ်များကိုထွေးထုတ်ပြီး ရေနွေးကြမ်းတစ်ခွက်သောက် နေလေသည်။

"အဘပြောပြတော့မှပဲ သိရတော့တယ်၊ စုန်းကဝေ လို့သာ ခေါ်ကြတယ်၊ အမျိုးအစားနဲ့ အရေအတွက်က အ တော်များတာပဲနော်"

"ဟုတ်တယ်၊ ဒါကြောင့် ရှေးလူကြီးတွေက စုန်းခြ ဘုတ်တဲ့သူ မရှိသရွေ့လောက် ရှားတယ်လို့ ပြောကြတာပေ့ ဒါပေမယ့် အတော်များများက ကိုယ့်မှာ ဘယ်လိုပညာမျိုး တွေတတ်တယ် ရှိတယ်ဆိုတာ မသိကြပါဘူး"

"ကြောက်စရာကောင်းတာပဲ"

"ခက်တာက ဒီပညာမျိုးတွေက တတ်ချင်စရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မတတ်ဘူး၊ မတတ်ချင်ပေမယ့်လည်း ၊ ဝမ်းထဲမှာပါ လာတော့ အခက်သားပေါ့”

ဟု ပြောပြလေသည်။

ထို့နောက် နီမောင်လည်း ပြန်ရန်ပြင်သောအခါ ဦးဗန်ကောင်းက ပြောသည်။

“မင်း အလုပ်အားတဲ့တစ်နေ့မှာ နတ်တစ်ထောင်ရှိတဲ့နေရာ တက်သွားကြရအောင် နီမောင်”

“အဘသွားချင်ရင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ ဒါပေမယ့် အဲဒီနေရာအကြောင်းကိုသိတဲ့ သာမိုင်းရွာက မြနှင်းဖြူကိုပါ ခေါ်သွားရင် ပိုကောင်းမယ်”

“ဒါတော့ မင်းသဘောပဲလေ”

ထို့နောက် နီမောင်လည်း သွားနိုင်မည့်ရက်ကို ဦးဗန်ကောင်းနှင့် တိုင်ပင်ပြောဆိုပြီး ပြန်ခဲ့လေသည်။





# အခန်း ( ၁၁ )

# ကဝေကြိုးဆက် ရှိသောသူ

နောက်ပိုင်း ရာသီဥတု သာယာသော နေ့တစ်နေ့မှာတော့ ခရီးထွက်ရန် ပြင်ကြသည်။ ဒီတစ်ခါမှာတော့ [illegible] နှင့် ငမဲအောင်ကိုပါ ဝင်ခေါ်သဖြင့် ၎င်းတို့ကလည်း လိုက်[illegible] ကြလေသည်။ ဆေးဆရာကြီးဦးဗန်ကောင်းနှင့် လေး[illegible] သား ခရီးစတင် ထွက်ကြလေသည်။

သာမိုင်းရွာရောက်တော့ မြနှင်းဖြူကိုပါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောပြပြီးဝင်ခေါ်တော့ သူမပါ လိုက်လာခဲ့ေ
သည်။

သို့ကြောင့် စုစုပေါင်းငါးယောက် ဖြစ်သွားကြသည်။

လမ်းရောက်တော့ ဦးဗန်ကောင်းက မြနှင်းဖြူကို အ
ကဲခတ်ကြည့်ပြီး မေးလေသည်။

"နီမောင်ကပြောတော့ မိန်းကလေးက အဲဒီနေရာ
ဘက်တွေကို မကြာခဏ သွားဖူးတယ်လို့ ပြောတယ်"

"မှန်ပါတယ် ဆရာကြီး"

"နတ်တစ်ထောင်ဂူကို ဘယ်နှစ်ခေါက် ရောက်ဖူးပြီ
ပြီလဲ"

"အစ်ကိုနဲ့တော့ တစ်ခေါက်ရောက်သွားဖူးပါတယ်
ကျွန်မတစ်ယောက်တည်းတော့ ကြောက်လို့ မသွားဝံ့ပါဘူး"

"ဒါထက် အဲဒီနေရာဘက်ရောက်တိုင်း သရဲခြောက်
ခံရတယ်ဆိုတာရော ဟုတ်သလား"

"ဟုတ်တော့ဟုတ်ပါတယ်..။ ကျွန်မတစ်ယောက်
တည်း အဲဒီနေရာဘက်ရောက်သွားတိုင်း အရိုးခြောက်ကြီး
ထွက်လာပြီး လက်ယပ်ခေါ်နေတာကို တွေ့ခဲ့ရတာ နှစ်ခါ
လောက်ရှိပါပြီ၊ နောက်တော့ ကြောက်တာနဲ့ မသွားဝံ့တော့
ပါဘူး ဆရာကြီးရယ်"

ဟု မြနှင်းဖြူက ပြောပြသည်။

ဦးဗန်ကောင်းကတော့ ခေါင်းတညိတ်ညိတ်နှင့် မြ
နှင်းဖြူပြောသမျှ နားထောင်နေပြီးမှ ပြန်မေးသည်။





"ဒါထက် မိန်းကလေးတို့မိသားစု ဘယ်နှယောက်
ရှိကြသလဲ၊ ဒီလိုမေးတာ တမျိုးတော့မထင်ပါနဲ့နော်"

"ရပါတယ် ဆရာကြီးသိချင်တာရှိရင် မေးသာမေး
ပါ၊ ကျွန်မတို့က မိသားစုမများလှပါဘူး၊ အမေရယ်၊ အဖွား
ရယ်၊ ကျွန်မရယ်၊ သုံးယောက်ပဲ ရှိကြပါတယ်"

ဟု ပြန်ပြောလေသည်။

ထိုသို့သိရပြီး နောက်မှာတော့ ဦးဗန်ကောင်းလည်း
ထပ်မမေးတော့ပေ။

ငါးယောက်သား စကားတပြောပြောနှင့် လျှောက်
သွားကြရာ နတ်တစ်ထောင်ဂူသို့သွား၍ ရနိုင်သော တောင်
ကြားရှိရာသို့ ရောက်လာကြသည်။

"ကျွန်မကို အရိုးခြောက်ကြီးက လက်ယပ်ခေါ်ခေါ်
နေတာ ဒီနေရာပါပဲ ဆရာကြီး၊ ဒီတောင်ကြားထဲ ဆင်းသွား
ရင် နတ်တစ်ထောင်ဂူရှိတဲ့နေရာကို ရောက်နိုင်ပါတယ်"

ထိုနေရာရောက်တော့ ဦးဗန်ကောင်းက ပတ်ဝန်း
ကျင်အခြေအနေကို အကဲခတ် ကြည့်နေလေသည်။

အတန်ကြာအောင် အခြေအနေ မထူးခြားသော
အမူအယာနှင့် ခေါင်းညိတ်ပြပြီး မြနှင်းဖြူပြသော တောင်
ကြားလမ်းအတိုင်း အောက်ဘက်သို့ ဆင်းကြလေသည်။

နီမောင်နှင့် မြနှင်းဖြူက ထိုနေရာသို့ တစ်ခေါက်
ရောက်ဖူးပြီး ကျန်သုံးယောက်က မရောက်ဖူးကြပေ။

ထို့ကြောင့် ရောက်ဖူးသော နှစ်ယောက်က ရှေ့ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လမ်းပြကာ သွားကြလေသည်။

"ဒီနေရာတွေက သာမန်မဟုတ်ဘူး၊ စုန်းကဝေပညာကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်တဲ့ ပညာသည်တွေ၊ အထက်လမ်းအောက်လမ်း ပညာတွေကို နှံ့စပ်ကျွမ်းကျင်ကြတဲ့ ဆရာကြီးတွေရဲ့ ဇညာထုံကူးကြတဲ့ နေရာတွေဖြစ်လိမ့်မယ်"

"ဘယ်လိုကြောင့်လည်း ဆရာကြီး"

"သူတို့ရဲ့ ပညာဟိတ်တွေ ရှိနေကြသေးတယ်"

"ထုံကူးတယ်ဆိုတာ ဘယ်လိုမျိုးလဲဟင်"

"ပညာအဆင့်တက်တာ၊ ရောက်နေတဲ့ အဆင့်ထနေ ထို့ထက်မြင့်တဲ့အဆင့်ကို ကူးပြောင်းတာကို ထုံကူးကြတယ်လို့ ခေါ်ကြတယ်၊ တချို့က ဝိဇ္ဇာလမ်းစဉ် အတွက် ထုံကူးကြတယ်၊ တချို့ကတော့ ပညာအဆင့်တက်ဖို့အတွက် ထုံကူးကြတယ်၊ ဒီနေရာကတော့ သူတို့ရဲ့ ပညာထုံကူးကြတဲ့နေရာမျိုး ဖြစ်မယ်"

ဦးဗန်ကောင်းက ရှင်းပြသော်လည်း နောက်မှလိုက်လာသူများကတော့ ဿူငယ်လူရွယ်များ ဖြစ်ကြသဖြင့် သိပ်မသိကြပေ။

စကားတပြောပြောနှင့် လျှောက်လာကြရာ နတ်တစ်ထောင်ဂူဝသို့ ရောက်လာကြသည်။

ယခင်တစ်ခေါက် ရောက်ကြစဉ်က ဂူအတွင်း၌ မီးရောင်မြင်ခဲ့ရသဖြင့် နီမောင်က လှမ်းကြည့်လိုက်သည်။





ဒီတစ်ခေါက်ရောက်တော့ မီးရောင်မမြင်ရပဲ မှောင်မည်းနေလေသည်။

သို့ကြောင့် ဦးဗန်ကောင်းက စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကို မီးတုတ်မီးတိုင်များ ပြုလုပ်ခိုင်းသဖြင့် ပြုလုပ်ကြလေသည်။

ထင်းရှူးဆီ၊ ထင်းရှူးသား ပေါနေသောနေရာ ဖြစ်သောကြောင့် မီးတိုင်ပြုလုပ်ရတာ မခက်ခဲကြပေ။

မီးတိုင်များရသောအခါ အချို့ကို မီးထွန်းပြီး ဂူအတွင်းသို့ ဝင်ကြလေသည်။

အတွင်းရောက်တော့ အရွယ်အစား၊ ပုံပန်းသဏ္ဍာန်မျိုးစုံသော နတ်ရုပ်များကို တွေ့ရလေသည်။

ဦးဗန်ကောင်းကတော့ ပါဠိဘာသာ၊ သက္ကတဘာသာတို့ကို အတန်အသင့် ဖတ်ရှုနိုင်သဖြင့် နတ်ရုပ်များ၌ ရေးသားထားသော အမည်နာမနှင့် အကြောင်းအရာတို့ကို လိုက်လံကြည့်ရှုနေလေသည်။

တစ်နေရာရောက်တော့ ဆီမီးခွက်နှင့် အမွှေးတိုင်အချို့ ထွန်းထားသည်ကို တွေ့ရသော်လည်း လူတော့ မတွေ့ရပေ။

"အရင်တစ်ခေါက် ရောက်တုန်းက ဒီနေရာမှာ အဖွားကြီးတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်၊ အသက်အရွယ်ကတော့ အတော်ကြီးပြီ၊ သူကနာမည်ကိုာ မယ်မင်းဘုံလို့ ပြောလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်ကပြောတော့ ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒီမှာ ဆီမီးခွက်တွေ ထွန်းထားတာ သူပဲဖြစ်မှာပေါ့၊ သူက ဒီဂူထဲမှာပဲနေတာ ဖြစ်ပါလိမ့်မယ်"

ဦးဗန်ကောင်း စကားကြောင့် အံ့ဩသွားကြလေသည်။ ထို့နောက် ငါးယောက်သား မီးတိုင်များဖြင့် ဂူအတွင်းပိုင်း ရောက်သည်အထိ ဝင်ကြည့်ကြလေသည်။

ယခင်တခေါက် နီမောင်တို့ ရောက်ကြစဉ်က မီးတိုင်မပါသောကြောင့် အတွင်းပိုင်းအထိ မရောက်ခဲ့ကြပေ။

ဂူအတွင်းပိုင်းရောက်တော့ နတ်ရုပ်တုများ မရှိတော့ပဲ အခြားရုပ်တုများသာတွေ့ရတော့သည်။

စုန်း၊ ကဝေတို့နှင့် သက်ဆိုင်သော ဂဝံမျက်နှာဖုံးကဲ့သို့ အစီအရင်ဖြင့် ပြုလုပ်ထားသော ရုပ်တုများပင် ဖြစ်ကြလေသည်။ အချို့ရုပ်တုများမှာ အသက်ဝင်နေသကဲ့သို့ရှိကာ ကြောက်စရာကောင်းလှသည်။

ဂူအပြင်ဘက်ပိုင်းတွင် မျိုးစုံလှသော နတ်ရုပ်တုတို့ များပြားလှသလို အတွင်းပိုင်း ရောက်တော့လည်း အစီအရင်ဖြင့် ပြုလုပ်ထားသော ရုပ်တုအတော်များများ ရှိနေသည်ကို တွေ့ရသဖြင့် ဦးဗန်ကောင်းက မှတ်ချက်ချသည်။

"အရှေ့ဘက်မှာ နတ်ရုပ်တွေများလို့ နတ်တစ်ထောင်ဂူလို့ခေါ်ရင် ဒီအတွင်းပိုင်းမှာ စုန်းကဝေနဲ့သက်ဆိုင်တဲ့ ရုပ်တုတွေ အများကြီး ရှိလေတော့ 'ကဝေတစ်ထောင်ဂူ'လို့ပဲ





ခေါ်သင့်တယ် ထင်ပါရဲ့"

"ရုပ်ထုတွေက ကြောက်စရာလိုက်တာ အသက်ဝင်နေကြသလိုပဲ"

မြနှင်းဖြူက လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

စောထီးနှင့် ငမဲအောင်တို့ပင် ကြောက်စရာကောင်းသော ရုပ်တုများတွေ့သဖြင့် တစ်ဦးနှင့်တစ်ဦး ဝေးဝေးမနေကြတော့ပဲ ကပ်နေကြလေသည်။

မြနှင်းဖြူကလည်း နီမောင်အနားသို့ ကပ်နေရာ နီမောင်ကတော့ စိတ်ထဲမှာ သဘောကျနေမိလေသည်။

ရုပ်တုများထားသောနေရာ ဆုံးသွားသော အခါမှာတော့ အောက်သို့ဆင်းသော ကျောက်လှေခါးထစ်များရှိသောနေရာသို့ ရောက်သွားကြသည်။

ထိုနေရာရောက်တော့ အောက်ဘက်မှ မီးရောင်များ ရှိနေသည်ကို တွေ့ရသဖြင့် ဦးဗန်ကောင်းက မေးလိုက်သည်။

"အောက်ဘက်မှာ လူရှိတယ်ထင်တယ်၊ ဆင်းကြည့်ကြမလား"

ဟု ဦးဗန်ကောင်းကမေးတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးမှ ခေါင်းညိတ်ပြလိုက်ကြသည်။

ထို့နောက်မှာတော့ မီးတိုင်အသစ်များကို ထပ်မံညှိပြီးနောက် လှေခါးထစ်များအတိုင်း အောက်သို့ဆင်းကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်သို့ ဆင်းသော ကျောက်လှေခါးထစ်များမှာ သိပ်တော့မများလှပေ။

အောက်ဘက်ရောက်တော့ မီးရောင်များဖြင့် လင်းနေသော အခန်းတစ်ခန်းကိုတွေ့ရသဖြင့် ဝင်ကြည့်ကြသည်။

အခန်းတွင်းမှာတော့ လူအရိုးစုအချို့နှင့် စုန်းကဝေတို့ အသုံးပြုသော ရုပ်တုအတော်များများ တွေ့ရသည်။

ဘီလူးရုပ်တု၊ နတ်ဆိုးရုပ်တု၊ ဂဝံမျက်နှာဖုံး၊ ကဝေသားပိုက်၊ တိုက်နွား၊ တိုက်ကျား၊ တိုက်နဂါးတို့အပြင် သရဲသဘက် ရုပ်တုတို့လည်း ရှိနေကြသည်။ အတွင်းဘက်မှာတော့ အလိုအလျောက် မီးတောက်နေသော ဆီမီးခွက်များ ရှိနေသောကြောင့် အလင်းရောင် ရနေလေသည်။

တစ်နေရာရောက်တော့ အစီအရင်ဖြင့် ပြုလုပ်ထားသော မှော်ရုပ်တုအချို့ တွေ့ရသည်။

မှော်ရုပ်တုများကိုစိုက်ရန် ဆေးအပ်များလည်း မနီးမဝေးမှာ ရှိနေသည်။

ရုပ်တုများကို အသက်ရှင်စေလိုလျှင် အသက်ဝင်စေသောအပ်ဖြင့် စိုက်ရမည်ဖြစ်ပြီး ပြုစားလိုပါက ပြုစားသည့်အပ်များ အသုံးပြုရလေသည်။

ထိုအကြောင်းကိုတော့ ဦးဗန်ကောင်းက သွားရင်းလာရင်းနှင့် ပြောပြသွားခြင်း ဖြစ်ပေသည်။

အတွင်းတစ်နေရာရောက်တော့ ကြောက်လန့်ဖွယ်ရာကောင်းသောမြင်ကွင်းကို တွေ့ကြရသည်။





ဆန်ကောအရွယ်ကြီးလောက်ကြီးသော ပင့်ကူနက်ကြီးများ ရှိနေကြသည်။ မျက်လုံးများက ဟသ်ာပြဒါးကဲ့သို့ နီရဲနေကြသော်လည်း အသက်ဝိညာဉ်မရှိသကဲ့သို့ ငြိမ်သက်နေကြသည်။

ထိုအောက်ဘက်မှာတော့ အဖုံးပိတ်ထားသော ကျောက်တလားကြီးတစ်လုံး ရှိနေသည်။ ကျောက်တလားကြီး၏ ခြေရင်းနှင့် ခေါင်းရင်းမှာတော့ တင်းပုတ်ထမ်းထားသော ဘီလူးနှစ်ကောင် ရှိနေကြသည်။

၎င်းတို့မှာလည်း အသက်မရှိသကဲ့သို့ ငြိမ်သက်နေကြသော်လည်း မျက်လုံးများကတော့ သူတို့ဝင်လာကတည်းက ကြည့်နေကြလေသည်။ ထိုနည်းတူစွာပင် ပင့်ကူနက်ကြီးများမှာလည်း ငြိမ်သက်နေကြသော်လည်း နီရဲနေသော မျက်လုံးများကတော့ အသက်ဝင်နေသကဲ့သို့ သူတို့ကို ကြည့်နေကြသည်။

ကျောက်တလားကြီး အနီးရောက်တော့ အားလုံး ရပ်လိုက်ကြသည်။

"ဖွင့်ကြည့်ကြမလား"

"ဖြစ်ပါ့မလား၊ အဘ၊ သူတို့က ကျွန်တော်တို့ကို ကြည့်နေကြတယ်"

"မင်းတို့က အခုမြင်နေတဲ့ ရုပ်တုတွေကို အသက်မရှိဘူး ထင်နေလို့လား၊ သူတို့သာ အန္တရာယ်ပေးချင်ရင် ငါတို့ဆင်းလာကတည်းက ဒီနေရာတောင် လာခွင့်ရမယ် မထင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဒါဖြင့် ဘာကြောင့် ဆင်းခွင့်ပေးတာလဲဟင်"

"ငါ့အထင်ပြောရရင်တော့ အကြောင်းဆက် တစ်ခုခုတော့ ရှိလိမ့်မယ်ထင်တယ်၊ ဒါကြောင့် ငါတို့ကို ဒီအထဲရောက်တဲ့အထိ ဆင်းခွင့်ပေးလိုက်တာ ဖြစ်မယ်ထင်တယ်"

ထိုသို့ပြောပြတော့မှ စိတ်သက်သာရာ ရသွားကြလေသည်။

"အဘသဘောပဲလေ၊ ဖွင့်မယ်ဆိုလည်း ဖွင့်ကြရုံပေါ့၊ အဘရှိနေမှတော့ ကျွန်တော်တို့က မကြောက်ပါဘူး"

ဟု နီမောင်က ပြောလိုက်သည်။

ထို့နောက် ဦးဇန်ကောင်းက ခေါင်းဆောင်ပြီး နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်အားဖြင့် ပိတ်ထားသော ကျောက်တလား အဖုံးကြီးအား ဖွင့်ရန်ကြိုးစားလေသည်။

နှစ်ပရိစ္ဆေဒ ကြာမြင့်နေပြီ ဖြစ်သောကြောင့် အသားကျနေကာ တော်တော်နှင့် ဖွင့်မရပဲ ရှိနေသည်။

ထို့နောက် ပါလာသောဓားဖြင့် လေဝင်သာအောင် အက်ကြောင်းပေးပြီး အားစိုက်ပြီး ပွန်းကြပြန်လေသည်။

အတန်ကြာသောအခါ ကျောက်တလားအဖုံးကြီးက တကျွိကျွိ တကျိုကျိုဖြင့် ပွင့်သွားလေတော့သည်။

အဖုံးပွင့်သွားသောအခါ မီးခိုးငွေ့ကဲ့သို့ အခိုးအငွေ့များ အပေါ်သို့ တက်လာသောကြောင့် အားလုံးနောက်သို့ ဆုတ်ပေးလိုက်ကြသည်။





အတန်ကြာတော့ မီးခိုးငွေ့များ စဲသွားလေသည်။

ထိုအခါမှ အနားပြန်တိုးသွားပြီး ကြည့်လိုက်သောအခါမှာတော့ အံ့သြဘွယ်ရာ မြင်ကွင်းကို တွေ့ကြရသည်။

ကျောက်တလားအတွင်း၌ အလောင်းတစ်လောင်းရှိနေသည်။ လူငယ်လူရွယ်တစ်ယောက်တော့ မဟုတ်ပေ။

အသက်အရွယ်ကြီးလှပြီဖြစ်သော အဖွားအိုတစ်ဦးဝင် ဖြစ်လေသည်။ ထိုအလောင်းကိုမြင်တော့ နီမောင်ရော မြနှင်းဖြူပါ အံ့သြသွားကြလေသည်။

"ဒီအဖွားကြီးကို ဟိုတစ်လောက ဒီဂူထဲကို ရောက်စာနီးက မီးထွန်းနေတာ တွေ့ခဲ့ရသေးတယ်"

"ဒေါ်မင်းဘုံကို ပြောတာမဟုတ်လား"

"ဟုတ်တယ် ဟိုတစ်နေ့ကတော့ သူကကို သေသေချာချာ မကြည့်ခဲ့မိဘူး၊ အခုကြည့်တော့မှ တစ်ယောက်ယောက်နဲ့ တူနေသလိုပဲ"

"ဘယ်သူနဲ့ တူတာလဲ"

"အိမ်မှာရှိတဲ့ ကျွန်မအဖွား ဒေါ်မယ်သုံနဲ့ အတော်တလေး ဆင်တယ်"

"ရုပ်ချင်းဆင်သလို နာမည်ချင်းကရော မဆင်ဘူးလား"

"ဆင်တယ်ဆရာကြီး၊ အဖွားနာမည်က ဒေါ်မယ်သုံ ဒီအဖွားကြီး နာမည်က ဒေါ်မင်းဘုံတဲ့"

ဦးဇန်ကောင်းက အတန်ကြာအောင် စဉ်းစားနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသည်။

"ငါ့အထင် ပြောရရင်တော့ သူတို့နှစ်ယောက်က အဆက်ရှိပုံရပါတယ်၊ ဒေါ်မင်းဘုံကြည့်ရတာတော့ ကဝေ အတတ်ပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့ပုံ ပေါ် ပါတယ်၊ ဒါထက် မိန်းကလေးရဲ့ အဖွားကရော ဒီပညာမျိုး တွေ မတတ်ဘူးလား"

"ကျွန်မတော့ ဒီအကြောင်းတွေကို ဘာမှမသိပါဘူး ဆရာကြီး"

မြနှင်းဖြူက အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"စောစောကတည်းက ငါ့စိတ်ထဲမှာ ထင်နေတာ တစ်ခုရှိနေတယ်၊ တခြားမဟုတ်ဘူး၊ ဒီလိုနေရာမျိုးတွေက အဆက်ရှိတဲ့သူ မပါပဲနဲ့ ဘယ်လိုမှမရောက်နိုင်ဘူး၊ မိန်းက လေးများ သူတို့နဲ့အဆက်ရှိနေသလား မပြောတတ်တော့ဘူး"

ထိုသို့ပြောတော့ မြနှင်းဖြူကို ဝိုင်းကြည့်ကြလေသည်။

မြနှင်းဖြူကတော့ ဘာမှသိဟန်မတူပေ။

"ကဲ. . ကဲ ဒီလောက်သိရရင် ကျေနပ်ပါပြီ၊ အချိန် နည်းနေပြီ ပြန်ကြရအောင်"

ဟု ပြောပြီး ကျောက်တလားအဖုံးကို နေသားတကျ ပြန်ဖုံးပြီးနောက် အပေါ်သို့ ပြန်တက်ခဲ့ကြလေသည်။





# အခန်း ( ၁၂ )

# ဘဝဆက်ကြောင့် အကူအညီ ပေးရမည့်သူ

ဆောင်တော်ကူးကဝေဆိုသော အမျိုးသမီး တစ်ယောက်ကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် သူပ်လှုပ်ရှားရှား ဖြစ်နေလေသည်။

ထိုအမျိုးသမီးက အဖြစ်မရှိသူများကိုတော့ ဒုက္ခပေး သေ့မရှိပေ။ မိန်းမပျိုများကို ဖျက်ဆီးသော စော်ဘွား၊ မြို့စား၊ ငွေခွန်မှူးစသော သူများကိုသာ သုတ်သင်သတ်ဖြတ်လေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိလေသည်။

ထူးတော့ထူးဆန်းသည်။ ရှေးအခါကလည်း စော်ဘွား၊ မြို့စား၊ နယ်စား၊ ရွာစား၊ ငွေခွန်မှူးတို့က မိမိတို့ နှစ်သက်သဘောကျသော မိန်းမချော မိန်းမလှလေးများတွေ့လျှင် ကောက်ယူသိမ်းပိုက်လေ့ရှိကြသည်။

ကာယကံရှင်က သဘောတူသည်ဖြစ်စေ၊ သဘောမတူသည်ဖြစ်စေ၊ အဓမ္မသိမ်းပိုက်ခဲ့ကြသည်။ မိန်းပျိုများအနေဖြင့် ဘာမှမတတ်နိုင်ခဲ့ကြပေ။

ဘာမှလည်း ပြဿနာ မပေါ်ခဲ့ကြပေ။ မည်သူကမှလည်း မဆန့်ကျင်ဝံ့ခဲ့ကြပေ။

ယခုကာလရောက်တော့မှသာ ထိုကဲ့သို့ ဖျက်ဆီးသောသူများ အသတ်ခံနေကြရခြင်း ဖြစ်လေသည်။

နယ်သူနယ်သား ရွာသူရွာသားများကတော့ ထိုကဲ့သို့ဖြစ်နေသော သတင်းများသည် သူတို့အတွက် ဝမ်းသာစရာဖြစ်ကြရသည်။ သူတို့ကို နှိပ်စက်နေသော သူများကို နှိပ်စက်မည့်သူ ပြန်ပေါ်လာခြင်းပင် ဖြစ်ပေသည်။

စော်ဘွားများအတွက်ကတော့ ခေါင်းခဲစရာ၊ စိတ်မအေးစရာများ ဖြစ်နေကြရသည်။

ယခင်ကကဲ့သို့ အမျိုးသမီးများတွေ့တိုင်း စိတ်ရှိတိုင်း မသိမ်းပိုက်ဝံ့ကြတော့ပေ။ ထိုကိစ္စများ အများဆုံးဖြစ်နေသောဒေသမှာ မြောက်ပိုင်း သိဂ္ဂိနယ်ဘက်၌ ဖြစ်ပေသည်။ ထိုဒေသကို အုပ်ချုပ်နေသော စော်ဘွားမှာ စဝ်အုံဖြစ်သည်။





စဝ်အုံက ၎င်းအုပ်ချုပ်သောနယ်တွင် ပေါ်ပေါက်နေသော ဆောင်တော်ကူးကဝေဆိုသော အမျိုးသမီးကို ဖမ်းဆီးခေါ်ဆောင်လာရန်အတွက် ဗိုလ်မှူးလေး စောရန်နောင်အား တာဝန်ပေး စေလွှတ်ခဲ့လေသည်။

စောရန်နောင်အနေဖြင့်လည်း ပေးအပ်သောတာဝန် ကျေပွန်စေရန် နေရာအနှံ့ လိုက်လံစုံစမ်းသော်လည်း သဲလွန်စအချို့လောက်သာရခဲ့ပြီး ဆောင်တော်ကူးကဝေကိုတော့ မဖမ်းနိုင်ခဲ့ပေ။

ဟော်နန်းပြန်ရောက်လာတော့ စဝ်အုံကမေးသည်။

"အခြေနေ ဘာထူးခဲ့သလဲ စောရန်နောင်"

"ကျွန်တော်မျိုးတို့ စုံစမ်းရသလောက်တော့ ဆောင်တော်ကူးကဝေကို မတွေ့ခဲ့ရပါဘူး၊ စုန်းကဝေ တတ်ကျွမ်းတဲ့သူတွေကိုသာ တွေ့ခဲ့ရပါတယ် စော်ဘွားကြီး"

ထိုစကားကြားတော့ စဝ်အုံမှာ များစွာအကြံရခက်သွားလေသည်။

"ဒီကိစ္စက မအေးလှဘူး၊ ဒီအကြောင်းတွေကို ရှမ်းပြည်ဥတ္တရတိုင်းဝန် ရှင်တော်မင်းကြီးကိုယ်တိုင် သတင်းကြားသိနေပြီ၊ ဒါတို့ မနှိမ်နင်းနိုင်ရင် သူတို့ဆီက ကုလားစစ်သားတွေလွှတ်ပြီး ဖမ်းဆီးခိုင်းလိမ့်မယ်"

ဗိုလ်မှူးလေး စောရန်နောင်ကတော့ ထွေထွေထူးထူး ဘာမှ ပြန်မပြောတော့ပေ။

တစ်နေ့သ၌ စော်ဘွားစဝ်အုံနေထိုင်သော ဟော်နန်း



www.burmeseclassic.com

www.burmeseclassic.com



သို့ အင်္ဂလိပ်တပ်သားများ ရောက်လာလေတော့သည်။ အများအားဖြင့်တော့ ဂေါ်ရခါးစစ်သားများ ဖြစ်ကြလေသည်။ ခေါင်းဆောင်လာသူမှာ မေဂျာစမစ်ဆိုသူဖြစ်သည်။

မေဂျာစမစ်က ရှမ်းပြည်နယ်သို့ ရောက်ရှိနေသည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သောကြောင့် ရှမ်းပြည်နယ်အကြောင်း၊ ဓလေ့ထုံးစံများအကြောင်းနှင့် လူမျိုးများအကြောင်းကို သိရှိထားပြီးသူ ဖြစ်လေသည်။

၎င်းဦးဆောင်လာသောအဖွဲ့မှာ (၁၅)ယောက်ခန့် ရှိလေသည်။ မေဂျာစမစ်တို့အဖွဲ့ ရောက်လာသောအခါ စော်ဘွားစပ်အိုမှာ များစွာဝမ်းသာသွားလေသည်။

ဟော်နန်းအတွင်းမှာပင် နေရာထိုင်ခင်းပေးကာ လာရင်းကိစ္စကို မေးမြန်းရလေသည်။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ တကူးတက ရောက်လာကြတာပါလဲ"

"စော်ဘွားကြီး နယ်ထဲမှာ သောင်းကျန်းနေတဲ့ လူသတ်သမားကိုဖမ်းဖို့ ဝန်ရှင်တော်မင်းကြီးက တာဝန်ပေးလိုက်လို့ လာခဲ့ကြတာပါပဲ"

"အခုလိုရောက်လာတာ အများကြီး ဝမ်းသာပါတယ်၊ ကျုပ်တို့ဘက်က ဘယ်လိုဆောင်ရွက်ပေးရမလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ နယ်မြေကျွမ်းကျင်တဲ့ စစ်သည်ရဲမက်အချို့ကို ထည့်ပေးရုံပါပဲ"

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ





ဗိုလ်မှူးလေး စောရန်နောင်တို့ ငါးယောက်ကိုပင် တာဝန်ပေးလိုက်လေသည်။

စောရန်နောင်ကတော့ စရိုက်ကြမ်းလှသော မျက်နှာဖြူအရာရှိနှင့် ဂေါ်ရခါး စစ်သားများနှင့် အတူတွဲပြီး မသွားလာချင်ပေ။ ထို့ပြင် ထိုတာဝန်ကိုလည်း မထမ်းဆောင်လိုပေ။

သို့သော်လည်း အမှုတော်ထမ်းတစ်ယောက် ဖြစ်နေသောကြောင့် ပေးအပ်သောတာဝန်ကို မငြင်းဆန်နိုင်သဖြင့် လိုက်ပါရလေတော့သည်။ ထို့ပြင် ၎င်းတို့ ခရီးထွက်ကာနီးတော့ စုန်းကဝေပညာသည်များအကြောင်းကို အတော်အတန်သိသော ဖမုန်းထန်ဆိုသူကိုပါ တစ်ပါတည်း ထည့်ပေးလိုက်လေသည်။

ဖမုန်းထန်မှာ အခြားမဟုတ်ပေ။ နောင်မွန်ရွာကို အုပ်ချုပ်နေရသည့် ရွာလူကြီးတစ်ယောက်လည်း ဖြစ်လေသည်။ ရာသီဥတု သာယာသော အချိန်တွင် ဂေါ်ရခါးစစ်သားများနှင့်အတူ ခရီးထွက်ကြလေသည်။

"ဆောင်တော်ကူးကဝေဆိုတဲ့မိန်းမ ဘယ်နေရာမှာရှိသလဲ"

လမ်းခရီးရောက်တော့ မေဂျာစမစ်က မေးသည်။

"ကျွန်တော်မျိုး အုပ်ချုပ်သော နောင်မွန်ရွာတစ်ဝိုက်မှာရှာရင် တွေ့နိုင်ပါတယ် သခင်ကြီး"

"သူက ဘယ်လိုအတတ်မျိုး တတ်တာလဲ"

"စုန်းကဝေ အတတ်ပညာမျိုး တတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စုန်းကဝေ အတတ်ပညာဆိုတာ ဘယ်လိုအတတ်မျိုးလဲ"

"ပြုစားတတ်တဲ့ ပညာမျိုး ဖြစ်ပါတယ်"

"မောင်မင်းတို့ နယ်ပယ်အတွင်းမှာ စုန်းကဝေပညာတတ်ကျွမ်းတဲ့သူတွေ အများကြီးရှိတယ်ဆို့ သတင်းကြားရတာ မှန်ပါသလား"

"မှန်ပါတယ်သခင် ရွာတိုင်းမှာ ရှိပါတယ်"

"တစ်နယ်လုံးမှာ စုန်းကဝေတွေ ဒီလောက်များနေ တော့ ဆောင်တော်ကူးကဝေဆိုတဲ့ မိန်းမကို ဘယ်လိုတွေ့အောင်ရှာမလဲ"

"လွယ်ပါတယ် သခင်၊ စုန်းကဝေ တတ်ကျွမ်းတဲ့သူ တွေကို ဖမ်းဆီးချုပ်နှောင်ပြီးစစ်ဆေးရင် သိနိုင်ပါတယ်"

ဇမှုန်းထန် ပြောသောစကားကိုတော့ မေဂျာစမစ် သဘောကျသွားလေသည်။ စမစ်ကိုယ်တိုင်ကလည်း ထို သို့ ဖမ်းဆီးစစ်မေးရခြင်းမျိုးကို သဘောကျလေသည်။ သော်လည်း ဒေသခံများက ငြိုငြင်မည်စိုးသောကြောင့် ထို သို့မလုပ်သာပဲ ရှိခဲ့ရာမှ ယခုအခါ ဒေသခံများကပါ ထို ဘောမျိုး ရှိနေသည်ကို သိရသောကြောင့် တက်တက်ကြွကြွ ပင် ဆောင်ရွက်လုပ်ကိုင်ရန် ပြင်ဆင်လေသည်။

"မောင်မင်းပေးတဲ့ အကြံကောင်းတယ်၊ ဘယ်အရပ် ဒေသကို အရင်သွားမလဲ"

"ကျွန်တော်မျိုး အုပ်ချုပ်တဲ့ နောင်မွန်ရွာမှာ စုန်း





ဝေပညာတတ်ကျွမ်းတဲ့ မိသားစုရှိပါတယ်၊ သူတို့ကို ဖမ်းဆီး စစ်ဆေးရင် ဆောင်တော်ကူးကဝေအကြောင်းကို သိရနိုင်ပါ တယ်"

ထိုသို့ပြောသဖြင့် နောင်မွန်ရွာဘက်သို့ ခရီးဆက်ကြ လေသည်။ ဇမှုန်းထန်ကတော့ သူ့အုပ်ချုပ်သော ရွာမှာနေပြီး သူ့ကို လေးစားမှုမရှိသော ဒေါ်မင်းဇာတို့ မိသားစုကို အခွင့် သာခိုက် ချောက်တွန်းချရန်သာ ကြံစည်လေတော့သည်။

ဗိုလ်မှူးလေး စောရန်နောင်ကတော့ ထိုသို့မပြုလုပ် ချင်ပေ။ အပြစ်ရှိသောသူကို အပြစ်ပေးရမှာ ဝန်မလေးသော် လည်း အပြစ်မရှိသောသူကို ဒုက္ခပေးမိမှာကိုတော့ စိတ်ထဲ တွင် စိုးရိမ်နေမိသေည်။

ဒေါ်မင်းဇာတို့ နေသောအိမ်သို့ ရောက်ဖူးသည်။ သူ တို့မိသားစုကို အကဲခတ်ကြည့်ခဲ့ဖူးသည်။ စုန်းကဝေပညာ သည် ဖြစ်သည်မဖြစ်သည်ကို သေသေချာချာ မသိခဲ့ရသလို ဆောင်တော်ကူးကဝေ မည်သူဖြစ်မည်ကိုလည်း သူမသိခဲ့ ပေ။

ဇမှုန်းထန်ဦးဆောင်မှုဖြင့် ထိုရွာသို့ တစ်ခေါက်ပြန် ရောက်တော့ ၎င်းတို့ မိသားစုနှင့် ပြန်တွေ့ရမှာ ဝန်လေးနေမိ လေသည်။ ဒေါ်မင်းဇာတို့ နေအိမ်ရောက်တော့ ထိုအိမ်မှာ နေကြသည့် အမျိုးသမီး သုံးယောက်စလုံးကိုပင် တွေ့ရလေ သည်။

ဒေါ်မင်းဇာ၊ မစောမွန်နှင့် မြကေသီတို့ သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံး ရှိနေကြသည်။

"ဘာကိစ္စရှိကြလို့လဲ"

"ခင်ဗျားတို့ဆီလာတာ တခြားမဟုတ်ဘူး၊ ဆောင်တော်ကူးကဝေဆိုတဲ့မိန်းမ ဘယ်သူလဲ၊ ဘယ်မှာရှိသလဲဆိုတာ သိချင်လို့လာတာ"

ဟု ဇမုန်းထန်ကပင် လာရင်းကိစ္စကို ပြောပြလိုက်လေသည်။

"ငါတို့မသိဘူး"

"ခင်ဗျားမလိမ်နဲ့၊ ခင်ဗျားတို့မိသားစု စုန်းကဝေပညာတတ်တယ်ဆိုတာ တစ်ရွာလုံးသိတယ်၊ ပြောရင်ပြော မပြောရင်တော့ ခင်ဗျားတို့ သုံးယောက်စလုံးကို ခေါ်သွားပြီး စစ်မေးရလိမ့်မယ်"

"စစ်မေးလည်း ဘာမှ ပြောစရာမရှိဘူး၊ ငါတို့မိသားစုက နင်တို့ထင်သလို စုန်းကဝေပညာလည်း မတတ်ဘူး"

"ကောင်းပြီလေ၊ ကျုပ်ရဲ့ ဝတ္တရားတော့ ကုန်ပြီ၊ ဒီတော့ ခင်ဗျားတို့သုံးယောက်စလုံးကို ဟောဒီက သခင်ကြီးတို့လက်ကိုပဲ အပ်ရတော့မှာပေါ့"

ဟု ပြောဆိုကာ မေဂျာစမစ်ကို အကျိုးအကြောင်းပြောပြလိုက်ရာ သုံးယောက်စလုံးကို တိုင်မှာကြိုးဖြင့် တုပ်နှောင်ကာ သိလိုသောအကြောင်းကို စစ်မေးကြသည်။

ထိုသို့ စစ်မေးနေကြသော အချိန်တွင် စောရန်နောင်မှာ မကြည့်ချင် မကြားချင်သဖြင့် ဝေးဝေးမှာပင် နေလေ





သည်။

မြကေသီကတော့ အပြစ်မရှိပဲ၊ အနှိပ်စက်ခံနေရသောကြောင့် စောရန်နောင်တို့ လက်ချက်ဟုပင် ထင်မှတ်ကာ အံတကြိတ်ကြိတ်နှင့် ရှိနေလေတော့သည်။

နောင်မွန်ရွာတွင် မြကေသီတို့ မိသားစု ဖမ်းဆီးနှိပ်စက်ခံနေရသော အချိန်တွင် နီမောင်တို့နေသော မိုင်းနောင်ရွာသို့ လူတစ်ယောက် ရောက်လာလေသည်။

အသက်(၄၀)ကျော် အရွယ်ခန့်သာရှိသေးပြီး ခမောက်ဝိုင်းကြီး ဆောင်းထားသောကြောင့် မည်သူမည်ဝါမှန်းရုတ်တရက် မသိနိုင်ပေ။

ထိုသူက နီမောင်နေသောအိမ်သို့ မေးမြန်းစုံစမ်းပြီးရောက်လာလေသည်။ ၎င်းရောက်လာသောအချိန်တွင် နီမောင် တောင်ပေါ်မသွားသေးသောအချိန် ဖြစ်သဖြင့် အဆင်သင့် တွေ့ရလေသည်။

"နီမောင်ရှိသလား၊ သူနဲ့ တွေ့ချင်လို့ လာတာပါ"

"ရှိပါတယ် ရှိပါတယ်၊ ဒီကွပ်ပျစ်မှာ ခဏထိုင်ပါဦး၊ ကျွန်မ သွားခေါ်ပေးပါ့မယ်"

ဟု ပြောဆိုကာ နှင်းမေက အိမ်နောက်ဘက်ရောက်နေသော အစ်ကိုဖြစ်သူ နီမောင်ကို သွားခေါ်ပေးသဖြင့် လိုက်လာလေသည်။ ထိုနေရာရောက်တော့ ဘယ်သူဘယ်ဝါမှန်းမသိရသေးသဖြင့် မေးလိုက်သည်။

"နီမောင်ဆိုတာ ကျွန်တော်ပါပဲ၊ ဦးလေး ဘယ်သူပါ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

ထိုအခါ ဧည့်သည်က ဆောင်းထားသော ခမောက်ကို ချွတ်ဖယ်လိုက်သည်။ မျက်နှာကို မြင်ရတော့မှ နီမောင်မှာ ဇဝေဇဝါ ဖြစ်သွားလေသည်။

“ဟင်. . ဦးလေး”

“ဟုတ်ပါတယ်၊ ငါက မြနှင်းဖြူရဲ့ အဖေပါ၊ နာမည်က ဦးစိုင်းလုံလို့ ခေါ်တယ်”

“ဘာကိစ္စရှိလို့လည်း ဦးလေး”

“ငါလာတာ တခြားမဟုတ်ဘူး၊ မင်းကို အကူအညီတောင်းစရာရှိလို့ပဲ”

“ပြောပါဦးလေး”

“တခြားတော့ မဟုတ်ပါဘူး၊ နောင်မွန်ရွာမှာ အင်္ဂလိပ်စစ်သားတွေ ရောက်နေပြီး အပြစ်မရှိတဲ့ သူတွေကို ဖမ်းဆီးနှိပ်စက်နေတယ်၊ အဲဒါ မင်းသွားပြီး ကယ်ပေးပါ”

ထိုစကားကြားတော့ များစွာအံ့သြသွားလေသည်။

“ဘယ်သူတွေလဲ ဦးလေး”

“ဒေါ်မင်းဇာတို့ မိသားစုသုံးယောက်ပဲ သူတို့သားအမိသုံးယောက်ကို ရွာလူကြီးကပါ စုန်းကဝေပညာတတ်တယ်လို့ ထင်နေကြတယ်၊ တကယ်တော့ သူတို့က စုန်းကဝေပညာ ဘာမှမတတ်ကြပါဘူး”

“ဦးလေးက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ၊ နောက်ပြီး ဦးလေးတို့နဲ့ရော ဘယ်လိုသက်ဆိုင်နေလို့လဲ”





“ငါ ဒီအကြောင်းတွေကို မင်းကို ပြောမပြနိုင်သေးဘူး၊ ဒါပေမယ့် သူတို့ကိုတော့ မင်းသွားကယ်ပေးဖို့ မြနှင်းဖြူက မှာလိုက်တယ်”

မြနှင်းဖြူအမည်ကို ကြားသည်နှင့်ပင် နီမောင်မှာ မငြင်းသာအောင် ဖြစ်သွားလေသည်။

“ကယ်တော့ ကယ်ပေးချင်ပါတယ်၊ အင်္ဂလိပ် စစ်သားတွေမှာ သေနတ်တွေ ပါကြတာဆိုတော့ ကျွန်တော်က ဘယ်လိုဝင်ပြီး တိုက်ခိုက်လို့ ဖြစ်ပါ့မလဲ”

“မင်းကို အကူအညီတောင်းတာ သူတို့ကို ဝင်ပြီး တိုက်ခိုက်ဖို့ မဟုတ်ပါဘူး၊ ငါပြောတဲ့အတိုင်း လုပ်ပေးဖို့ပါပဲ”

ထို့နောက် ဦးစိုင်းလုံက ပြုလုပ်ရမည့် အစီအစဉ်များကို ပြောပြလေရာ နီမောင်ကလည်း ပြုလုပ်ပေးမည်ဟု ကတိပေးလိုက်လေသည်။

ထို့နောက် ဦးစိုင်းလုံလည်း ပြန်သွားလေတော့သည်။

နီမောင်လည်း ချက်ချင်းဆိုသလို စောထီး၊ ငမဲအောင်၊ ဦးဇန်တောင်းစသော ၎င်းနှင့် သိကျွမ်းသူများကို အကျိုးအကြောင်း ပြောပြကာ စီစဉ်စရာ ရှိသည်များကို စီစဉ်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁၃ )

# ငယ်ကချစ်တော့ အဖြစ်ယူသမျှ ကြေပါစေ

အချိန်က ညနေပိုင်းအချိန် ရောက်လာချေပြီ။

အလင်းရောင် ရှိသေးသော်လည်း ပတ်ဝန်းကျင် တစ်ဝိုက်မှာတော့ မှိုင်းမှုံနေလေသည်။

နောင်မှုန်ရွာမှာတော့ မေဂျာစမစ် ခေါင်းဆောင်သော ဂေါ်ရခါးစစ်သားများ ရှိနေကြသေးသည်။

ရွာလူကြီး ဇမုန်းထန်နှင့် အတူပါလာသော ပိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



လေး စောရန်နောင်တို့လည်း ရှိနေကြသေးသည်။

ရွာလူကြီး ဇမုန်းထန်နှင့် အတူပါလာသော ဗိုလ်မှူး လေး စောရန်နောင်တို့လည်း ရှိနေကြသေးသည်။

၎င်းတို့ ရောက်နေသော အိမ်ကြီးမှာ ရွာအစွန်ဘက်တွင်ရှိသည့် နှစ်ဆောင်ပြိုင်အိမ်ကြီး၌ ဖြစ်သည်။

ဒေါ်မင်းဇာ မစောမွန်နှင့် မြကေသီတို့ သုံးယောက်ကို ကြိုးဖြင့် တုပ်နှောင်ထားပြီးနောက် အမျိုးမျိုး နှိပ်စက်ညှင်းပန်းကာ ဆောင်တော်ကူးကာဝေအကြောင်းကို မေးမြန်းနေကြသည်။ သုံးယောက်စလုံး သွေးသံရဲရဲနှင့် ဖြစ်နေကြသော်လည်း ၎င်းတို့လိုချင်သော အဖြေကတော့ မရသေးပေ။

ထိုအခါ မေဂျာစမစ်က ပြောသည်။

"ငါတို့ သိချင်တဲ့အဖြေကို ပြောရင်ပြော မပြောရင်တော့ နေဝင်တာနဲ့ နင်တို့ ပူဇော်နေတဲ့ နတ်ရုပ်တွေနဲ့အတူ နင်တို့သုံးယောက်စလုံးကို မီးနဲ့တိုက်သတ်ပစ်မယ်"

ထိုစကားကြားတော့ အတူရှိနေသော ဗိုလ်မှူးလေး စောရန်နောင်မှာ အတော်ပင် စိတ်ပူသွားလေသည်။

ယခုဖမ်းထားသော သုံးယောက်စလုံးမှာ ဘယ်နည်းနှင့်မှ ဆောင်တော်ကူးကာဝေ မဖြစ်နိုင်ကြောင်း စိတ်ထဲမှ သိသော်လည်း ဘယ်လိုမှ အကူအညီ မပေးနိုင်ပဲ ရှိနေလေသည်။

နေဝင်ချိန် နီးလာသောအခါ မစောမွန်းက စိတ်ပူသော အမူအယာဖြင့် ဒေါ်မင်းဇာအနီးသို့ တိုးကပ်ကာ ပြော





လိုက်လေသည်။

"အမေ သူတို့ သိချင်တာပြောလိုက်ရင် ကောင်းမယ်ထင်တယ်၊ မဟုတ်ရင် ကျွန်မတို့ သုံးယောက်စလုံး သေကြရလိမ့်မယ်"

"ဒီလောက်စိတ်ပူမနေပါနဲ့အေ၊ ဒီလိုလူယုတ်မာတွေ လက်ချက်နဲ့တော့ ငါတို့ မသေနိုင်ကြပါဘူး၊ အချိန်တန်တော့ ကယ်မယ့်သူ ရောက်လာမှာပါ"

ထိုသို့ပြောသဖြင့် မစောမွန်လည်း နောက်ထပ် ဘာမှ မပြောတော့ပေ။

ညနေစောင်းအချိန်ရောက်တော့ ခြံဝန်းထဲသို့ လူရွယ်တစ်ယောက် ဝင်ရောက်လာလေသည်။

နီမောင်ပင် ဖြစ်လေသည်။

၎င်းက မေဂျာစမစ်နှင့် ဇမုန်းထန်တို့နှင့် တွေ့သောအခါ ပြောပြလိုက်သည်။

"ခင်ဗျားတို့က ဆောင်တော်ကူးကာဝေကို လိုက်ရှာနေကြတယ်၊ ဆောင်တော်ကူးကာဝေက ဒီနေရာမှာမှ မရှိတာ၊ ဒီမှာဖမ်းထားတဲ့ သုံးယောက်ကလည်း ဆောင်တော်ကာဝေ မဟုတ်ဘူး"

"မင်းက ဘယ်လိုသိတာလဲ"

"ကျွန်တော်က ဆောင်တော်ကူးကာဝေကို တွေ့ဖူးလို့ ပြောတာပေါ့"

"ဒါဖြင့် သူက ဘယ်မှာရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နတ်တစ်ထောင်ဂူထဲမှာ နေတယ်"

ထိုစကားကြောင့် အားလုံး စိတ်ဝင်စားသွားကြသည်။

"ဒါထက် နတ်တစ်ထောင်ဂူက ဘယ်နေရာမှာ ရှိတာလဲ"

ဇမုန်းထန်က မေးလိုက်သည်။

"ဒီရွာကသွားရင် သိပ်မဝေးပါဘူး၊ မိုင်းသုံ့တောင်ခြေမှာပဲ ရှိပါတယ်"

"မင်းပြောတာမမှန်ရင် ဘယ်လိုလုပ်ရမလဲ"

"နေရာမှာတင် အသက်သတ်ပစ်နိုင်ပါတယ်"

ထိုသို့ပြောသဖြင့် အားလုံးယုံကြည်သွားကြလေသည်။

"ဒါဖြင့် မင်းကိုယ်တိုင် လိုက်ပြပေးမှာလား"

"လိုက်ပြပေးပါ့မယ်"

နီမောင်က ရဲရဲဝံ့ဝံ့ပြောပြသဖြင့် အားလုံး ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြလေသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"သူလာပြီး သတင်းပေးတုန်း လိုက်သွားကြရင် မကောင်းဘူးလား"

"သွားတာကတော့ ဟုတ်ပါပြီ၊ အချိန်က မရှိတော့ဘူး၊ ဟိုရောက်ရင် ညအချိန် ဖြစ်နေလိမ့်မယ်"

"ညအချိန်သွားတော့ ပိုကောင်းတာပေါ့၊ နေ့ဘက်ဆိုင်သူမြင်ပြီး ပုန်းနေမှာပေါ့၊ သူက လမ်းပြပေးမယ် ပြောတာ စိတ်ပူစရာ မလိုပါဘူး"

"ဒါဖြင့် ဒီမှာဖမ်းထားတဲ့ မိန်းမသုံးယောက်ကိုရော ဘယ်လိုလုပ်မလဲ"

"သူတို့တို ဒီအတိုင်းပဲ ဖမ်းထားမယ်လေ၊ ဒီမှာ အစောင့်တွေ ထားခဲ့တာပေါ့"

"ဘယ်သူတွေ ထားခဲ့မှာလဲ"

"ဗိုလ်မှူးစောရန်နောင်နဲ့ စစ်သားငါးယောက်လောက်ထားခဲ့ရင် ဖြစ်ပါရော့ယ်"

"ဒီလိုဆိုရင်လည်း စီစဉ်စရာတွေ စီစဉ်ပြီး လိုက်သွားကြတာပေါ့"

ထိုသို့ပြောဆိုတိုင်ပင်ပြီး နောင်မွန်ရွာတွင် ဗိုလ်မှူးလေးစောရန်နောင်နှင့် ဂေါ်ရခါး စစ်သားငါးယောက် ထားခဲ့ပြီး မေဂျာစမစ်နှင့် ဇမုန်းထန်တို့ကတော့ ကျန်သောစစ်သားအားကိုခေါ်ကာ နီမောင်ခေါ်သွားရာနောက်သို့ လိုက်သွားကြလေသည်။

ထိုအခါမှ စောရန်နောင်က ဂေါ်ရခါးစစ်သား ငါးယောက်ကို အပြင်ဘက်တွင် စောင့်နေစေပြီး သူက မြကေသီတို့ ရှိသောနေရာသို့ သွားလေသည်။

အပြင်ဘက်မှာ အလင်းရောင် ရှိနေသေးသော်လည်း နှစ်ဆောင်ပြိုင် အိမ်ကြီးအတွင်းမှာတော့ မှောင်နေပြီ။







www.burmeseclassic.com

www.burmeseclassic.com



စောရန်နောင် အနားရောက်လာတော့ မြကေသီက လေသံမာမာဖြင့်ပြောသည်။

"ဒီလူယုတ်မာတွေကို ရှင်လက်ထောက်ချပြီး ခေါ်လာခဲ့တာမဟုတ်လား၊ ရှင်က ကိုယ့်လူမျိုးတွေကို နှိမ်စက်ပြီး တိုင်းတစ်ပါးသားတွေရဲ့ ခြေထောက်အောက်မှာ ဂုဏ်ယူနေချင်တယ် ထင်ပါရဲ့"

"မင်း အထင်လွဲနေတယ်ဆိုတာ ငါသိပါတယ်၊ ဒီကိစ္စတွေက ငါ့စနက်ကြောင့် မဟုတ်ပါဘူး၊ ဒီရွာက ဇမုန်းထန်ရဲ့ လက်ချက်ပါ။ ငါက တာဝန်ပေးလို့ လိုက်လာတာပါ"

"ပြောတော့လည်း ကြားရတာပေါ့လေ၊ အခုရော ဘယ်လိုနှိပ်စက်ချင်လို့ လာတာလဲ"

"ငါ မင်းတို့သုံးယောက်ကို ကယ်ပေးမလို့ပါ"

"ဟင် ဒီလိုလုပ်တော့ . . ရှင် အသတ်ခံရမှာပေါ့"

"ငါလည်း သူ့ကျွန်လက်အောက်မှာ မနေချင်တော့ပါဘူး၊ ဒါကြောင့် မင်းတို့ကို ဘေးအန္တရာယ်လွတ်တဲ့နေရာရောက်တဲ့အထိ ပို့ပေးပြီး ငါလည်း ဝေးရာသွားတော့မှာပါ"

ထိုစကားကြားတော့ မြကေသီမှာ စောစောက မဆင်မခြင် ပြောလိုက်မိသည်ကို စိတ်မကောင်း ဖြစ်သွားမိသည်။

ထို့နောက် စောရန်နောင်က သူတို့သုံးယောက်ကို တုပ်ထားသော ကြိုးများကို ဓားဖြင့် ဖြတ်ပေးနေလေသည်။

စောရန်နောင်က အိမ်ထဲမှာ ကြိုးတုပ်ထားသော





မြကေသီတို့ သုံးယောက်အား ကြိုးများဖြတ်ပေးနေသော အချိန်တွင် ဂေါ်ရခါး စစ်သားငါးယောက်တို့မှာ သေနတ်များ ကိုင်ဆောင်ပြီး ခြံဝန်းအတွင်းမှာ စောင့်နေကြလေသည်။

အချိန်ကလည်း ညဦးပိုင်းအချိန် ရောက်လာပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာလေသည်။

သစ်ပင်ကြီးများ အုပ်မိုးထားသော ခြံဝန်းအတွင်းမှာတော့ အမှောင်ထုများက ပိုများနေလေသည်။

ထိုအခိုက်မှာပင် ခြံဝန်းအစပ်သို့ အဝတ်နက်များ ခြုံထားသောလူတစ်စု ရောက်လာကြသည်။ ၎င်းတို့လက်ထဲ၌ ဒူမီးသေနတ်နှင့် လေးမြားစသော လက်နက်များ ပါလာလေသည်။

ခြံဝန်းအစပ်နားရောက်သည်နှင့် ခြံဝန်းထဲမှရှိနေသော ဂေါ်ရခါးစစ်သားများကို အဆိပ်လူးမြားဖြင့် ပစ်ခတ်သုတ်သင်ကြလေသည်။

ထိုသေအဆိပ်လူးထားသော အဆိပ်လူးမြားတံများ ထိသည်နှင့် ဂေါ်ရခါးစစ်သား ငါးယောက်စလုံးမှာ အသံပင် ထွက်နိုင်ပဲ နေရာမှာတင် လဲကျသေဆုံးသွားကြလေသည်။

၎င်းတို့ သေဆုံးသွားတော့ တစ်ကိုယ်လုံး အဝတ်နက်များ ခြုံထားသူများက ခြံဝန်းအတွင်းသို့ ဝင်လာကြလေသည်။

စုစုပေါင်း ငါးယောက်ဖြစ်သည်။

ခြံဝန်းအတွင်းမှာ အစောင့်များ မရှိတော့သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လာသူက လေးနှင့်မြားကို အဆင်သင့်ကိုင်ထားရင်းနှင့် အိမ်အတွင်းသို့ ဝင်သွားလေသည်။

အိမ်ထဲရောက်တော့ ဗိုလ်မှူးလေး စောရန်နောင်ကို တွေ့သည်နှင့် မြားဖြင့်ပစ်ရန် ပြင်သည်။

ထိုအခါ မြကေသီက စောရန်နောင်ရှေ့မှ ဝင်ရပ်ရင်းနှင့် လှမ်းပြောလိုက်သည်။

"သူ့ကိုမပစ်နဲ့ သူက ကျွန်မတို့ကို ကယ်ပေးထားတာ"

ထိုသို့ ပြောသဖြင့် လေးနှင့်မြားကို ပြန်ချကာ မစောမွန်အနီးသို့ လျှောက်သွားပြီး မေးလိုက်သည်။

"ဘာဖြစ်သွားသေးလဲ"

ထိုအခါ မစောမွန်က တအံ့တသြဖြင့် မော့ကြည့်ရင်း

"ဘာ. . ဘာမှမဖြစ်ပါဘူး၊ ရှင်ဘယ်သူလဲ"

ဟု ပြန်မေးလိုက်သည်။

"မင်းက စော်ဘွားကတော်ဘဝ ရောက်ခဲ့လေတော့ ငါ့အသံကိုတောင် ဘယ်မှတ်မိပါတော့မလဲ"

ထိုသို့ပြောဆိုကာ ဦးခေါင်းပေါ်မှ ဖုံးထားသော အဝတ်ကို ဖယ်ချလိုက်သည်။

"ဟင်. . ကိုစိုင်းလုံ"

"ဘဝဟောင်းကလူတွေကို မမေ့သေးတာတော့ ကျေးဇူးတင်ရမှာပဲ"

"ရှင် ကျွန်မကို အထင်လွဲပြီး စိတ်နာနေမယ်ဆိုတာ ကျွန်မသိပါတယ်၊ စော်ဘွားကတော် ဖြစ်ခဲ့ရတယ်ဆိုတာ





လည်း ဖြစ်ချင်လို့ဖြစ်ခဲ့ရတာ မဟုတ်ပါဘူး၊ အတင်းအဓမ္မ ခေါ်သွားပြီး သိမ်းပိုက်ခဲ့လို့ပါ၊ ကျွန်မ ရှင့်အပေါ်မှာ သစ္စာဖျက်ခဲ့တာ မဟုတ်ပါဘူး"

ဟု မစောမွန်က စီးကျလာသော မျက်ရည်များကို သုတ်ဖယ်ရင်း ပြောလေသည်။

"ရှိပါစေတော့လေ"

"ကျွန်မကို တစ်ဖက်သတ်အထင်လွဲနေမယ်ဆိုတာ ကျွန်မသိပါတယ်၊ အဲဒီတုန်းက ကျွန်မ ဘယ်လိုဒုက္ခရောက်ခဲ့တယ်ဆိုတာကော မမေးတော့ဘူးလား၊ ကျွန်မကို သိမ်းပိုက်ခံရတဲ့အချိန်မှာ ရှင်နဲ့ရခဲ့တဲ့ကိုယ်ဝန် ရှိနေပြီ"

"ဟင်. ."

ထိုစကားကြောင့် စောစောက ဝတ်ကျေတန်းကျေသဘောမျိုးနှင့် နားထောင်နေသော ဦးစိုင်းလုံမှာ မျက်လုံးပြူးသွားလေသည်။

မနီးမဝေးမှာ ရှိနေသော မြကေသီကလည်း တအံ့တသြဖြင့် လှမ်းကြည့်နေသည်။

"ဟော်နန်းကိုရောက်တော့ ကျွန်မမှာ ကိုယ်ဝန်ပါလာမှန်းသိတော့ နှိပ်စက်ပြီးတော့ ပြန်လွှတ်လိုက်ကြတယ်"

"ဒါတွေ ငါမသိခဲ့ဘူး"

"ပြန်ရောက်တော့ ရှင်နဲ့တွေ့ပြီး အကျိုးအကြောင်း ပြောပြဖို့ပါပဲ၊ ဒါပေမယ့် ရှင်က ရွာမှာမရှိတော့ဘူး"

"ဟုတ်တယ်၊ ငါလည်း မင်းပါသွားပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာတာနဲ့ တခြားရွာထွက်သွားပြီး ဟိုရွာမှာ အိမ်ထောင်ကျခဲ့တယ်၊ ကလေးတစ်ယောက်ရပြီးတော့ မိန်းမဆုံးသွားတယ်၊ ဟိုဘက်ရွာမှာနေပေမယ့် မင်းတို့ သတင်းကိုတော့ အမြဲနားစွင့် နေတာပါ၊ ဒါထက် ငါနဲ့ရခဲ့တဲ့ကလေးက ဘယ်မှာလဲ"

ထိုအခါ မစောမွန်က မျက်ရည်သုပ်ရင်းနှင့် မနီးမဝေးမှာ ရပ်နေသော မြကေသီကို လက်ညှိုးထိုးပြသည်။

"အဲဒါ ရှင့်သမီးပဲ"

ဦးစိုင်းလုံက ဝမ်းဒီးသာအားရ အမူအယာဖြင့် မြကေသီအနီးသို့ လျှောက်သွားလေသည်။

"သမီး"

"အမေ. . ဒါ အမေပြောပြောနေတဲ့ ကျွန်မအဖေလားဟင်"

"ဟုတ်ပါတယ် အဲဒါ သမီးရဲ့ ဖခင်ပါပဲ"

သည်တော့မှ မြကေသီက 'အဖေ'ဟုခေါ်ကာ ဦးစိုင်းလုံက ပြေးဖက်လေသည်။

ထိုမြင်ကွင်းကတော့ မြင်ရသူတိုင်း မျက်ရည်စသည်နိုင်လောက်အောင် မြင်ရသည့် မြင်ကွင်းမျိုး ဖြစ်ပေတော့သည်။

ဦးစိုင်းလုံကလည်း တစ်ခါမှ မတွေ့ဖူး မမြင်ဖူးသေးသော သမီးဖြစ်သူကို ဖက်ထားရင်း မျက်ရည်ကျနေသလို မြကေသီကလည်း တစ်ကြိမ်မှ မတွေ့ဖူးသေးသော ဖခင်နှင့်





ပြန်တွေ့ရသဖြင့် ဝမ်းသာဝမ်းနည်းဖြစ်ကာ ငိုကြွေးနေလေသည်။

"ဒါထက် ကျွန်မတို့ သားအမိတွေ ဒီမှာဒုက္ခရောက်နေတာကို ရှင် ဘယ်လိုသိပြီး ရောက်လာတာလဲ"

မစောမွန်က မေးလိုက်သည်။

"ငါက တခြားရွာမှာ နေပေမယ့် မင်းတို့ သတင်းတွေကို အမြဲနားစွင့်နေတာပါ၊ နောက်ပြီး ငါ့မှာ တခြားသိနိုင်တဲ့နည်းတွေလည်း ရှိပါတယ်၊ ဒါတွေကတော့ ငါ နောက်မှ ပြောပြပါ့မယ်၊ ဒီအခြေအနေအတိုင်း ဆိုရင်တော့ မင်းတို့ ဒီမှာဆက်နေလို့ မဖြစ်တော့ဘူး၊ သူတို့သိသွားရင် လာပြီး ဒုက္ခပေးကြလိမ့်မယ်"

"ဘယ်လိုလုပ်ရမလဲ"

"ငါနဲ့လိုက်ခဲ့ပါ၊ မင်းတို့ကို လုံခြုံစိတ်ချရတဲ့ နေရာမှာ ထားပေးပါ့မယ်၊ နောက်မှိုင်း အခြေအနေ အေးချမ်းတော့မှ ကိုယ့်နေရာကိုယ် ပြန်ချင်ပြန်ပေါ့"

"ရှင်ကရော"

"အခုတော့ မင်းအပေါ်မှာ ထားခဲ့တဲ့ အာဃာတစိတ်တွေ၊ အမုန်းတရားတွေ မရှိတော့ပါဘူး၊ ဒါကြောင့် မင်းတို့နဲ့ပဲ အတူတူပြန်နေဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ထိုစကားကြားသောအခါ မစောမွန်းက ဝမ်းသာဝမ်းနည်းခြင်းများကြောင့် ရှိုက်ကြီးတငင် ငိုကြွေးနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ မြကေသီက ပြောသည်။

"အဖေ ကျွန်မတို့ ဒီမှာ ကြာကြာနေလို့ မသင့်ဘူး ဆောင်တော်ကူးကဝေကို သွားဖမ်းကြတဲ့ စစ်သားတွေ ဒီကို အချိန်မရွေး ပြန်ရောက်လာနိုင်တယ်၊ သူတို့ ပြန်ရောက်မလာခင် ဒီနေရာက အမြန်သွားကြရင် ကောင်းမယ်"

"ဆောင်တော်ကူးကဝေကို သူတို့ဖမ်းလို့ မရနိုင်ပါဘူး"

ဦးစိုင်းလုံစကားကြောင့် မြကေသီတို့မှာ အံ့သြသွားကြလေသည်။

"ဟင် အဖေက ဆောင်တော်ကူးကဝေဆိုတဲ့မိန်းမကို သိလို့လားဟင်"

"သိတော့ မသိပါဘူး၊ ဒါပေမယ့် ဆောင်တော်ကူးကဝေဆိုတာ သာမန်ပညာသည်မျိုးမှ မဟုတ်တာ၊ သူ့ကို သွားဖမ်းတဲ့သူတွေ သေကြဦးမှာပါ"

ဟုပြောပြီး ထိုနေရာမှ ပြန်ထွက်ရန် ပြင်ကြလေသည်။ ထိုအခါ မြကေသီက စောရန်နောင်ကို မေးလိုက်သည်။

"ရှင်ကရော ဘယ်လိုလုပ်မှာလဲ . နေခဲ့မှာလား ကျွန်မတို့နဲ့ တစ်ခါတည်း လိုက်ခဲ့မှာလား"

"ဒီမှာ ကျန်ခဲ့ရင်တော့ ဒုက္ခများမှာ အသေအချာပဲ ဒီတော့ မင်းတို့နဲ့ပဲ လိုက်ခဲ့ပါတော့မယ်"

"ဒါဖြင့် ဗိုလ်မှူးရာထူး ပြန်မလိုချင်တော့ဘူးလား"





"ပဒေသရာဇ်တွေရဲ့ လက်အောက်မှာ ဗိုလ်မှူးရာထူးနဲ့ နေရတာနဲ့စာရင် ရွာပြန်ပြီး တောင်ယာလုပ်စားတာက ပိုပြီးစိတ်ချမ်းသာမယ် ထင်ပါတယ်၊ ဗိုလ်မှူးရာထူးလည်း မလိုချင်တော့ပါဘူး"

စောရန်နောင်က စိတ်ပျက်လက်ပျက် အမူအယာဖြင့် ပြောလိုက်လေသည်။

ထိုစကားကြားတော့ မြကေသီက သဘောကျသော အမူအယာဖြင့် တစ်ချက်ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုဆုံးဖြတ်ပြီးရင်တော့ တခြားမသွားချင်သေးဘူးဆိုရင် ကျွန်မတို့နဲ့ပဲ လိုက်ခဲ့ပေါ့"

စောရန်နောင်ကလည်း ခေါင်းညိတ်ပြလိုက်လေသည်။ ထို့နောက် အပြင်သို့ ထွက်ခဲ့ကြလေသည်။

အပြင်ဘက်မှာတော့ စောထီးနှင့် ငမဲအောင်တို့ အပါအဝင် လူရွယ်လေးယောက် ရှိနေကြသည်။

ဦးစိုင်းလုံက ခေါင်းဆောင်ပြီး သေဆုံးနေသော ဂေါ်ရခါးစစ်သားများကို တစ်နေရာသို့ သယ်ယူသွားပြီး မြေမြှုပ်ခြင်း ပြုလုပ်ကာ သေနတ်များကို တစ်ခါတည်း သိမ်းယူပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

အချိန်က ညဉ့်နက်ပိုင်းသို့ ရောက်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၄ )

# နတ်တစ်ယောင်ဂူမှ အဖြစ်ဆိုး

အချိန်က ညဉ့်နက်ပိုင်းသို့ ရောက်နေချေပြီ။

သို့ကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ကျစပြုနေလေသည်။ ကောင်းကင်မှာ လရောင်ရှိနေသော်လည်း မြူနှင်းများကျနေသောကြောင့် ဝိုးတဝါးလောက်သာ မြင်နိုင်တော့သည်။

ထိုအချိန်တွင် မိုင်းသုံတောင်ခြေဘက်ဆီက လူတစ်စု



www.burmeseclassic.com

www.burmeseclassic.com



လာနေကြလေသည်။ ရှေ့ဆုံးမှ လမ်းပြခေါ်လာသူမှာ နီမောင်ပင်ဖြစ်သည်။

နောက်မှလိုက်လာကြသူများကတော့ မေဂျာစမစ်ဦးဆောင်သော ဂေါ်ရခါးစစ်သားများ၊ စော်ဘွားနန်းမှ စစ်သည်တော်လေးဦးနှင့် နောင်မွန်ရွာလူကြီး ဇမုန်းထန်တို့ပင် ဖြစ်ကြသည်။ နီမောင်အပါအဝင် တစ်ဆယ့်ခြောက်ယောက်ခန့် လာကြလေသည်။

၎င်းတို့ လာကြခြင်းမှာ ယခုညတွင်းချင်း ဆောင်တော်ကူးကဝေကို ဖမ်းဆီးနိုင်ရန်အတွက် လာကြခြင်းဖြစ်သည်။

တောင်ခြေတစ်နေရာသို့ ရောက်သောအခါ တောင်ကုန်းထိပ်ပေါ်တွင် ရပ်တန့်ကာ သူတို့ရှိနေသော နေရာဘက်သို့ လှမ်းကြည့်နေသော သဏ္ဌာန်တစ်ခုကို တွေ့ရလေသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီးကို ခြုံထားသော်လည်း ဆံပင်ရှည်တို့က လေထဲ၌ လွင့်နေကြသည်။

ထိုနေရာနှင့် မနီးမဝေးရောက်တော့ နီမောင်က ရပ်တန့်လိုက်ပြီး လက်ညှိုးထိုးပြလိုက်သည်။

"ဟိုမှာမြင်နေတာ ဆောင်တော်ကူး ကဝေပဲ၊ ခင်ဗျားတို့ ရအောင်ဖမ်းနိုင်ရင် ဖမ်းကြပေတော့"

နီမောင်က ပြောသဖြင့် ပါလာသော ဂေါ်ရခါး စစ်သားများက ဆောင်တော်ကူးကဝေရှိရာသို့ သေနတ်များဖြင့် ချိန်လိုက်ကြလေသည်။





ထိုသို့ သေနတ်ဖြင့်ချိန်စဉ်မှာပင် ဆောင်တော်ကူးကဝေက တောင်ကြားဘက်သို့ ဆင်းသွားလေသည်။

"သူ ဘယ်ကိုသွားတာလဲ"

မေဂျာစမစ်က မေးသည်။

"သူနေတဲ့နေရာက အောက်ဘက်မှာရှိတယ်"

"မင်း ဘယ်လိုသိသလဲ"

"အဲဒီနေရာကို တစ်ခေါက်ရောက်ခဲ့ဖူးတယ်"

"ဒါဖြင့် လမ်းပြပြီးတော့ ရှေ့ကသွားပေတော့၊ မဟုတ်ရင်တော့ ဒီနေရာမှာတင် သေဖို့သာ ပြင်ပေတော့"

ဟု သေနတ်ဖြင့် ချိန်ရင်းပြောသည်။

ထို့နောက် နီမောင်က ရှေ့မှလမ်းပြပြီး သွားရာ နောက်မှလိုက်ကြလေသည်။ ယခုကဲ့သို့ အချိန်မရှိသောအခါတွင် လူသူမနီးသော ထိုနေရာမျိုးကို လာကြရခြင်းမှာ အန္တရာယ်များကြောင်း ဂေါ်ရခါးစစ်သားများက မသိသော်လည်း ဒေသခံများက သိကြလေသည်။

သို့ကြောင့် ဇမုန်းထန်နှင့် ရှမ်းစစ်သားလေးယောက်တို့က မျက်စိမျက်နှာ ပျက်နေကြတော့သည်။

တောင်ကြားထိပ်ရောက်တော့ အောက်ဘက်သို့ ဆင်းကြလေသည်။

ထိုနေရာရောက်သည်အထိတော့ အန္တရာယ်များနှင့် မတွေ့ကြရသေးပေ။

အောက်သို့ရောက်တော့ တစ်နေရာမှ ရပ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ကြရသည်။

"အဲဒါ ခင်ဗျားတို့ ရှာနေတဲ့ ဆောင်တော်ကူးကဝေပဲ"

နီမောင်က ပြောနေစဉ်မှာပင် မနီးမဝေးမှာ ရပ်နေသော အမျိုးသမီးက ဂူပေါက်တစ်ခုအတွင်းသို့ ဝင်သွားလေသည်။

လှမ်းကြည့်လိုက်တော့ ထိုဂူပေါက်အတွင်းမှ မီးရောင်များ ထွက်နေသည်ကို လှမ်းမြင်ကြရသည်။

ထို့ကြောင့် သေနတ်များကို အဆင်သင့်ပြင်ပြီးနောက် ထိုဂူပေါက်ရှိရာသို့ သွားကြလေသည်။

မီးရောင်များထွက်နေသော ဂူပေါက်မှာ အခြားတော့ မဟုတ်ပေ။ အတွင်း၌ နတ်ရုပ်တုပွေပါင်းများစွာရှိသော နတ်တစ်ထောင်ဂူပင် ဖြစ်လေသည်။

ဂူပေါက်ဝသို့ရောက်ပြီး လှမ်းကြည့်လိုက်တော့ အတွင်းဘက်၌ နတ်ရုပ်တုများရှေ့၌ ဆီမီးများထွန်းနေသော အဖွားကြီးတစ်ယောက်ကို တွေ့ကြရလေသည်။

နီမောင်တို့ တစ်ခါက တွေ့ခဲ့ရသော ဒေါ်မင်းဘုံဆိုသော အဖွားကြီးပင်ဖြစ်သည်။ နီမောင်ကတော့ အခြေအနေကို မြင်ရုံနှင့် သဘောပေါက်သွားလေသည်။

ဒေါ်မင်းဘုံက တစ်ကိုယ်လုံး အဝတ်နက်ကြီးကို ခြုံထား လေသည်။

သို့ကြောင့် မေဂျာစမစ်နှင့် ဇမှန်းထန်တို့က ဆောင်





တော်ကူးကဝေဟုပင် ထင်မှတ်သွားကြလေသည်။ သူတို့ ဝင်လာတာသိသော်လည်း ဒေါ်မင်းဘုံက တစ်ချက်ကလေးမှ လှည့်မကြည့်ပဲ မီးခွက်များကို ဆက်လက်မီးထွန်းနေလေသည်။

"မလှုပ်နဲ့၊ ခင်ဗျားက ဆောင်တော်ကူးကဝေ မဟုတ်လား"

ဇမှန်းထံကမေးတော့မှ သူတို့ဘက်သို့ လှည့်လာသည်။

"နင်တို့က ဆောင်တော်ကူးကဝေကို ရှာနေကြတာလား၊ အဲဒီလိုဆိုရင်တော့ ငါက ဆောင်တော်ကူးကဝေပဲ"

"ဒီလိုဆိုရင်တော့ ခင်ဗျားကို အခုပဲ ဖမ်းခေါ်သွားရလိမ့်မယ်"

"ဘာကြောင့် ငါ့ကိုဖမ်းကြတာလဲ၊ ငါဖာသာ ဒီမှာ အေးအေးနေတာပဲ"

"ခင်ဗျားက လူတွေကို လိုက်သတ်နေလို့ ဖမ်းတာပဲ"

"ငါ သတ်တာကိုတော့ ပြောတယ်၊ အသတ်ခံရတဲ့လူတွေ ယုတ်မာကြတာကိုရော ထည့်မပြောတော့ဘူးလား၊ သူတို့ကျူးလွန်တဲ့ အပြစ်တွေက သူတို့အသက်နဲ့ လျော်ကြေးပေးမှ တရားမျှတမှာပေါ့၊ နင်တို့က လူကကျားကိုသတ်တော့ အမဲလိုက်တာဆိုပြီး အပြစ်မရှိဘူးပြောတယ်၊ ဒါပေမယ့် ကျားကတော့ အသက်သေပေးရတယ်"

ထိုသို့ပြောတော့ ဇမှန်းထန်မှာ ဘာပြန်ပြောရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိတော့ပဲ ရှိနေလေသည်။

“ကျားက လူကိုပြန်သတ်တော့ ရက်စက်တဲ့ကျားဆို ပြီး နည်းအမျိုးမျိုးနဲ့ ဝိုင်းသတ်ဖို့ ကြိုးစားကြပြန်ရော၊ အခု နင်တို့လည်း အဲဒီလိုဖြစ်နေကြတယ်၊ မိန်းကလေးတွေကို ဖျက်ဆီးတာကျတော့ ခလေ့ထုံးစံအရ တော်ကောက်တာလို့ ပြောတယ်၊ မကျေနပ်လို့ ပြန်သတ်တော့ အပြစ်ရှိတယ်ပြော ပြီး အပြစ်ပေးချင်ကြပြန်တယ်၊ ကျားက သူ့အသက်အတွက် လူ့အသက်ကို လျော်ကြေးပြန်ယူတယ်၊ ငါတို့ကလည်း မိန်း ကလေးတွေရဲ့ အရှက်အတွက် နင်တို့လို လူယုတ်မာတွေရဲ့ အသက်ကို ပြန်ယူတာ တရားပါတယ်”

ဒေါ်မင်းဘုံက အေးအေးဆေးဆေးပင် ပြန်ပြောလေ သည်။ ထိုအခါ မေဂျာစမစ်က ဝင်ပြောသည်။

“ဒီမှာ ခင်ဗျားဘာတွေပြောနေတယ်ဆိုတာ ကျုပ်မ သိဘူး၊ အခု ရှမ်းပြည်နယ်သာ မကဘူး၊ ဗမာပြည်တစ်ပြည် လုံးကိုပါ ကျုပ်တို့ လူမျိုးတွေက သိမ်းပိုက်ထားပြီးပြီ၊ ကျုပ်တို့ရဲ့ အုပ်ချုပ်မှုအောက်မှာ အခုလို မငြိမ်မသက်ဖြစ်အောင် လုပ် တာမျိုးတွေကို မနှစ်သက်ဘူး၊ ဒါကြောင့် ခင်ဗျားကို ဖမ်းရ လိမ့်မယ်၊ ဒါကြောင့် အေးအေးအဖမ်းခံပါ”

“နင်တို့က လက်နက်အားကိုးနဲ့ ဗမာတစ်ပြည်လုံး သိမ်းပိုက်ထားတယ်ဆိုရင် နင်တို့အားကိုးတဲ့ လက်နက်တွေနဲ့ ငါ့ကိုပဲ ရအောင်ဖမ်းကြပါဦး”

ဟု ပြောပြောဆိုဆိုနှင့်ပင် ထိုနေရာမှ ဖျတ်ခနဲ





ပျောက်သွားလေသည်။

သို့ကြောင့် မျက်လုံးပြူးသွားကြသည်။ နေရာအနှံ့ ဘိုက်ရှာနေကြစဉ် တစ်နေရာမှ ဒေါ်မင်းဘုံ၏ အသံကို ကြားကြရသည်။

“ငါ ထွက်မပြေးပါဘူး ဒီမှာရှိပါတယ်၊ ဒီကို လာ ဖမ်းကြလေ”

အသံကြားရာသို့ လှမ်းကြည့်လိုက်တော့ မနီးမဝေး ၌ရပ်နေသော ဒေါ်မင်းဘုံကို မြင်ရသဖြင့် မေဂျာစမစ်က သေနတ်ဖြင့် လှမ်းပစ်လိုက်သည်။

“ချောက် . . ချောက်”

တချောက်ချောက်ဖြင့် အသံမြည်နေပြီး ကျည်ဆံမ ထွက်ပေ။

သို့ကြောင့် ဂေါ်ရခါး စစ်သားတစ်ယောက်ထံမှ သေ နတ်ကို ဆွဲယူပြီး ပစ်တော့လည်း တချောက်ချောက်နှင့်သာ ဖြစ်နေပြီး ကျည်ဆံမထွက်ပြန်ပေ။

သို့ကြောင့် လူအားဖြင့် ဝိုင်းဖမ်းရန် ရှေ့သို့တိုးသွား ကြရာ အနားရောက်တော့ ပျောက်သွားပြန်သည်။

ဤသို့ဖြင့် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် ဝင် လိုက်သွားကြရာ အတွင်းဘက်သို့ ရောက်သွားကြလေသည်။

ထိုကဲ့သို့ အတွင်းပိုင်းသို့ ရောက်သွားသော အခါမှာ တော့ ဒေါ်မင်းဘုံကို မတွေ့ရတော့ပဲ ပျောက်ခြင်းမဲ့ ပျောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသံလည်း မကြားရတော့ပေ။

ဒေါ်မင်းဘုံ၏ အသံကို မကြားရသော်လည်း အခြား အသံများကိုတော့ ကြားလာရသည်။

သူတို့ဝင်လာသော ဂူပေါက်ဝဘက်မှရော အတွင်းဘက်မှပါ အသံမျိုးစုံတို့ ကြားလာရခြင်း ဖြစ်သည်။

“ဘာသံတွေလဲ”

“သရဲသဘက်တွေရဲ့ အသံတွေ ဖြစ်မယ်ထင်တယ်”

ဇမုန်းထန်က ကြောက်ရွံ့ထိတ်လန့်နေသော အသံဖြင့် ပြောလိုက်သည်။

ထိုသို့ပြောနေကြစဉ် ဂူအတွင်းပိုင်းမှ မည်းမည်း သဏ္ဌာန်များ ထွက်လာကြလေသည်။

နဂါးနှင့်တူသော မြွေတစ်ကောင်၊ ဘီလူးနှင့်တူသော လူမည်းကြီးတစ်ယောက်နှင့် ဆန်ကောအရွယ်အစား လောက်ကြီးသော ပင့်ကူနက်ကြီးတစ်ကောင်တို့ ဖြစ်ကြလေသည်။

ဂူအတွင်းပိုင်းမှ ထိုသတ္တဝါသုံးကောင် ထွက်လာသလို အပြင်ဘက်မှလည်း တင်းပုတ်ကိုင်ထားသော ဂမ္ဘသေယျနတ်ဆိုးက ဝင်ရောက်လာလေသည်။ ခန္ဓာကိုယ် အရွယ်အစားက ကြီးလှသောကြောင့် ဂူထဲမှာ ပြည့်နေလေသည်။

ဂူအတွင်းပိုင်းမှ ထွက်လာသော သတ္တဝါသုံးကောင်ကတော့ မြေအောက်ခန်းအတွင်းမှ တက်လာကြခြင်း ဖြစ်လေသည်။





ဇမုန်းထန်တို့ကတော့ မမျှော်လင့်ပဲ ကြောက်စရာကောင်းသော အန္တရာယ်များနှင့် တွေ့သောအခါ များစွာ ထိတ်လန့်သွားကြလေသည်။

ထိုသတ္တဝါများက ရှေ့သို့ တဖြည်းဖြည်းတိုးလာကြသဖြင့် သေနတ်များဖြင့် ပစ်ကြလေသည်။ သေနတ်သံများက တပြိုင်နက်တည်း ပေါ်ထွက်လာသောကြောင့် ဂူတစ်ဂူလုံး သိမ့်သိမ့်တုန်သွားလေတော့သည်။

သို့သော် သတ္တဝါများက ဘာမှမဖြစ်ပဲ ရှေ့သို့ တိုးမြဲ တိုးလာကြလေသည်။

သို့ကြောင့် သေနတ်များဖြင့် ပစ်ခတ်ရင်း ဂူပေါက်သို့ ပြန်ထွက်ရန် ပြင်ကြသည်။

သို့သော် အခွင့်မသာကြတော့ပေ။

သူတို့ ဝင်လာသော ဂူပေါက်ဝမှာတော့ တင်းပုတ်ကိုင်ထားသော ဂမ္ဘသေယျနတ်ဆိုးက စောင့်နေသည်။

အနားရောက်လာသော လူများကို တင်းပုတ်ဖြင့် ရိုက်ထုရာ ရှောင်နိုင်သူက ရှောင်ပြေးကြပြီး မရှောင်နိုင်သူက တင်းပုတ်နှင့် အထုခံရသောကြောင့် အသက်သေဆုံးကြလေသည်။

ထွက်ပေါက်တွင် ထင်းပုတ်နှင့် အထုခံရသဖြင့် အတွင်းပိုင်း ဝင်ပြေးပြန်တော့လည်း အတွင်းပိုင်းမှ ထွက်လာသော ပင့်ကူ၊ နဂါး၊ ဘီလူးတို့ လက်ချက်ကြောင့် သေကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှာတော့ သေနတ်သံများအပြင် အော်သံဟစ်သံများဖြင့် ဆူညံနေတော့သည်။

ထိုဂူထဲ ရောက်နေကြသူတို့မှာ ငရဲခန်းထဲ ရောက်နေကြသကဲ့သို့ ဘယ်နေရာသွားသွား မလွတ်နိုင်ပဲ မိစ္ဆာများ လက်ချက်ဖြင့် အသက်ထွက်ကြရလေသည်။

ဧင်းတို့နှင့်ပါလာသော နီမောင်ကတော့ အန္တရာယ်များကြားမှာ မိမိအသက်အန္တရာယ်ဘေးကို ကြည့်ပြီး ရှောင်တိမ်းပေးနေရလေသည်။

အတွင်းမှထွက်လာသော သတ္တဝါများကလည်း အခြားသူများကိုသာ တိုက်ခိုက်သော်လည်း နီမောင်နှင့် တွေ့သောအခါမှာတော့ မတိုက်ခိုက်ပဲ ရှောင်သွားကြသည်။

တစ်ကြိမ်မှာတော့ တင်းပုတ်ကြီးကိုင်ကာ တွေ့သမျှလူကို လိုက်ထုနေသော ဂမ္ဘသေယျနတ်ဆိုးက သူ့ရှေ့တည့်တည့် ရောက်လာလေသည်။

ဘယ်လိုနည်းနှင့်မှ ရှောင်မလွတ်တော့ပေ။

ဂမ္ဘသေယျနတ်ဆိုးက နီရဲနေသော မျက်လုံးဖြင့် သူ့ကိုကြည့်ပြီး တင်းပုတ်ကို မြှောက်လိုက်လေသည်။

နီမောင်ကတော့ မျက်စိမှိတ်ကာ ဘုရားတရားအာရုံပြုထားလိုက်ပေတော့သည်။

သို့သော် တင်းပုတ်ထုသံ 'ဒုန်း'ခနဲ ကြားလိုက်ရသော်လည်း ဘာမှမဖြစ်သောကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။

သူကနံဘေးရောက်နေသော ဂေါ်ရခါးစစ် သားတစ်ယောက်မှာ တင်းပုတ်စာမိပြီး သေဆုံးနေသည်ကို တွေ့ရလေသည်။

ဂမ္ဘသေယျနတ်ဆိုးကတော့ သူ့ကိုကျော်ခွပြီးနောက် အခြားလူများကို လိုက်လံထုလိုက်လေသည်။

ဂူအတွင်းမှာတော့ အော်သံဟစ်သံများ ကြောက်လန့်တကြားအော်သံများဖြင့် ဆူညံနေတော့သည်။

အချို့မှာ သတ္တဝါများလက်ချက်ကြောင့်သော်လည်းကောင်း အချို့မှာ ဂမ္ဘသေယျနတ်ဆိုး၏ တင်းပုတ်ချက် ထိ၍သော်လည်းကောင်း သေဆုံးသွားကြလေသည်။ ဂူကြမ်းပြင်ပေါ်မှာတော့ သေဆုံးနေသောအလောင်းများက နေရာအနှံ့တွင် ရှိနေကြသည်။

အသက်မသေပဲ ကျန်သူဆိုလို့ နီမောင် မေဂျာစမစ်၊ ဗမုန်းထန်တို့လောက်သာ ကျန်တော့သည်။ သူတို့အပြင် အခြားကျန်နေသေးသော နှစ်ယောက်သုံးယောက်တို့မှာလည်း အမှောင်ထဲတွင် အသက်ဘေးမှ လွတ်စေရန် ပြေးလွှားနေကြလေတော့သည်။

မေဂျာစမစ်မှာလည်း ပါလာသော သေနတ်များဖြင့် တွေ့သမျှ ပစ်ခတ်နေလေရာ နောက်ဆုံး ကျည်ဆံကုန်တော့ ရပ်သွားပြီး ဂူပေါက်ဝမှ အပြင်ပြန်ထွက်နိုင်ရန် ကြိုးစားနေလေသည်။ သို့သော် အခွင့်မသာသေးပေ။

နီမောင်ကတော့ သူ့ကို ဂမ္ဘသေယျနတ်ဆိုးက အန္တရာယ်မပေးမှန်း သိသောအခါ ထိုနေရာမှပင် အပြင်ပြန်







www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင် ထွက်လေသည်။

အပြင်ရောက်သောအခါ ဂူပေါက်ဝနှင့် မနီးမဝေးမှာ ရပ်နေသော သင်္ဘောက်တစ်ခုကို တွေ့ရလေသည်။

တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားပြီး ဆံပင်ရှည်များက လေထဲမှာ လွင့်နေလေသည်။

နီမောင်က ထိုနေရာရောက်သွားတော့ ထိုနေရာတစ်ဝိုက်မှာ ဆောင်တော်ကူးပန်းရနံ့များ ရလေသည်။

"အော် . . ဆောင်တော်ကူးကဝေက ဒီမှာရောက်နေတာကိုး"

ဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

သို့သော် အနားရောက်သွားတော့မှ သူထင်သလို မဟုတ်မှန်း သိရတော့သည်။

ရပ်နေသောသူမှာ အခြားမဟုတ်ပေ။

မြနှင်းဖြူပင် ဖြစ်သည်။

မြနှင်းဖြူကို တွေ့ရသဖြင့် စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားသည်။

"ငါက နင့်ကို ဆောင်တော်ကူးကဝေမှတ်လို့ လန့်သွားတာပဲ၊ ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"အစ်ကို့ကို စိတ်မချလို့ လိုက်လာတာပါ၊ အဖေတို့တော့ နောင်မွန်ရွာက ဒေါ်မင်းဖေတို့ သုံးယောက်ကို ကယ်လာခဲ့ပြီ၊ အဖေက အစ်ကို့ကိုစိတ်မချလို့ လိုက်ကြည့်ခိုင်းတာနဲ့ ကျွန်မ လိုက်လာတာပါ"





"ဒီလို အချိန်မတော်ကြီးမှ တစ်ယောက်တည်းလာတာ မကြောက်ဖူးလား"

"မကြောက်ပါဘူး၊ ဒီအချိန်မျိုးမှာမှ တခြားလူတွေ အပြင်မထွက်ကြတော့ သွားရလာရတာ ပိုပြီးကောင်းတာပေါ့"

"သရဲတစ္ဆေတွေ နှောက်ယှက်မှာ မကြောက်ဘူးလား"

"သရဲတစ္ဆေတွေက လူကောင်းတွေကို မနှိပ်စက်ကြပါဘူး၊ ဒါထက်အစ်ကိုခေါ်သွားတဲ့သူတွေ သူတို့ဖမ်းချင်တဲ့ ဆောင်တော်ကူးကဝေကို တွေ့ကြသေးသလား"

"ဆောင်တော်ကူးကဝေလား ဘာလားတော့ မသိဘူး၊ တို့နှစ်ယောက်သွားတုန်းက တွေ့ခဲ့တဲ့ ဒေါ်မင်းဘုံတော့ တွေ့ခဲ့ရတယ်၊ ဆောင်တော်ကူးကဝေဆိုတာ သူပဲဖြစ်မှာပေါ့"

"ဒါထက် သူနဲ့တွေ့တော့ ဘာတွေဖြစ်ကုန်ကြသလဲ"

နီမောင်က ဂူအတွင်းမှာကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို သိသလောက် ပြန်ပြောပြလိုက်လေသည်။

"ဒါကတော့ သူတို့က သူတစ်ပါးတွေအပေါ် မကောင်းတဲ့စိတ်နဲ့ မကောင်းတာလုပ်မှတော့ မကောင်းတဲ့ဘေးအန္တရာယ်တွေနဲ့ပဲ ကြုံတွေ့ရတာ မဆန်းပါဘူး၊ ကျွန်မပြောတာ မမှန်ဘူးလား"

"ဘာကိုပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းဆိုးဝါး တစ္ဆေသရဲတွေက လူကောင်းတွေကို အန္တရာယ်မပေးကြဘူး ဆိုတာလေ၊ အခု အစ်ကိုတင်ယောက်တည်း ပြန်ထွက်လာနိုင်တာ ကြည့်ပါလား"

နီမောင်လည်း ဘာမှပြန်မပြောတော့ပေ။

နတ်တစ်ထောင်ဂူရှိသော နေရာဘက်မှာတော့ ဆူဆူညံညံအသံများ ပေါ်ထွက်နေဆဲပင်။

နီမောင်နှင့် မြနှင်းဖြူတို့က တောရွာရှိရာဘက်သို့ ပြန်ခဲ့ကြလေတော့သည်။





# အခန်း ( ၁၅ )

# ချစ်ခြင်းရနံ့တို့ သင်းပျံ့စေ

ထိုကိစ္စများ ဖြစ်ပျက်ခဲ့ပြီးသည့် နောက်ပိုင်းမှာတော့ ရှမ်းပြည်နယ်အတွင်း၌ စော်ဘွားများ၊ မြို့စားနယ်စားများနှင့် ငွေခွန်မှူးများတို့မှာ မိန်းမပျိုလေးများကို အဓမ္မ သိမ်းပိုက်ခြင်းမျိုး သိပ်မလုပ်ဝံ့ကြတော့ပေ။

အချို့ကလည်း မယုံကြည်သဖြင့် ဇွတ်တိုး လုပ်ကြသေးသည်။ ထိုသူတို့မှာလည်း အခေါ်ဆိုးနှင့် သေကြရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နောက်ထပ် မပြုလုပ်ဝံ့ကြတော့ပေ။

စော်ဘွားများမှာ သူတို့နှိမ်နင်း၍ မရသောအခါ ရှမ်းပြည်နယ် ဥတ္တရတိုင်း ဝန်ရှင်တော်မင်းကြီးထံသို့သော်လည်းကောင်း၊ ဒက္ခိဏတိုင်း ဌာနချုပ်နှင့် နိုင်ငံရေးအရာရှိများထံသို့သော်လည်းကောင်း၊ ဒက္ခိဏတိုင်း အုပ်ချုပ်သော မျက်နှာဖြူအရာရှိများထံ အကူအညီ တောင်းခံကြသည်။

ထိုကိစ္စအတွက် ဦးစွာရောက်လာသော မျက်နှာဖြူတပ်ဖွဲ့မှာ မေဂျာစမစ် ခေါင်းဆောင်သော အဖွဲ့ဖြစ်သည်။

ဂုဏ်းတို့လည်း တစ်ယောက်မှ အသက်ရှင်လျက်နှင့် ပြန်ရောက်မလာကြပေ။

သို့ကြောင့် နောက်ထပ် လူလွှတ်ပြီး လိုက်လံစုံစမ်းရှာဖွေသောအခါ မိုင်းသုံတောင်ခြေတစ်ဝိုက်၌ရှိသော နတ်တစ်ထောင်ဂူရှိသောတောင်ကြားတစ်နေရာတွင် အလောင်းများကို ပြန်တွေ့ရလေသည်။

လိုက်လံရှာဖွေသူများကတော့ တော်လှန်ရေးသမားများ တိုက်ခိုက်ခံရသဖြင့် သေကြေပျက်စီးရသည်ဟု ထင်ကြသည်။

သို့သော် ထူးခြားသောအချက်မှာ ဂုဏ်းတို့ သေဆုံးနေသော်လည်း ဂုဏ်းတို့ကိုင်ဆောင်သော သေနတ်များမှာ သူတို့နှင့် ပြန်တွေ့ကြရခြင်းပင်ဖြစ်သည်။

"သူပုန်တွေဆိုရင် ဘယ်နည်းနဲ့မဆို သေနတ်တွေ ယူသွားမှာပဲ၊ အခု သေနတ်တွေမယူပဲ ထားခဲ့တယ် ဆိုတော့





အံ့သြစရာပဲ"

ဟု ခေါင်းဆောင်လာသော မျက်နှာဖြူအရာရှိက ပြောသည်။

"သူပုန်တွေလက်ချက် မဟုတ်ရင်တော့ . . ဆောင်တော်ကူးကဝေ လက်ချက်ကြောင့် သေရတာ ဖြစ်မှာပါ"

ဒေသခံတစ်ဦးက ပြောပြသည်။

"ဆောင်တော်ကူးကဝေဆိုတာ သူပုန်အဖွဲ့လား၊ လူအင်အား ဘယ်လောက်များသလဲ"

"ဆောင်တော်ကူးကဝေဆိုတာ သူပုန်အဖွဲ့ မဟုတ်ပါဘူး၊ မိန်းမတစ်ယောက်ပါပဲ"

"အိုး . . မိုင်ဂေါ့၊ မိန်းမတစ်ယောက်က ဒီစစ်သားတွေကို သတ်နိုင်သလား မယုံနိုင်စရာပဲ၊ သူ့မှာ ဘယ်လိုအစွမ်းမျိုးတွေ ရှိသလဲ"

"ကဝေအတတ်မျိုး ရှိပါတယ်"

"ကဝေဆိုတာ ဘယ်လိုမျိုးလဲ"

"မြူစားတတ်တဲ့ အတတ်မျိုး ရှိပါတယ်"

"သူက ဘယ်နေရာမှာ ရှိသလဲ"

"ဒီနားတစ်ဝိုက်က ဂူတွေထဲမှာ နေတယ်လို့ သတင်းကြားပါတယ်"

ဒေသခံက ထိုသို့ပြောသဖြင့် လိုက်လံရှာဖွေရင်းနှင့် နတ်တစ်ထောင်ဂူရှိသောနေရာသို့ ရောက်လာကြသည်။

တလောက တိုက်ပွဲများဖြစ်ခဲ့သဖြင့် ဖရိုဖရဲဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောဂူနှင့် နတ်ရုပ်များမှာ ယခုတော့လည်း နေသားတကျ ပြန်ဖြစ်နေကြလေသည်။

ယခင်နှင့် မထူးခြားသော်လည်း ထူးခြားမှုတစ်ခုတော့ ရှိနေသည်။ ယခင်က အတွင်းပိုင်းမှာရှိနေသော ဂမ္ဘာဘေယျ နတ်ဆိုးရုပ်မှာ ဂူပေါက်ဝသို့ ရောက်နေခြင်း ဖြစ်သည်။ တင်းပုတ်ထမ်းလျက် ဂူပေါက်ဝ၌ ရပ်နေသည်။

"ဒီအရုပ်က ဆောင်တော်ကူးကဝေလား"

"ဒါက အစောင့်ရုပ် ဖြစ်ပါတယ်"

"အတွင်းဝင်ကြည့်ရအောင်"

ထိုသို့ပြောပြီး မျက်နှာဖြူ အရာရှိက ဓရှ့မှဦးဆောင်ပြီး ဝင်ကြသည်။ စုစုပေါင်း (၁၀)ယောက်ခန့်ဖြစ်သည်။

သူတို့ဝင်ရသည်မှာ လွယ်လွယ်တော့ မဟုတ်ပေ။

တင်းပုတ်ထမ်းထားသော ဂမ္ဘာဘေယျနတ်ရုပ်ဘေးမှ ဝင်ကြရခြင်း ဖြစ်သည်။

တစ်ယောက်ပြီးတစ်ယောက် ဝင်ကြရာ နောက်ဆုံးမှ ဝင်သူအလှည့် ရောက်သည်နှင့် 'ဒုန်း'ခနဲ အသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ထိုလူမှာ မြေပေါ်မှာ သေဆုံးနေလေသည်။ အနီးရောက်အောင် သွားကြည့်တော့ စေ့စေ့ ညက်ညက်ကြေကာ သေနေခြင်း ဖြစ်သည်။

"သူ့ကို ဘယ်သူသတ်လိုက်တာလဲ"

ခေါင်းဆောင်က မေးသော်လည်း ဘယ်သူမှ ပြန်မဖြေနိုင်ကြပေ။ မဖြေဝံ့ကြသဖြင့် ငြိမ်နေကြသည်။





ပတ်ဝန်းကျင် အခြေအနေကြည့်တော့လည်း ဘာမှ ထူးခြားမှု မတွေ့ကြရသဖြင့် ဂူတွင်းသို့ ဆက်ဝင်ကြည့်ကြသည်။

ဂူအတွင်းပိုင်း ရောက်တော့လည်း နေရာအနှံ့ နတ်ရုပ်တုများသာရှိပြီး လူရိပ်လူခြေ မတွေ့ရသဖြင့် ပြန်ထွက်ကြသည်။

ထိုသို့ ပြန်ထွက်သောအခါမှာလည်း နောက်ဆုံးလူ အလှည့် ရောက်သောအခါ 'ဒုန်း'ခနဲ အသံကြားရပြန်သဖြင့် လှည့်ကြည့်လိုက်သောအခါ နောက်ထပ်တစ်ယောက် သေနေပြန်သည်။

"ဒီအရုပ်က သတ်တာဖြစ်မယ်"

ထိုသို့ပြောပြီး ခေါင်းဆောင်လာသူက သေနတ်ဖြင့် ပစ်သည်။ ထိုသို့ပစ်သော်လည်း ရုပ်တုကြီးက ဘာမှမဖြစ်ပဲ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

ကျည်ကပ်ကုန်သွားပြီး ရပ်သွားတော့မှ ဂမ္ဘာသေယျ နတ်ဆိုးရုပ်တုထံမှ ရယ်သံလိုလို ကြားကြရသည်။

"ဟီး . . ဟီး . . ဟီး"

ထိုသို့ ကြားသဖြင့် ခေါင်းဆောင်ပင် ကျောစိမ့်သွားလေတော့သည်။

"ဗမာပြည်မှာရှိတဲ့ ကဝေမတွေ အတော်အစွမ်းထက်ကြတာပါလား၊ သူတို့မပြောနဲ့ သူ့တပည့်တွေကတောင် သေနတ်ပီးကြတယ်၊ ဒီအတိုင်းတော့ ဘာမှလုပ်လို့မရဘူး



www.burmeseclassic.com

www.burmeseclassic.com



သွားကြမယ်"

ထိုသို့ပြောပြီး သေဆုံးနေသော အလောင်းများကို မြှုပ်နှံပြီး ထိုနေရာမှ ထွက်လာကြသည်။ အတော်ဝေးဝေး ရောက်မှ စိတ်မသက်သာသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါမှာတော့ ဂူအပြင်ဘက်၌ ထွက်ရပ်နေပြီဖြစ်သော ဂမ္ဘသေယျ နတ်ဆိုးရုပ်ဆိုးရုပ်တုကို တွေ့ကြရသည်။

ထိုရုပ်တုက တင်းပုတ်ကိုင်ကာ နောက်မှလိုက်လာသကဲ့သို့ ထင်ရသဖြင့် ထိုနေရာမှ မပြေးရုံတမယ်၊ ပြန်ထွက်ခဲ့ကြရလေသည်။

နောက်ထပ်တော့ ထိုနေရာဘက်သို့ ဘယ်သူမှ မသွားဝံ့ ကြတော့ပေ။

ရှေ့၌ ရေးခဲ့သည့်အတိုင်း စော်ဘွားများ၊ နယ်စားမြို့စားနှင့် ငွေခွန်မှူးများသာမကပဲ သူတို့အားကိုးသော အင်္ဂလိပ်စစ်သားများပင် သေဆုံးခဲ့ရပြီး နောက်မှာတော့ အင်္ဂလိပ်တို့ကလည်း မိန်းမတစ်ယောက်အတွက် နောက်ထပ် စစ်သားများ အဆုံးရှုံး မခံချင်ကြတော့သဖြင့် စော်ဘွားများက အကူအညီတောင်းသော်လည်း နောက်ထပ်စစ်သားများ မလွှတ်ပေးတော့ချေ။

သို့ကြောင့် စော်ဘွားများလည်း မိန်းမပျိုများကို သဘောရှိသည့်အတိုင်း မသိမ်းပိုက်ဝံ့ကြတော့ပေ။

အကယ်၍ နှစ်သက်သဘောကျသဖြင့် သိမ်းပိုက်လိုလျှင် မိန်းကလေးနှင့်တကွ၊ မိဘဆွေမျိုးများကို ခွင့်တောင်းပြီး





တာယကာရှင် မိန်းကလေး သဘောတူကြည်ဖြူမှသာ လက်ထပ်သိမ်းပိုက်ကြသည်။

ဤသို့ဖြင့် အဓမ္မသိမ်းပိုက်မှုများ မရှိတော့သလောက် နည်းပါးသွားသောအခါ ဆောင်တော်ကူးကဝေသတင်းလည်း နောက်ထပ် မကြားကြရတော့ပေ။

ရွာလူကြီး ဇမုန်းထန်လည်း မရှိတော့သဖြင့် သာမိုင်းရွာသို့ လိုက်နေကြသော ဒေါ်မင်းဇာတို့ သုံးယောက်လည်း ရွာပြန်ရန် ပြင်ကြလေသည်။

ပြန်ကာနီးတော့ မစောမွန်က မေးသည်။

"ရှင်ကရော ကျွန်မတို့နဲ့အတူ လိုက်နေမှာလား"

"နေမှာပေါ့ကွာ၊ မင်းတို့လည်း လူနည်းစု ငါတို့ကလည်း လူနည်းစုပဲရှိတာ၊ အတူတူလိုက်နေမှာပေါ့၊ ကြီးမှ ပြန်တွေ့ရတဲ့ ငါ့သမီးနဲ့လည်း မခွဲချင်တော့ပါဘူး"

ဦးစိုင်းလုံ စကားကြောင့် မစောမွန်က အပြုံးရိပ်သန်းနေရင်းဖြင့် မျက်စောင်းတစ်ချက် ထိုးသည်။

"သမီး မခွဲနိုင်လို့ လိုက်နေတယ်ဆိုတော့ ကျွန်မနဲ့တော့ ခွဲနေနိုင်တယ်ပေါ့ ဟုတ်လား"

"မင်းကိုလည်း မခွဲနိုင်တော့ပါဘူး မစောမွန်ရယ်၊ ဟိုတုန်းက ကံအကြောင်းမလှလို့ ဝေးခဲ့ရပေမယ့် အခု ကံကောင်းလို့ ပြန်ဆုံခွင့်ရပြီးမှတော့ ခွဲပြီး မနေချင်တော့ပါဘူး"

ဟု ပြောလိုက်တော့မှ ကျေနပ်စွာ ပြုံးလိုက်လေသည်။

www.burmeseclassic.com



ထို့အတူပင် အခြေအနေမကောင်းသဖြင့် ဦးစိုင်းလုံ ခေါ်ရာနောက်သို့ လိုက်လာသော စောရန်နောင်လည်း အခြေအနေ အေးချမ်းသွားသောအခါ နေရပ်သို့ပြန်ရန် ပြင်ရလေသည်။

ထိုအိမ်မှာလိုက်နေစဉ် ကာလအတွင်း မြကေသီနှင့် နီးနီးကပ်ကပ်နေခဲ့ရာ တစ်ယောက်အကြောင်း တစ်ယောက် အကဲခတ်မိသလို တစ်ယောက်သဘောကို တစ်ယောက်က ရိပ်မိနေကြပြီ ဖြစ်၏။

တစ်ညမှာတော့ အိမ်ရှေ့ဘက်တွင် ထွက်ထိုင်ရင်း မြကေသီက မေးသည်။

"ကိုစောရန်နောင် ရွာကိုပြန်တော့မလို့လား"

"ဟုတ်ပါတယ်၊ ဟော်နန်းလည်း မပြန်ချင်တော့လို့ နေရပ်ပြန်ပြီးပဲ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်ဖို့ စိတ်ကူးထားတယ်"

"ဗိုလ်မှူးရာထူးနဲ့ဆိုတော့ ဂုဏ်မရှိဘူးလား"

"ဂုဏ်တော့ရှိပါတယ်၊ ဒါပေမယ့် သူတပါး ခိုင်းစေတာမှန်သမျှ တရားတာရော မတရားတာရော အကုန်လုပ်ပေးရတယ်၊ ဘာမှ ငြင်းပယ်ပိုင်ခွင့် မရှိပါဘူး၊ ဂုဏ်ရှိသော်ငြားလည်း အကုသိုလ်များတဲ့ အလုပ်မျိုးတွေကို မလုပ်ချင်တော့ပါဘူး"

"ဟိုရောက်တော့ ဘာလုပ်မှာလဲ"

"ဘာမှတောင် မသိသေးပါဘူး၊ ထွက်ခဲ့တာလည်း ကြာပြီဆိုတော့ နေရာတွေတောင် ရှိပါတော့မလား မသိဘူး"

"ဒါဖြင့် ဟိုမှာ ဆွေမျိုးသားချင်းတွေ ကျန်ဦးမှာပေါ့နော်"

"အဖေရော အမေပါ မရှိကြတော့ပါဘူး၊ တခြား ဆွေမျိုးတွေ ရှိသော်လည်း တခြားစီ နေကြတာပါ"

"ဒါဖြင့်လည်း ဒီမှာပဲနေပြီး လုပ်ကိုင်စားသောက်ရင်ကော မရဘူးလား"

ထိုစကားကြောင့် စောရန်နောင်က မြကေသီကို အကဲခတ်သလို စာစ်ချက်ကြည့်လိုက်သည်။

"ဒီမှာ အသိမိတ်ဆွေ မရှိလေတော့"

"ကျွန်မတို့လည်း တတ်နိုင်သလောက်တော့ အကူအညီ ပေးနိုင်ပါတယ်၊ ကိုစောရန်နောင်က ကျွန်မတို့ကို အသိမိတ်ဆွေလို့ သဘောမထားလို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ မြကေသီတို့ကသာ လက်ခံမယ်ဆိုရင် ကျွန်တော်က ဒီမှာအမြဲနေချင်တာပါ"

ထိုစကားကြားတော့ မြကေသီက မျက်နှာလွှဲသွားသည်။

"ဒီလိုပြောတာ အခွင့်အရေးယူချင်လို့ မဟုတ်ပါဘူး၊ စိတ်ထဲမှာရှိတဲ့အတိုင်း ပြောတာပါ။ မြကေသီ လက်ခံပေးနိုင်မလား"

"ကျွန်မသဘောကို ခုထိမသိသေးဘူးလား၊ ကိုစောရန်နောင်ကို မပြန်စေချင်လို့ ပြောနေတယ်ဆိုတာတောင်







www.burmeseclassic.com

www.burmeseclassic.com



မရိပ်မိသေးဘူးလား”

“ဒီစကားကြားရတာ ဝမ်းသာလိုက်တာ မြကေသီ ရယ်၊ အခုမှပဲ စိတ်အေးရပေတော့တယ်၊ ဒါဖြင့် ကျွန်တော့်ကို လက်ခံပေးပြီပေါ့နော်၊ ကျွန်တော့်မေတ္တာကိုရော လက်ခံပေး နိုင်မှာလား”

“လူကိုတောင် လက်ခံပေးမှတော့ သူ့မေတ္တာကို လည်း စဉ်းစားပေးရမှာပေါ့”

ထိုအခါမှပင် စောရန်နောင်မှာ သဘောပေါက်သွား ပြီး အနားမှာထိုင်နေသော မြကေသီ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်လေသည်။ မြကေသီကလည်း မရုန်း မဖယ်ပဲ အပြုံးဖြင့် ကြည့်နေလေသည်။

၎င်းတို့နှစ်ယောက် ထိုင်နေသော ပတ်ဝန်းကျင်တွင် ဆောင်တော်ကူးပန်းရုံများ ရှိသဖြင့် ညအချိန်ရောက်လာ တော့ ပန်းရနံ့များက ကြိုင်လှိုင်လာလေသည်။

ဆောင်တော်ကူး ပန်းရနံ့များရတော့ စောရန်နောင် က တစ်စုံတစ်ခုကို သတိရသဖြင့် ပြောလိုက်သည်။

“ဆောင်တော်ကူး ပန်းရနံ့တွေ ရလာတယ်၊ မြကေ သီကို ချစ်ရေးဆိုနေလို့များ ဆောင်တော်ကူးကာဝေ ရောက် လာပြီလားမသိဘူး”

“အခုမှ ကြောက်နေပြီလား၊ အရင်ကတော့ ကျွန်မ ကိုတောင် ဆောင်တော်ကူးကာဝေလို့ ထင်နေခဲ့တာ မဟုတ် လား၊ တကယ်လို့ ကျွန်မက ဆောင်တော်ကူးကာဝေ ဖြစ်နေ





ရင်ကော ဘယ်လိုဆုံးဖြတ်မှာလဲ”

“ဆောင်တော်ကူးကာဝေပဲဖြစ်ဖြစ် ချစ်ကာဝေပဲဖြစ်ဖြစ် ကိုယ်ကတော့ တစ်သက်လုံး ချစ်သွားမှာပါပဲ”

ဟု ပြောဆိုကာ မြကေသီကိုယ်လေးကို ထွေးဖက် ထားလိုက်လေသည်။

ထိုအချိန်မှာတော့ လေနှင့်အတူပါလာသော ဆောင် တော်ကူးပန်းရနံ့များက သူတို့နှစ်ယောက်အတွက် ထိတ်လန့် ကြောက်ရွံ့စရာ မဟုတ်ပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၆ )

# အချစ်ကြိုးကလေး ချစ်သက်သေ

ဦးစိုင်းလုံတို့ နေအိမ်အတွင်း၌ လူစုံတက်စုံ ရှိနေကြလေသည်။ ဦးစိုင်းလုံ ဒေါ်မယ်သုံတို့နှင့်အတူ မြနှင်းဖြူလည်း ရှိနေသည်။ ထို့ပြင် နောင်မွန်ရွာမှ ရောက်နေကြသော ဒေါ်ခင်းဇာ၊ မစောမွန်နှင့် မြကေသီတို့လည်း ရှိကြသည်။

ဧည့်သည်အဖြစ် ရောက်နေသည့် စောရန်နောင်လည်း ရှိသည့်အပြင် ဦးဇန်ကောင်း၊ နီမောင်၊ စောထီး၊



www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင်တို့ပါ ရောက်နေကြသည်။

ဂုင်းတို့သည် ဦးစိုင်းလုံက ဆောင်တော်ကူးကဝေအ ကြောင်းကို ပြောပြမည်ဆိုသောကြောင့် စိတ်ဝင်စားစွာဖြင့် နားထောင်နေကြခြင်း ဖြစ်သည်။

"ကိုယ်နဲ့ပတ်သက်တဲ့လူတွေ ချည်းပဲဆိုတော့ အမှန် အတိုင်း ပြောပြပါ့မယ်၊ ဆောင်တော်ကူးကဝေဆိုတာ တခြား မှာမရှိပါဘူး။ ဒီအိမ်ထဲမှာပဲ ရှိပါတယ်"

ထိုစကားကြောင့် အားလုံး၏အကြည့်က မြနှင်းဖြူ ထံ ရောက်သွားကြသည်။ ထိုအချိန်တွင် အိပ်ခန်းထဲမှာပင် အမြဲနေ ဒေါ်မယ်သုံ ထွက်လာလေသည်။ အသက်(၆၀) ကျော်(၇၀)နီးပါး အရွယ်ခန့်ရှိပြီး အသားဖြူဖြူ ပိန်ပိန်ပါးပါးပင် ဖြစ်သည်။ ဒေါ်မယ်သုံက အပြင်မထွက်ပဲ အိမ်ထဲမှာပင် အနေများသဖြင့် တွေ့ဖူးမြင်ဖူးသူ နည်းကြသည်။

နီမောင်ကတော့ ဒေါ်မယ်သုံကိုမြင်တော့ စိတ်ထဲမှ အံ့ဩသွားမိလေသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်မယ် သုံ၏မျက်နှာမှာ နတ်တစ်ထောင်ဂူထဲမှာ တွေ့ခဲ့ရသော ဒေါ် မင်းဘုံမျက်နှာနှင့် တစ်ထေရာတည်း တူနေသောကြောင့် ဖြစ်သည်။

"ဆောင်တော်ကူးကဝေ နာမည်ခံပြီး မိန်းမပျိုတွေကို ဖျက်ဆီးနေတဲ့ လူလုတ်မာတွေကို သတ်ဖြတ်ပစ်နေတာ ကျွန် တော့်မိခင် ဒေါ်မယ်သုံပါပဲ"

"သူက ကဝေပညာ တတ်တာလား"





ဦးဗန်ကောင်းက ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"တတ်ပါတယ်"

"ဟိုး. . နတ်တစ်ထောင်ဂူမှာရှိတဲ့ ဒေါ်မင်းဘုံနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ဒေါ်မင်းဘုံနဲ့ ဒေါ်မယ်သုံက အမွှာညီအစ်မ ဖြစ်ကြ ပါတယ်၊ ဒေါ်မင်းဘုံကတော့ ကွယ်လွန်သွားတာ ကြာပါပြီ၊ နတ်တစ်ထောင်ဂူထဲမှာ တွေ့ခဲ့ကြတာက ကိုယ်ပွားဝိညာဉ် ဖြစ်ပါတယ်"

ထိုစကားကြားတော့မှ သဘောပေါက်သွားကြသည်။

"ဒေါ်မင်းဘုံသေတော့ သူ့ပညာတွေကို ကျွန်တော့် မိခင် ဒေါ်မယ်သုံကို လွှဲပေးထားခဲ့ပါတယ်"

"ဘာကြောင့် ဆောင်တော်ကူးကဝေအဖြစ်နဲ့ လူတွေ ကို သတ်တာလဲ"

"အမေရဲ့ ညီမတစ်ယောက်ကို စော်ဘွားက မတ ရားသိမ်းပိုက်ပြီးမှ စွန့်ပစ်ခံရလို့ အသက်သေခဲ့ရတယ်၊ ကျွန် တော့်ချစ်သူ (မစောမွန်ကို လက်ညှိုးထိုးပြပြီး) မစောမွန်ကို လည်း လက်ထပ်ယူတော့မယ့် အချိန်နီးတော့မှ စော်ဘွားက မတရား သိမ်းပိုက်သွားခဲ့တယ်၊ ကျွန်တော်နဲ့ရခဲ့တဲ့ ကလေး ကိုတောင် အခုမှ မြင်ခွင့်ရခဲ့ပါတယ်"

ဦးစိုင်းလုံစကားကြောင့် နားထောင်နေသူများမှာ စိတ်မကောင်းစွာဖြင့် သက်ပြင်းချလိုက်ကြသည်။

"ဒါကြောင့် အဖွား ဒေါ်မင်းဘုံမသေခင်က သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် ဆောင်တော်ကူးကဝေ နာမည်ခံပြီး မတရားလုပ်တဲ့သူတွေကို သတ်ဖြတ်ခဲ့တယ်၊ မစောမွန်ကို မတရားသိမ်းပိုက်ခဲ့တဲ့ စော်ဘွားကိုလည်း သတ်ဖြတ်ခဲ့တယ်"

အားလုံးကတော့ ခေါင်းညိတ်ပြကာ နားထောင်နေကြသည်။

"အဖွား ဒေါ်မင်းဘုံက သူ သေကာနီးတော့ အမေ့ကို ပညာတွေအားလုံး အပ်ပေးခဲ့သလို သူလုပ်ခဲ့တဲ့ တာဝန်တွေကိုလည်း အမေ့ကို လွှဲပေးခဲ့တာကြောင့် အခုနောက်ပိုင်း အမေက နာမည်သုံးပြီး ဆက်လုပ်ပေးနေခဲ့တာပါ"

ဟု ရှင်းပြတော့မှ သဘောပေါက်ကြလေသည်။

ဒေါ်မယ်သုံကတော့ ဖြူစင်အေးချမ်းစွာနှင့်ပင် အေးအေးဆေးဆေး ထိုင်နေလေသည်။

သူ့ကြည့်ရသည်မှာ ဆယ့်နှစ်ကြိုးကဝေတစ်ယောက်နှင့် မတူသလို ရက်စက်တတ်သော ဆောင်တော်ကူးကဝေနှင့်လည်း မတူလှပေ။

"အဖွားကရော မတရားလုပ်တဲ့သူတွေကို ဘယ်လိုသိနိုင်သလဲ"

ဦးဇန်ကောင်းက ထပ်မေးသည်။

"ရမ်းပြည်နယ်ထဲမှာတော့ ဘယ်နေရာမှာ မတရားလုပ်တော့မယ်ဆိုရင် ချက်ချင်း သိနိုင်ပါတယ်၊ အဲဒီနေရာကိုလည်း ချက်ချင်းရောက်အောင် သွားနိုင်ပါတယ်"

"ဒါထက် တစ်ခါက မိုင်းသုံတောင်ခြေမှာ မြနှင်းဖြူ





တစ်ယောက် အခြောက်အလှန့်ခံရတာ ဘာကြောင့်ပါလဲ"

"သူ့ရဲ့ ဘွားတော်ကြီး ဒေါ်မင်းသုံက အဲဒီနေရာမှာ ရှိတယ်လေ၊ သူရှိတဲ့နေရာကို သိစေချင်လို့ လာစေချင်လို့ တမင်လုပ်ခဲ့တာပါ"

ထိုစကားကြားတော့ ဒေါ်မင်းဘုံအလောင်းထားသော နေရာရောက်ကြသည်အထိ အစောင့်အရှောက်များက အန္တရာယ်မပေးကြသည်ကို သဘောပေါက်ကြရလေတော့သည်။

"အဘပြောတဲ့ ကဝေကြိုးဆက် ရှိတဲ့သူဆိုတာ တခြားသူမှမဟုတ်ပဲ၊ မြနှင်းဖြူ ဖြစ်နေတာကိုး"

နီမောင်က မှတ်ချက်ချသောအခါ မြနှင်းဖြူက ဝင်ပြောလေသည်။

"အဖွားတို့ကသာ ပညာတတ်ကြတာပါ၊ ကျွန်မကတော့ ဘာပညာမှ မတတ်ပါဘူးနော်"

ထိုစကားကြားတော့ အားလုံးပြုံးလိုက်ကြသည်။

ဒေါ်မယ်သုံက စကားပြန်ဆက်သည်။

"ငါလည်း အသက်ကြီးလာတော့ သေရမယ့်အချိန်နီးလာပြီ၊ ဒီလိုမကောင်းမှုမျိုးတွေလည်း မလုပ်ချင်တော့ပါဘူး"

"အခုလည်း မတရားမှုတွေကို မလုပ်ဝံ့ကြတော့ပါဘူး၊ လုပ်တဲ့လူတိုင်း သေကြတော့ နောက်လူတွေလည်း ကြောက်နေကြပါပြီ"

"လောကကြီးမှာ မတရားသဖြင့် နှိပ်စက်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိကြရင်တော့ အကောင်းဆုံးပေါ့၊ ငါတို့တတွေကလည်း မွေးရာပါ ဒီပညာတွေ ပါလာကြပေမယ့် တစ်ဖက်သားကို တော့ မတရားသဖြင့် မနှိပ်စက်ချင်ကြပါဘူး၊ မကောင်းတဲ့သူ တွေ ရှိနေတော့လည်း အခုလိုပဲ မလွှဲသာတော့ သုတ်သင် ရှင်းလင်းပစ်ရတာပဲပေါ့လေ”

ဟု အေးဆေးသော အသံမျိုးဖြင့် ပြောလိုက်လေသည်။ နောက်တော့ နေထိုင်ရေး ကိစ္စတို့ကို ဦးစိုင်းလုံက ပြောပြလေသည်။

“အမေ ကျွန်တော်က မစောမွန်တို့ကို စောင့်ရှောက် ပေးရမှာမို့ သူတို့နဲ့ လိုက်နေရမယ်၊ သမီး မြကေသီကလည်း သူ့ဟာနဲ့သူ နေရာကျသွားပြီဆိုတော့ စိတ်ပူစရာမရှိတော့ပါ ဘူး”

မြကေသီရော စောရန်နောင်ပါ ခေါင်းငုံ့ထားကြ သည်။

“သမီး မြနှင်းဖြူလည်း မကြာခင် စိတ်ချရမယ့် အနေ အထားမျိုး ရောက်တော့မယ် ထင်ပါရဲ့”

“အို အမေဖေကလဲ”

မြနှင်းဖြူ အမူအယာကိုကြည့်ပြီး အားလုံးက ရယ် လိုက်ကြသည်။ ပြီးမှ ဦးစိုင်းလုံက စကားပြန်ဆက်သည်။

“အမေလည်း ကျွန်တော်တို့နဲ့ တစ်ခါတည်းလိုက်ပြီး ဟိုမှာနေမယ် မဟုတ်လား”

“မင်းတို့တွေ အဆင်ပြေသွားကြပြီဆိုတော့ ငါလည်း





စိတ်အေးလို့ ရပါပြီ၊ ငါကတော့ မင်းတို့နဲ့ လိုက်မနေတော့ပါ ဘူး၊ ငါ့အကြောင်းတွေကို သိတဲ့လူတွေ သိသွားကြပြီဆိုတော့ လူတွေနဲ့ နီးနီးစပ်စပ်နေလို့ မသင့်တော့ဘူး၊ တစ်ချိန်ချိန်မှာ ငါတို့ကို ဒုက္ခပေးလာရင် သူတို့ အန္တရာယ် ဖြစ်ကြလိမ့်မယ်”

“ဒါဖြင့် အမေက ဘယ်မှာနေမှာလဲ”

“ငါ့အစ်မရှိတဲ့ နတ်တစ်တောင်ဂူမှာပဲ နေတော့မယ်၊ အဲဒီနေရာက ငါတို့အတွက် အကောင်းဆုံးပဲ၊ ညီအစ်မနှစ် ယောက်လည်း အတူတူနေရမယ်၊ လူတွေလည်း ငါတို့ကို အနှောက်အယှက် မပေးနိုင်ကြတော့ဘူးပေါ့ကွယ်”

ထိုစကားကြားတော့ ဦးစိုင်းလုံလည်း ဘာမှမပြော သာတော့ပဲ သက်ပြင်းချလိုက်လေသည်။

ထို့နောက် မိမိတို့ နေရပ်သို့ ပြန်ရန်ပြင်ကြသည်။

ဦးဗန်ကောင်း၊ နီမောင်၊ စောထီး ငမဲအောင်တို့က မိုင်းနောင်ရွာသို့ ပြန်ရန်ပြင်ကြသည်။

ဒေါ်မင်းဇာ၊ မစောမွန်၊ မြကေသီနှင့် စောရန်နောင် တို့က နောင်မွန်ရွာသို့ လိုက်သွားရန် ပြင်ကြသည်။

ဒေါ်မယ်သုံကလည်း နတ်တစ်တောင်ဂူသို့သွားရန် ပြင်နေသည်။ ထိုသို့ပြင်နေစဉ် မြနှင်းဖြူက နီမောင်အနီးသို့ ရောက်လာလေသည်။

“အစ်ကို ပြန်တော့မလို့လား”

“ကိစ္စတွေ ပြီးပြီဆိုတော့ ပြန်တော့မယ်လေ၊ မင်းရော နောင်မွန်ရွာကို လိုက်သွားတော့မှာ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရမှာပေါ့၊ ဒါပေမယ့် အဖွားကို နတ်တစ်ထောင်ဂူ လိုက်ပို့ပေးရဦးမယ်၊ အစ်ကိုပါ အဖော်လိုက်ခဲ့ဦးလေ၊ အပြန်ကျရင် ကျွန်မတစ်ယောက်တည်း ဘယ်ဖြစ်ပါ့မလဲ"

ဟု ပြောသဖြင့် နီမောင်လည်း စိတ်ထဲမှ ကြိတ်၍ ဝမ်းသာသွားပြီး ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်မှာတော့ အချင်းချင်း နှုတ်ဆက်ကြပြီး နောက် အလိုရှိရာ သွားကြလေတော့သည်။

နီမောင်နှင့် မြနှင်းဖြူတို့ နှစ်ယောက်လည်း ဒေါ်မယ်သုံအား နတ်တစ်ထောင်ဂူသို့ လိုက်ပို့ပေးကြသည်။

ထိုတောင်ကြားရောက်တော့ ညနေပိုင်းအချိန်ရောက်နေပေပြီ။ ဂူပေါက်ဝရောက်တော့ ထွက်ကြိုနေသော ဒေါ်မင်းဘုံကို ထပ်မံတွေ့ကြရသည်။

ထိုသို့ပို့ပေးပြီး ပြန်ထွက်လာသောအခါ အဖွားနှစ်ယောက်စလုံးက လက်ပြနှုတ်ဆက်ကာ ဂူအတွင်းသို့ ပြန်ဝင်သွားကြလေသည်။

နီမောင်နှင့် မြနှင်းဖြူတို့ နှစ်ယောက်သား တောင်ကြားမှ ပြန်တက်လာကြပြီး ပထမဆုံး ဆုံတွေ့ခဲ့သော နေရာရောက်တော့ နားကြသည်။

ထိုနေရာရောက်တော့ နီမောင်က မေးသည်။

"အဖွားက တစ်နေရာနဲ့ တစ်နေရာကို ခဏလေးနဲ့ရောက်အောင်သွားနိုင်တယ်လို့ပြောပြီး ဒီကိုလာတာကျတော့ ဖြေးဖြေးပဲလာတယ်"





"အစ်ကိုက လိုက်ပို့ပေးရလို့ စိတ်တိုနေလို့လား"

"မတိုပါဘူး၊ ဝမ်းသာနေတာ"

"ဘာဖြစ်လို့လဲ"

"မဟုတ်ရင် အခုလို နှစ်ယောက်တည်းတွေ့လို့ ဘယ်ရပါတော့မလဲ"

"အဖွားက ဘာကြောင့် တမင်ခေါ်လာတယ်ဆိုတာ သဘောပေါက်ပြီ မဟုတ်လား"

"သဘောပေါက်ပါပြီ၊ ကိုယ်တို့ နှစ်ယောက်ကို အတူသွားစေချင်လို့ ဖြစ်မှာပေါ့"

မြနှင်းဖြူက အပြုံးဖြင့် မျက်စောင်းတစ်ချက်ထိုးသည်။

"အဖွားတွေကရော အဖေကပါ သဘောတူလို့ စိတ်ချလက်ချ ထည့်လိုက်တာဆိုတော့ တစ်ခါတည်းပဲ ရွာကိုခေါ်သွားတော့မယ်"

"ဒီလိုခေါ်သွားရအောင် အစ်ကိုနဲ့ကျွန်မက ဘာဖြစ်ကြသေးလို့လဲ၊ အစ်ကိုဘက်က ဘာပြောသေးလို့လဲ"

ဒီတော့မှ သဘောပေါက်သွားလေသည်။

"အင်း ဟုတ်သားပဲ၊ ခေါ်သွားမယ်သာပြောတယ်၊ ချစ်စကား ကြိုက်စကားလည်း ဘာမှမပြောရသေးဘူး၊ မထူးတော့ပါဘူး၊ အခုပဲဖွင့်ပြောပါတော့မယ်၊ ကိုယ်က မြနှင်းဖြူကို မတွေ့ခင်ကတည်းက နှစ်သက်နေတာ၊ မေတ္တာရှိနေတာ၊ မြနှင်းဖြူက အစ်ကို့မေတ္တာကို လက်ခံပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

"ကျွန်မအပေါ်မှာရော သစ္စာရှိရှိနဲ့ တစ်သက်လုံး ချစ်သွားနိုင်မှာမို့လား"

"ချစ်သွားနိုင်ပါတယ်၊ သစ္စာပျက်ခဲ့ရင် ဆောင်တော်ကူးကဝေနဲ့ တွေ့ရပါစေ"

ထိုစကားကြောင့် မြနှင်းဖြူက သဘောကျစွာ ရယ်မောရင်း ပြန်ပြောသည်။

"ကျွန်မတာလည်း အစ်ကို့ကို စတွေ့ကတည်းက သဘောကျလို့ နောက်က တကောက်ကောက်နဲ့ ခေါ်တဲ့နေရာ လိုက်နေတာ အရပ်က လင်ရှိတဲ့အပျိုလို့တောင် ပြောနေကြပြီ"

ထိုစကားကြားတော့ နီမောင်က သဘောကျသဖြင့် မြနှင်းဖြူကိုယ်လေးကို ထွေးဖက်ထားလိုက်လေသည်။

သူမကလည်း မရှုန်းမဖယ်ပဲ နီမောင်ကို ပြန်ဖက်ထားလေသည်။

"ဒီနေရာမျိုးမှာ မိန်းကလေးတစ်ယောက်ကို ပိုင်ပိုင်နိုင်နိုင် ချစ်နေတယ်ဆိုပြီး ဆောင်တော်ကူးကဝေများ ရောက်လာဦးမလား မသိဘူး"

မြနှင်းဖြူက သဘောကျစွာဖြင့် တိုးတိုးရယ်လိုက်သည်။

"ဆောင်တော်ကူးကဝေဟာ မိန်းကလေးတွေက သဘောမတူရင်သာ ရောက်လာမှာပါ၊ ဒီအချိန်လောက်ဆိုရင်





နတ်တစ်ထောင်ဂူထဲက အဖွားနှစ်ယောက်က ကျေနပ်နေကြမှာပါ"

ထိုစကားကြောင့် ရင်ခွင်တွင်းမှ ချစ်သူကိုယ်လေးကို တင်းတင်းဖက်ထားလိုက်လေတော့သည်။

အချိန်က နေဝင်သွားပေပြီ၊ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း အမှောင်ရိပ်များ သမ်းစပြုလာသလို နှင်းမှုန်နှင်းဖွဲ့များ ကျလာသဖြင့် အေးစပြုလာသည်။

သူတို့နှစ်ဦး ရင်တွင်းမှာတော့ အချစ်ကြောင့် လင်းနေသလို နွေးထွေးမှုလည်း ဖြစ်နေကြလေသည်။

အချစ်ကြိုးကဝေ၏ စေခိုင်းမှုကြောင့် ချစ်သက်ဝေသတစ်ခုနှင့် ကြည်နူးမှုသာ ရှိကြပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဆောင်တော်ကူးကဝေ)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု သုခိအတ္တာနံ ပရိဟရန္တု

ကြည်စကြူ

ပြီးဆုံးချိန်။ ။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၈) ရက်၊ သောကြာနေ့ ညနေ (၃) နာရီ။

www.burmeseclassic.com